ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မိမိကိုယ်ကိုထုတ်နုတ်**

မမေ့မလျော့သော အပ္ပမာဒတရား၌ မွေ့လျော်ကြကုန်လော့။ မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော့။ ညွန်၌ ကျွံနစ်သောဆင်သည် မိမိကိုယ်ကို ညွန်ပျောင်းပျောင်းမှထုတ်သကဲ့သို့ သင်တို့သည် ကိလေသာ ညွန်ပျောင်းမှ မိမိကိုယ်ကိုထုတ်နုတ်ကြကုန်လော့။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၂၇)

၁၃၇၈ ခုနှစ် နယုန်လဆန်း ၅ ရက် သောကြာနေ့ | 10, Friday June 2016 | (၈၅၈၈)

# စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်

ရန်ကုန် ဇွန် ၉

**စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ သင်တန်းကျောင်းခန်းမ၌ သင်တန်းကျောင်း ကျောင်းအုပ်ကြီး Mr.Chong Chon Hsien နှင့် ဒုတိယကျောင်းအုပ် ဒေါက်တာဒေါ်မျိုးသီတာတို့က သင်တန်းကျောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။**



စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့ ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၊ စင်ကာပူသမ္မတနိုင်ငံ ပညာရေးဝန်ကြီး Mr. Ong Ye Kung နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က သင်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် စင်ကာပူနှင့်မြန်မာ နှစ်နိုင်ငံ ပညာရေးဝန်ကြီးများက သင်တန်းကျောင်း စာကြည့်တိုက် အနီး၌ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဟော်ဂနီပင်ကို အမှတ်တရ စိုက်ပျိုးပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်းကို သက်မွေးပညာရပ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များအား အထောက်အကူပြုနိုင်စေရန်၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ လုပ်ငန်းကဏ္ဍများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များတိုးမြှင့်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ဆရာ ဆရာမများနှင့် မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များအား လေ့ကျင့် သင်ကြားပေးနိုင်ရန်၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်လာနိုင်မည့် သက်မွေးပညာရပ်ဆိုင်ရာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑**

## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများအတွက် မြန်မာ့အသံမှ ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၉** - ၂၀၁၆ ခုနှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၁၁ ရက် (စနေနေ့) နံနက် ၆ နာရီတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းအပြီး ထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများအတွက် ယခင်နှစ်များက အစဉ်အလာအတိုင်း အောင်စာရင်းထွက်သည့်နေ့၌ မြန်မာ့အသံ တိုင်းရင်းသားအစီအစဉ်များမှ နံနက် ၆ နာရီတွင် စတင်ထုတ်လွှင့်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

**ကချင်ပြည်နယ်**မှ ဆင်ဘို၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ ဆတုံး၊ ဖားကန့်၊ တာမခန်၊ လုံးခင်း၊ ကာမိုင်း၊ လွယ်ဂျယ်၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘောနှင့် နောင်မွန် စာစစ်ဌာန၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**




ကြေးမုံ

# စိန်ခေါ်မှုများကို ဝိုင်းဝန်းကျော်လွှား

မြန်မာနိုင်ငံ၏ မျက်မှောက်ကာလပြည်သူများအတွက် အရေးကြီးလိုအပ်ချက်မှာ ပြည်သူများလူမှုဘဝမြင့်မားတိုးတက်ရေးဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်မှာ အလှမ်းကွာသေး၍ ပြည်သူများအတွက်မူ ယင်းအချက်သည်သာလျှင် လက်ငင်းလိုအပ်ချက်ဖြစ်သည်။

ပြည်သူအများစုမှာ ဆင်းရဲမွဲတေမှု၊ လူမှုဘဝအဆင့်အတန်းနိမ့်ကျမှုတို့ဖြင့် နှစ်ပေါင်းများစွာ ခါးစည်းခံစားခဲ့ကြရသည်။ ပြည်နယ်များတွင်သာမက ပြည်မတွင်လည်း ပြည်သူများ၏လိုအပ်ချက်များ များစွာရှိခဲ့သည်။ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သွားရေးလာရေး၊ နေထိုင်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး စသည်တို့၌ လိုအပ်ချက်များ၊ အားနည်းချက်များ များစွာရှိခဲ့သည်။

ပြည်သူများအနေဖြင့် ၎င်းတို့ရွေးချယ်ခဲ့သော အရပ်သားအစိုးရ နိုင်ငံ့တာဝန်ယူသောအခါ အဆိုပါလိုအပ်ချက်များအတွက် မျှော်လင့်ချက်ကြီးမားစွာ ထားခဲ့ကြသည်။ သို့သော်လည်း အစိုးရသစ်အနေဖြင့် စိန်ခေါ်မှုများ များစွာရှိသဖြင့် ထိုလိုအပ်ချက်များအား ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ပေးရန် မဖြစ်နိုင်သေးသော်လည်း ဖြစ်နိုင်သည်များကို ချက်ချင်းဖော်ဆောင်၊ မဖြစ်နိုင်သေးသည်များကို အဆင့်ဆင့်ဖော်ဆောင်ကာ အစွမ်းကုန်ဆောင်ရွက်နေသည်ကို မြင်တွေ့ရ၍ စိတ်ရှည်သည်းခံ စောင့်မျှော်ကြရမည်ဖြစ်သည်။

ရင်ဆိုင်ကြုံတွေ့ဖြေရှင်းနေရသည့် စိန်ခေါ်မှုများစွာတို့ကို အစိုးရတစ်ရပ်တည်းက ဆောင်ရွက်၍ရနိုင်မည်မဟုတ်ဘဲ ပြည်သူအားလုံး၊ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းကာ အစွမ်းကုန်ကြိုးပမ်းမှု၊ အားထုတ်မှု၊ ဗိုလ်ချုပ်အောင်ဆန်းပြောသကဲ့သို့ သူများထက်ခြေလှမ်း ဆယ်လှမ်း၊ အလှမ်းနှစ်ဆယ်လောက် ပိုလှမ်းနိုင်မှ၊ ပြုနေအောင်လုပ်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ကြိုးပမ်းပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍအသီးသီးတို့တွင် မူလကတည်းက အစိုးရတစ်ရပ်ကသာ အားလုံးနီးပါး တာဝန်ယူဆောင်ရွက်ခဲ့သောကြောင့် မူဝါဒပိုင်းဆိုင်ရာတွင် လည်းကောင်း၊ လုပ်ကိုင်မှုအပိုင်းတွင်လည်းကောင်း ဝန်ထမ်းများနှင့်သာ အားပြုလုပ်ကိုင်ခဲ့ကြရသည်။ အရပ်သားအစိုးရ နိုင်ငံ့တာဝန်ကို ပထမဆုံး စတင်တာဝန်ယူပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်သောအခါ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားမှု၊ ပွင့်လင်းမြင်သာမှု၊ ဥပဒေလိုက်နာမှုတို့တွင် စိန်ခေါ်မှုများစွာရှိခဲ့သည်မှာ အမှန်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး၊ ပြည်သူနှင့်ဆက်ဆံရေး၊ ရေ မီး၊ လျှပ်စစ်၊ ပြည်သူ့ဝန်ဆောင်မှု၊ လူမှုရေးအဖွဲ့အစည်းများ စသည့်ကဏ္ဍပေါင်းစုံတို့တွင် အခက်အခဲများစွာ ရှိခဲ့သည်။ အစိုးရ၏ဆောင်ရွက်ပေးမှုအပိုင်းတွင် ဘတ်ဂျက်လိုအပ်မှုအတိုင်းဖြင့် ဆောင်ရွက်ရာတွင် ဘတ်ဂျက်လိုငွေများရှိနေသေးသဖြင့် နိုင်ငံတကာအစိုးရ၊ အဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့များ၊ နည်းပညာပံ့ပိုးမှုများ များစွာလိုအပ်သလို လွှတ်တော်များ၊ အစိုးရများ၊ ဝန်ထမ်းများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာစေတနာရှင်များကပါ ပူးပေါင်းကူညီဆောင်ရွက်ကြမည်ဆိုလျှင် မျှော်မှန်းသည့်အတိုင်း အောင်မြင်လာမည်ဖြစ်သည်။ ယင်းအပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့် စိန်ခေါ်မှုများစွာကို ကျော်လွှားနေရသဖြင့် အဆိုပါ အခက်အခဲများအားလုံးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ အစိုးရဝန်ကြီးဌာနများက ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် ပြည်သူများ၏လိုအပ်ချက်များကို အတတ်နိုင်ဆုံး၊ အရေးတကြီးအလိုအပ်ဆုံးကိစ္စများကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အချို့ကိစ္စများတွင် အောင်မြင်မှုများ ရရှိနေပြီဖြစ်သလို အချို့ကိစ္စများတွင် အခက်အခဲများဆက်လက်ရှိနေဆဲဖြစ်သည်။ ယင်းတို့သည် စိန်ခေါ်မှုများဖြစ်၍ အဆိုပါစိန်ခေါ်မှုများကို ညီညီညွတ်ညွတ် တက်ညီလက်ညီ ကျော်လွှားလွန်မြောက်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏ ဆိုသကဲ့သို့ ပြည်သူများ၏ညီညွတ်သောအားဖြင့် စွမ်းဆောင်ကြပါလျှင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြည်သူများမျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများကို မလွဲမသွေရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

# ပုဂံယဉ်ကျေးမှုဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၉**

ဗန်ကောက်မြို့ရှိ ယူနက်စကိုဌာနေ ကိုယ်စားလှယ်ရုံးမှ ဌာနအကြီးအကဲဖြစ်သူ Dr. Duong Bich Hanh သည် ယနေ့ မွန်းလွဲပိုင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊ ယူနက်စကိုကွန်ဗင်းရှင်းများဖြစ်သည့် မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှုအမွေအနှစ်များအား တရားမဝင်၊ တင်သွင်းတင်ပို့မှုနှင့် လွှဲပြောင်းမှု တားဆီးကာကွယ်ရေးကွန်ဗင်းရှင်း-၁၉၇၀(1970, Convention on the Means of Prohibiting and Preventing the Illicit Import , Export and Transfer of Ownership of Cultural Property)၊ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းရေးကွန်ဗင်းရှင်း-၁၉၇၂ (1972, Convention on the Protection of the World Cultural and Natural Heritage)နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးကွန်ဗင်းရှင်း-၂၀၀၃( 2003, Convention for the Safeguarding of the Intangible Cultural Heritage) တို့တွင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးပြီးဖြစ်၍ ကျန်ရှိနေသည့် (၂၀၀၅) ကွန်ဗင်းရှင်းဖြစ်သည့် မတူညီကွဲပြားသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများ ကာကွယ်ထိန်းသိမ်းရေးနှင့်မြှင့်တင်ရေး(2005, Convention on the Protection and Promotion of the Diversity of Cultural Expression)သို့ လက်မှတ်ရေးထိုးရေး၊ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ယူနက်စကိုမှ ပညာရှင်များ၊ နည်းပညာပံ့ပိုးကူညီမှုများ၊ ငွေကြေးပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖




# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စာစောင်များဖြန့်ဝေ

**အိုးသည်ကုန်း ဇွန် ၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း သာယာဝတီခရိုင် အိုးသည်ကုန်း မြို့မဈေးရှေ့တွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အိုးသည်ကုန်းမြို့ လျှပ်စစ်မှူး ဦးအောင်အောင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၄၉၇)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၉**

**ရန်ကုန်(ရွှေဈေး)** ၇၉၁၀၀၀ - ၇၉၁၀၀၀ **မန္တလေး(ရွှေဈေး)** ၇၉၁၀၀၀ - ၇၉၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၅၄၅ ကျပ်၊ | ၅၆၀/၅၇၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၆၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၉၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၅၆. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၁. ၃၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၈၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄. ၉၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၈၉၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၁၅. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃. ၂၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၉. ၅၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၃. ၄၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ခုနှစ် ဇွန် ၁၆ တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

❑ **ရွှေဖုံးမှ**

ကျွမ်းကျင်လုပ်သား လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် သင်တန်းများကို စတင်ဖွင့်လှစ်ခဲ့သည်။

စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းသည် စင်ကာပူသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့၏ နှစ်နိုင်ငံအစိုးရအကြား နက်ရှိုင်းသောခင်မင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ အထိမ်းအမှတ်သင်္ကေတတစ်ခုဖြစ်ပြီး မြန်မာလူငယ်များ၏ အသက်မွေးဝမ်းကျောင်းပညာရေးကို ပံ့ပိုးပေးရန် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)သို့ ရောက်ရှိပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် အထိမ်းအမှတ်ကျောက်စာတိုင်၊ ပါလီမန်ဆောင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အခန်းတို့ကို ကြည့်ရှုလေ့လာကြရာ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်မြို့လယ်ရှိ အထင်ကရ သမိုင်းဝင်မဟာဗန္ဓုလပန်းခြံသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာရောဘတ်ချွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်အဖွဲ့ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)



# ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Kirk Wagar ဦးဆောင်သော စင်ကာပူနိုင်ငံရှိ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Kirk Wagar ဦးဆောင်သော စင်ကာပူနိုင်ငံဆိုင်ရာ အမေရိကန် ကုန်သည်ကြီးများအသင်း၏ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



○ **၂၀၁၆ ခုနှစ်မှ**

**ကယားပြည်နယ်**မှ ရှားတော၊ ဒီးမော့ဆို၊ ဒေါင်ဖား၊ ဖရူဆို၊ ဘောလခဲနှင့် ဖားဆောင်း စာစစ်ဌာန၊

**ကရင်ပြည်နယ်**မှ လိပ်သို၊ ဖာပွန်၊ ကမမောင်း၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ တံခွန်တိုင်၊ ကျိုက်ဒုံနှင့် သင်္ကန်းညိနောင် စာစစ်ဌာန၊

**ချင်းပြည်နယ်**မှ ရိခေါဒါရ်၊ ကျီခါး၊ ထုတ်လိုင်၊ မင်းတပ်၊ ကန်ပက်လက်၊ ကျင်ဒွေး၊ မတူပီ၊ လိုင်လင်းပီ၊ ရေဇွာ၊ ပလက်ဝနှင့် ဆမီးစာစစ်ဌာန၊

**ရခိုင်ပြည်နယ်**မှ လက်ပံပြား၊ စေတီပြင်၊ လောင်းချောင်း၊ ကူတောင်၊ စစ်တော၊ ကပိုင်ချောင်း၊ ကွမ်းချောင်း၊ ဇင်ချောင်း၊ မာန်အောင်၊ ဇရပ်ကုန်းခင်၊ ကမား၊ ဂွ၊ ကျိန္တလီ၊ ဆပ်သွား၊ မောင်တော၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲနှင့် ဘူးသီးတောင် စာစစ်ဌာန၊

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)**မှ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံနှင့် မိုင်းပျင်း စာစစ်ဌာန၊

**ရှမ်းပြည်နယ်(မြောက်ပိုင်း)**မှ ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ နမ့်ဆန်(မ)၊ မန်တုံ၊ မိုးမိတ်၊ မကျည်းပင်၊ မဘိမ်းနှင့် ငါးအိုး စာစစ်ဌာန၊

**ရှမ်းပြည်နယ် (တောင်ပိုင်း)**မှ တင်းတက်၊ ဆောင်းပြောင်း၊ မိုင်းကိုင်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ တုန်ဟုန်း၊ မောက်မယ်နှင့် မိုင်းပန် စာစစ်ဌာန၊

**တနင်္သာရီတိုင်းဒေသကြီး**မှ မေတ္တာ၊ ကတ္တလူ၊ စခန်းသစ်၊ ပုလော၊ ပလောက်၊ ပလ၊ ဘုတ်ပြင်းနှင့် ပြည်ကြီးမဏ္ဍိုင် စာစစ်ဌာန၊

**မကွေးတိုင်းဒေသကြီး**မှ ပေါက်၊ ဇီးပြား၊ ကိုင်းလယ်၊ ရေပြာ၊ နံ့သာ၊ စေတုတ္တရာ၊ တန့်လည်ကျင်း၊ ငါးဖဲ၊ ပဒါန်း၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ ကံကြီးနှင့် လောင်းရှည် စာစစ်ဌာန၊

**စစ်ကိုင်းတိုင်းဒေသကြီး**မှ လေရှီး၊ ဆွမ္မရာ၊ လဟယ်၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ သရောင်း၊ ရေအောက်တောင်း၊ မင်းယား၊ နန်းယွန်းနှင့် ပန်ဆောင် စာစစ်ဌာန၊

**ရန်ကုန်တိုင်းဒေသကြီး**မှ ကိုကိုးကျွန်း စာစစ်ဌာနတို့ဖြစ်ပါသည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ (၅၉၁၅ ကီလိုဟတ်ဇ်)နှင့် လှိုင်းတို ၃၀ ဒသမ ၈၅ မီတာ (၉၇၃၀ ကီလိုဟတ်ဇ်) တို့မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းလတ် ၄၁၁ ဒသမ ၅၂ မီတာ (၇၂၉ ကီလိုဟတ်ဇ်)မှလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားဒေသအသီးသီးရှိ မြန်မာ့အသံရေဒီယို FM အစီအစဉ်များမှ လည်းကောင်း ဖမ်းယူနားဆင်နိုင်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိရှိရသည်။

**(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၄)တွင် ဖော်ပြထားသော "စင်ကာပူနိုင်ငံသို့ ဗီဇာကင်းလွတ်ခွင့်ဖြင့် ရက် ၃၀ သွားလာနိုင်" သတင်းအစပိုဒ်တွင် "၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့" အစား "၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# စင်ကာပူနိုင်ငံ ရုံးသုံးကွန်ပျူတာများ ဆိုက်ဘာလုံခြုံရေးအတွက် ပြင်ဆင်

**စင်ကာပူ ဇွန် ၉**

စင်ကာပူနိုင်ငံရှိ ဝန်ထမ်းများအသုံးပြုလျက်ရှိသည့် ကွန်ပျူတာများကို ဆိုက်ဘာလုံခြုံရေးအတွက် ပြင်ဆင်မွမ်းမံမည်ဖြစ်သဖြင့် ယင်းကွန်ပျူတာများနှင့် အင်တာနက်ချိတ်ဆက်သုံးစွဲခွင့်ပိတ်ပင်ထားမည်ဖြစ်ကြောင်း စင်ကာပူအစိုးရကဆိုသည်။

ဆိုက်ဘာလုံခြုံရေးအတွက် ပြုပြင်မွမ်းမံရန် ရုံးသုံးကွန်ပျူတာအရေအတွက် တစ်သိန်းခန့်ကို အင်တာနက်ချိတ်ဆက်သုံးစွဲမှု ဖြတ်တောက်ထားမည်ဖြစ်ကြောင်း စင်ကာပူသတင်းနှင့် နည်းပညာဖွံ့ဖြိုးမှုအာဏာပိုင်များက ဆိုသည်။ အရာရှိများသုံးစွဲသော ကွန်ပျူတာများကို အင်တာနက်ချိတ်ဆက်မှု ယာယီဖြတ်တောက်ထားပြီးဖြစ်သည်။

ရုံးသုံးကွန်ပျူတာများ အင်တာနက်ချိတ်ဆက်မှုဖြတ်ထားစဉ်တွင် ဝန်ထမ်းများက ၎င်းတို့ကိုယ်ပိုင်ကွန်ပျူတာများဖြင့် ရုံးခန်းများတွင် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သည်။

ဗိုင်းရပ်စ်များဝင်ရောက်မည်ကို စိုးရိမ်သည့်အတွက် အချို့သောကုမ္ပဏီများနှင့် အဖွဲ့အစည်းများက လုပ်ငန်းသုံးကွန်ပျူတာများကို အချို့သောဝက်ဘ်ဆိုက်များအား ဝင်ရောက်ခြင်းမှ ကန့်သတ်ထားကြောင်း ဆိုက်ဘာလုံခြုံရေးကျွမ်းကျင်ပညာရှင်တစ်ဦးက ဆိုသည်။

သုံးနှစ်အကြာက စင်ကာပူဝန်ကြီးချုပ်ရုံး၏ တရားဝင်ဝက်ဘ်ဆိုက်တစ်ခုကို ဟက်ကာများက ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ယင်းသို့သော ဆိုက်ဘာတိုက်ခိုက်မှုများကို ကာကွယ်သည့်အနေဖြင့် စင်ကာပူအစိုးရက အစွမ်းကုန် ကြိုးပမ်းလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**




# ပြန်ပေးဆွဲခံ မလေးသင်္ဘောသားလေးဦး ပြန်လည်လွတ်မြောက်လာဟု ဖိလစ်ပိုင်ပြော

**မနီလာ ဇွန် ၉**

ဖိလစ်ပိုင်သေနတ်သမားများက ဧပြီလအတွင်းက ပြန်ပေးဆွဲခဲ့သော မလေးလူမျိုး သင်္ဘောသားလေးဦးကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဂျိုဟိုးကျွန်းတွင် ဇွန် ၈ ရက်က ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ သင်္ဘောသားလေးဦးမှာ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံအကြား ခုတ်မောင်းသွားလာနေသည့် တွန်းသင်္ဘောမှဖြစ်ပြီး ၎င်းတို့ကို အဘူဆေယက်ဖ်သူပုန်အုပ်စုမှအဖွဲ့ဝင်များက မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာဘားပြည်နယ်ကမ်းလွန်တွင် ဧပြီ ၁ ရက်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

၎င်းတို့ လွတ်မြောက်ရေးအတွက် ပြန်ပေးရွေးငွေ ပေးအပ်ခဲ့ရခြင်း ရှိ၊ မရှိ လောလောဆယ် ရှင်းလင်းစွာမသိရပေ။ ဖိလစ်ပိုင်အစိုးရအနေဖြင့် ပြန်ပေးရွေးငွေပေး၍ ရွေးထုတ်ယူရခြင်းမျိုးကို အများပြည်သူသို့ အသိပေးလေ့မရှိပေ။ **ဆင်ဟွာ။**

# ကမ္ဘာ့ဘဏ်က ကမ္ဘောဒီးယားနိုင်ငံသို့ ကန်ဒေါ်လာ သန်း၁၃၀ ထုတ်ချေး

**ဖနွမ်းပင် ဇွန် ၉**

ကမ္ဘောဒီးယားနိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၁၃၀ ချေးရန် ကမ္ဘာ့ဘဏ်နှင့် ကမ္ဘောဒီးယားစီးပွားရေးဝန်ကြီးတို့က ယနေ့သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါချေးငွေသည် ကမ္ဘာ့ဘဏ်က ကမ္ဘောဒီးယားနိုင်ငံသို့ ငါးနှစ်တိုင်တိုင်ငွေချေးရန် ပိတ်ပင်ခဲ့ပြီးနောက် ပထမဆုံးသောချေးငွေဖြစ်သည်။

အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ဘဏ်ဒါရိုက်တာ ယူရစ်ချ်ဇာချူးနှင့် ကမ္ဘောဒီးယား စီးပွားရေးဝန်ကြီး အွန်းပွန်းမိုနီရိုတ်တို့သည် ချေးငွေသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ယင်းချေးငွေကို မြို့တွင်းရှိလမ်းများ၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကမ္ဘောဒီးယားစီးပွားရေးဝန်ကြီးကဆိုသည်။ အဆိုပါချေးငွေသဘောတူညီမှုသည် ကမ္ဘောဒီးယားအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့အကြား ကောင်းမွန်သောဆက်ဆံရေးကို ထင်ဟပ်စေသည်ဟု စီးပွားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

မြို့တွင်းရှိလမ်းများကောင်းမွန်ရန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ ရေလုပ်ငန်းနှင့် လယ်ယာထွက်ကုန်များပေါ်တွင် မှီခိုနေကြသည့် ကျေးလက်နေပြည်သူများကို ထောက်ပံ့ပေးနိုင်ရေးနှင့် ပြည်သူများ၏ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါးထောက်ပံ့မှုများပေးနိုင်ရေးမှာ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကလုပ်ဆောင်ရမည့် ကဏ္ဍများပင်ဖြစ်ကြောင်း အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ဘဏ်ဒါရိုက်တာက ဆိုသည်။ **ဆင်ဟွာ။**

# ပါကစ္စတန်ရထားလမ်းကွန်ရက်တိုးချဲ့ရေးနှင့် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေး တရုတ်ရင်းနှီးမြှုပ်နှံမည်

**အစ္စလာမ္မာဘတ် ဇွန် ၉**

ပါကစ္စတန်နိုင်ငံ၏ ရထားလမ်းကွန်ရက်အဆင့်မြှင့်တင်နိုင်ရေးနှင့် အီရန်နိုင်ငံနှင့် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်နိုင်ရေးအတွက် တရုတ်နိုင်ငံက ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ၌ လုပ်ငန်းစီမံကိန်းကြီးများအတွက် ခွင့်ပြုပေးလျက်ရှိသော ဗဟိုဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့သည် ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ စီမံကိန်းလုပ်ငန်းနှစ်ခုအတွက် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း။ တရုတ်နိုင်ငံသည် လုပ်ငန်းစီမံကိန်းနှစ်ခုအတွက် ကျခံသုံးစွဲရမည့် ငွေကြေးပမာဏ၏ ၈၅ ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံကို ချေးငွေများအဖြစ် ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ပါကစ္စတန် ရထားလမ်းကွန်ရက် တိုးချဲ့ရေးနှင့် ဟာဗီလီယန်မြို့အနီးရှိ ပြည်တွင်းရေကြောင်းဆိပ်ကမ်းတစ်ခု တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း၊ တရုတ်အစိုးရအဖွဲ့က အမေရိကန်ဒေါ်လာ ၇ ဘီလီယံကို အထူးချေးငွေအဖြစ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အိပ်စပရက်ထရီဗြူန်းသတင်းစာက ရေးသားဖော်ပြသည်။

တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့၏ စီးပွားရေးစင်္ကြံလမ်းအမည်ရှိ အစီအစဉ်အရ အမေရိကန် ဒေါ်လာ ၄၆ ဘီလီယံတန်ဖိုးရှိ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဧပြီလအတွင်းက ပါကစ္စတန်နိုင်ငံသို့ တရုတ်သမ္မတ လာရောက်ချိန်အတွင်း အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ မူဘောင်သဘောတူညီချက်ရရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ် ကမ်းရိုးတန်း၏ အနောက်တောင်ဘက်ရှိ နာဝါဒါပင်လယ်ဆိပ်ကမ်းမြို့နှင့် ဆင်းပြည်နယ်ရှိ နာဝက်ရှားမြို့တို့ကို ဆက်သွယ်မည့် ဓာတ်ငွေ့ရည် ထောက်ပံ့ရေးစခန်း တည်ဆောက်ခြင်းနှင့် ပိုက်လိုင်းတည်ဆောက်ခြင်း စီမံကိန်းဆောင်ရွက်ရန်လည်း မူအားဖြင့် သဘောတူညီထားသည်။ **ရိုက်တာ။**



# ရုရှားစစ်ဘက်သုံးလေယာဉ်ပျက်ကျ၊ လေယာဉ်မှူးသေဆုံး

**မော်စကို ဇွန် ၉**

ဇွန် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၂၅မိနစ်တွင် ရုရှားနိုင်ငံမော်စကိုဒေသ၌ စစ်ဘက်သုံး Su-27 လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးသေဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ရုရှားလေတပ်ပိုင်ဖြစ်သည့် အဆိုပါ Su-27 လေယာဉ်သည် ၎င်းခရီးစဉ်ကို ပျံသန်းခဲ့ပြီးနောက် လေဆိပ်သို့ပြန်လာနေစဉ် မော်စကိုဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ်သည် မော်စကိုဒေသ၏မြောက်ဘက်တွင် ကျင်းပသည့် လေယာဉ်ပြပွဲအခမ်းအနားတစ်ခုသို့ ပါဝင်ခဲ့ပြီးနောက် လေဆိပ်သို့အပြန်လမ်းတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး ကနဦးရယူထားသည့် အချက်အလက်များအရ အဆိုပါလေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အာဏာပိုင်များက လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး အတည်ပြုချက်မရရှိသေးခင် Su-27 အမျိုးအစားလေယာဉ်အားလုံးကို ပျံသန်းခြင်းမပြုရန် ဆိုင်းငံ့ထားကြောင်း သိရသည်။

လေယာဉ်ပျက်ခဲ့ပြီးနောက် လေယာဉ်ပျံသန်းမှုအချက်အလက်မှတ်တမ်းတင်သည့် ဘလက်ဘောက်စ်ကိုလည်း ရှာဖွေတွေ့ရှိခဲ့ပြီး ထိုမှပျက်ကျခဲ့သည့်အကြောင်းရင်းကို ရှာဖွေတွေ့ရှိနိုင်ရန် မျှော်လင့်ရကြောင်း စုံစမ်းရေးအဖွဲ့က ပြောသည်။ **ဆင်ဟွာ။**

# ယခုနှစ်နိုဝင်ဘာလတွင် လာအိုနိုင်ငံ၌ ဂျပန်နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးမည်

**ခွန်ဘူရီ (တိုင်း) ဇွန် ၉**

ဂျပန်နှင့် အာဆီယံအသင်းဝင် ၁၀ နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများသည် နိုဝင်ဘာလအတွင်း လာအိုနိုင်ငံတွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာကာတာနီက ဇွန် ၈ ရက်တွင် ပြောကြားသည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ဂျပန်နှင့် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ၏ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခြင်းမှာဒုတိယအကြိမ်ဖြစ်သည်။ တရုတ်နိုင်ငံက ပိုင်နက်အငြင်းပွားမှုဖြစ်ပေါ်နေသော ရေပြင်တွင် စစ်စခန်းငယ်များ တိုးမြှင့်တည်ဆောက်လာချိန်၌ ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများသည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်မှန်းချက်များထားရှိလာကြသည်။

ဒေသတွင်း၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလိုအပ်ချက်များအတွက် အာဆီယံအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့သည် ခိုင်မာတောင့်တင်းသည့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုရှိရန်လိုအပ်နေကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အရှေ့တောင်အာရှဒေသတွင်း၌ သဘာဝဘေးအန္တရာယ်သက်သာလျော့ပါးရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်ရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ကြရန် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဂျပန်အစိုးရက ကမ်းလှမ်းထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သည် သဘာဝအရင်းအမြစ်များကြွယ်ဝသော တောင်တရုတ်ပင်လယ်ဒေသတွင် တရုတ်နိုင်ငံနှင့် ပိုင်နက်နယ်မြေဆိုင်ရာအငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိသည်။ **ကျိုဒို။**

# မင်္ဂလာဈေးပြန်လည်တည်ဆောက်ရန် ဈေးသူဈေးသားများ၏ဆန္ဒရယူပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၉**

ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းသတ်မှတ်ဆောင်ရွက်ဖြေရှင်းပြီးမှသာ ဘုရားသုံးဆူဒေသတွင် ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ရှိ နယ်ခြားဂိတ်ပိတ်ထားခြင်းအား ဖွင့်လှစ်ရန် ရှိ၊ မရှိ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာဥပဒေအရ အတိအကျတိုင်းတာသတ်မှတ်မှု မပြုလုပ်ရသေးသည့် အငြင်းပွားနယ်နိမိတ်တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပါက လက်ရှိမြေပြင်တွင်ရှိနေသည့် နယ်နိမိတ်ကို အသိအမှတ်ပြုရာရောက်နေသဖြင့် မိမိပိုင်နက် နယ်မြေများ ဆုံးရှုံးနိုင်ကြောင်းနှင့် လက်ရှိဘုရားသုံးဆူအခြေအနေမှာ အတိမ်းအစောင်းမခံဘဲ မိမိဘက်မှ နယ်မြေဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သဖြင့် ဘုရားသုံးဆူဒေသ အငြင်းပွားနယ်နိမိတ်ကို ရှင်းလင်းစွာဖြေရှင်းပြီးမှသာ တိုင်းတာသတ်မှတ်ရေးဆောင်ရွက်ရန် သင့်လျော်ကြောင်း။

ဘုရားသုံးဆူဒေသကို မြန်မာနိုင်ငံအစိုးရဘက်မှ နယ်မြေစိုးမိုးမှုပြန်လည်ရယူချိန်တွင် ထိုင်းဘက်က မြန်မာပိုင်နယ်မြေများတွင် အဆောက်အအုံများ ဆောက်လုပ်ထားသည့်အပြင် အဝေးပြေးကားလမ်းကို မြန်မာပိုင်နယ်မြေအတွင်း ဖောက်လုပ်ထားခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေးတိုးမြှင့်ရေး စသည့် အကြောင်းပြချက်များ အသုံးပြုကာ ဘုရားသုံးဆူဒေသတွင် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရေး၊ နယ်စပ်ဂိတ်အဆင့်မြှင့်တင်ရေးကို ထိုင်းဘက်ကတင်ပြခဲ့သော်လည်း မြန်မာဘက်မှ လက်ခံခြင်းမရှိခဲ့ကြောင်း။

ဘုရားသုံးဆူအပါအဝင် မြန်မာ-ထိုင်း နယ်နိမိတ်တစ်လျှောက်ရှိ တိုင်းတာရန် ကျန်ရှိနေသည့် အစိတ်အပိုင်းအားလုံးကို ပူးတွဲတိုင်းတာသတ်မှတ်ရန် ညှိနှိုင်းဆောင်ရွက်သွားရန်ရှိသဖြင့် ဘုရားသုံးဆူနယ်နိမိတ်ကိစ္စအား ပြီးပြတ်အောင်ဖြေရှင်းပြီးမှ နယ်စပ်ကုန်သွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော်ကိစ္စများ ဆောင်ရွက်သင့်ကြောင်းကို သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ထားပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း

လက်ရှိဖွဲ့စည်းပုံအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန လက်အောက်တွင် ကုန်သွယ်ရေးစခန်း ၁၆ ခုနှင့် ပို့ကုန်/သွင်းကုန်ရုံးခွဲ ၄ ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ-ထိုင်း နယ်စပ်တွင် မြဝတီ၊ ကော့သောင်း၊ တာချီလိတ်၊ မြိတ်၊ ထီးခီး၊ မောတောင်စခန်းများ ဖွင့်လှစ်ထားရှိပြီး မယ်စဲ့-ဟွေ့တန္တန် ကုန်သွယ်ရေးစခန်းကို နှစ်နိုင်ငံတရားဝင်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ခြင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းအစီအစဉ်နှင့် ဘဏ်လုပ်ငန်းအစီအစဉ်များ ညှိနှိုင်းသဘောတူမှုနှင့် ယင်းအခြေခံအဆောက်အအုံများ ထူထောင်ပေးနိုင်မှုရှိခြင်း၊ ဒေသတွင်းစားသုံးမှု ဖူလုံသည့်အပြင် ပိုလျှံမှုရှိပြီး ပြည်ပဈေးကွက်များသို့ ရောင်းချနိုင်သည့် ကုန်စည်များရှိခြင်းနှင့် ဈေးကွက်ဖွံ့ဖြိုးမှုရှိခြင်း၊ အခြားပြည်နယ်/ တိုင်းဒေသကြီးများနှင့်ချိတ်ဆက်၍ တိုက်ရိုက်သို့မဟုတ် တစ်ဆင့်ခံကုန်သွယ်ရောင်းချနိုင်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်မည့် နယ်စပ်ဒေသတွင် နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးကိစ္စ ရှင်းလင်းပြီးဖြစ်ခြင်း စသည့်အခြေခံမှု ၇ ချက်နှင့် စိစစ်ဆောင်ရွက်ပါကြောင်း ဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ သနပ်ပင်မြို့နယ်ရှိ ဒီရေတိုက်စားပြီး ကမ်းပါးပြိုခဲ့သော ကသစ်ခုံကျေးရွာအား ပြန်လည်နေရာချထားပေးရန်နှင့် ထောက်ပံ့ကူညီမှုများ အလျင်အမြန်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုဒဏ်ခံနေရသည့် ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကသစ်ခုံကျေးရွာသို့ ကွင်းဆင်း၍ အရေးပေါ်ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စု (၁၄၈) စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၇၄ သိန်းနှင့် ၃ ရက်စာ ရိက္ခာတန်ဖိုးနှင့် ထောက်ပံ့ပစ္စည်း ကိုးမျိုးအား ထောက်ပံ့ပေးခဲ့ပါကြောင်း။

ကမ်းပါးပြိုကျမှုပြင်းထန်စွာ ခံစားနေရသော ကသစ်ခုံကျေးရွာအား လုံခြုံစိတ်ချရသောနေရာသို့ စနစ်တကျ ပြန်လည်နေရာချထားပေးနိုင်ရန်အတွက် ကျွဲဖြူချောင်း ကျေးရွာအုပ်စု ကသစ်ပင်တောင်ကွင်းရှိ လယ်မြေဧရိယာ (၃၁ ဒသမ ၂၄) ဧကနေရာ၌ ပြောင်းရွှေ့နေထိုင်ကြရန် ဆုံးဖြတ်ခဲ့ပြီး လယ်ပိုင်ရှင်နှင့် ဈေးနှုန်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၏ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးကို မည်သည့်အချိန်တွင် စတင်တည်ဆောက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဈေးသူ ဈေးသားများထံမှ ဆန္ဒရယူခဲ့ရာ ဈေးအသစ်ပြန်လည်တည်ဆောက်ရန် ဆန္ဒပြုသူ ၅၆ ဒသမ ၅ ရာခိုင်နှုန်းရရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မီးသင့်လောင်ကျွမ်းခဲ့သော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာဈေးကို ပြန်လည်တည်ဆောက်ရန် ဈေးသူဈေးသားများ၏ ဆန္ဒသဘောထားကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ တစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆုံးဖြတ်ချက်ရယူပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

# ဖျာပုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တားမြစ်မှုကြောင့် မျှင်ပုစွန် အခြောက်စက်ရုံတည်ဆောက်ရန် ပြင်ဆင်ထားသည့်အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းရန် အကြောင်းကြားထား

**နေပြည်တော် ဇွန် ၉**

ဖျာပုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တားမြစ်မှုကြောင့် ဒေါ်အေးဆိုင် (စွမ်းပြည့်စုံကုမ္ပဏီ)မှ ၂၀၁၆ ခုနှစ် မေ ၁၆ ရက်တွင် လုပ်ငန်းများ ရပ်ဆိုင်းထားပြီး အဆိုပါ မြေပေါ်မှ ကဏန်းပျော့မွေးမြူခြင်းနှင့် မျှင်ပုစွန်အခြောက်စက်ရုံ တည်ဆောက်ရန် ပြင်ဆင်ထားသည့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အအုံများကို ၂၀၁၆ ခုနှစ် ဇွန် ၂၀ ရက် နောက်ဆုံးထား ဖယ်ရှားရှင်းလင်းရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၆ ခုနှစ် ဇွန် ၆ ရက်တွင် အကြောင်းကြားထားပါကြောင်း၊ လိုက်နာမှုမရှိပါက ဖျာပုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၆ အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယနေ့အစည်းအဝေးတွင် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ၏ ဖျာပုံမြို့နယ် နောက်မီးကျေးရွာအုပ်စုတွင် လယ်ယာမြေများကို ဖျက်ဆီးပြီး တရားမဝင် ကဏန်းမွေးမြူရေး လုပ်ငန်းကြောင့် ပင်လယ်ရေဝင်ပြီး လယ်သမားများ၏ စပါးသီးနှံများ ပျက်စီးဆုံးရှုံးမှုကို ထိရောက်သော ဟန့်တားဆောင်ရွက်မှုများပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေက အဆိုပါလုပ်ငန်းခွင်အတွင်း တရားမဝင်လာရောက်လုပ်ကိုင်သည့် နိုင်ငံခြားသားနှစ်ဦးကို ဥပဒေနှင့်အညီ ထပ်မံဖမ်းမိထားသည်ကို မည်သို့စီမံဆောင်ရွက်သွားမည်ကိုသိရှိလိုပါကြောင်း ဆက်စပ်မေးခွန်းမေးမြန်းရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ထပ်မံတွေ့ရှိရသည့် နိုင်ငံခြားသားနှစ်ဦးကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့် အညီ ဆက်လက် စိစစ်အရေးယူနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး



အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ

# မော်တော်ယာဉ်ဥပဒေ ပြင်ဆင်ရေးဆွဲရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၉**

ခေတ်စနစ်နှင့်အညီ တည်ဆဲမော်တော်ယာဉ် ဥပဒေကို ပြင်ဆင်ရေးဆွဲရန်အတွက် အခြေခံသင့်သည့် အချက်အလက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲ၌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊ တရားဝင်အသိအမှတ်ပြု မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်းတို့မှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

“အခွန်ကို နည်းနည်းလျှော့စေချင်တယ်။ ကားအမည်ပေါက်ပြောင်းရတဲ့ အဆင့်တွေကို လျှော့ချပြီး လွယ်ကူအောင် လုပ်ကိုင်ခွင့်ရချင်ပါတယ်။ ကားပါကင် ကိစ္စကိုလည်း ကားဝယ်ရင် ထောက်ခံချက်ပါမှ တစ်ခုတည်းနဲ့ မဖြေရှင်းဘဲ အထပ်မြင့်တွေဆောက်ရင် ကားရပ်ဖို့နေရာပါထည့်ပြီးဆောက်ဖို့ ဥပဒေအရလည်း ပြဋ္ဌာန်းသင့်ပါတယ်”ဟု ရန်ကုန်မြို့မှ မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

“အနေ့းယာဉ်၊ အမြန်ယာဉ်ရယ်လို့ မခွဲခြားဘဲ မှားတဲ့သူကို အရေးယူစေချင်ပါတယ်။ လူကူးမျဉ်းကျားကို မကူးလို့ ယာဉ်အန္တရာယ်ဖြစ်ရင် ကူးတဲ့သူကိုပါ အရေးယူစေချင်ပါတယ်။ နိုင်ငံတကာမှာလို တက္ကစီတွေကိုလည်း သူ့စတန်းနဲ့သူ စနစ်တကျ ရပ်စေချင်ပါတယ်။ တက္ကစီတွေကို တွေ့ရာနေရာမှာ မတားသင့်သလို ရပ်ရင်လည်း စနစ်တကျရပ်ပြီး ခရီးသည်တင်သင့်ပါတယ်။ နောက်လမ်းပေါ်မှာ နေရာဦးပြီး စားသောက်ဆိုင်ဖွင့်တာတွေ၊ မရပ်ရ ဆိုပြီး ဆိုင်းဘုတ်ထောင်နေတာတွေကိုလည်း ရှင်းပေးရမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ ကားသမားတွေ အဆင်ပြေအောင် ပြင်ဆင်ပေးသင့်ပါတယ်။ ကျောင်းတွေမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သင်ကြားပေးစေချင်ပါတယ်။ သူတို့အရွယ်ရောက်လာရင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းကို ဘယ်လိုလိုက်နာရမယ်ဆိုတာကို သိတဲ့အတွက် အနာဂတ်ပိုကောင်းမှာ ဖြစ်ပါတယ်”ဟု ဖူဂျီတီဗွီမှ သတင်းထောက် ဒေါ်အိအိတင်က ပြောသည်။

“မြို့လယ်က လမ်းလယ်တုံးတွေကို ဖယ်ရှားပြီး သံဆန်ခါနဲ့ စည်းခြားဖို့လိုပါတယ်။ ကားပါကင်ပါတဲ့ အိမ်ရာတွေပဲ ဆောက်ခွင့်ပြုဖို့ လိုပါတယ်” ဟု သီးသန့်အငှားယာဉ်မောင်း ကိုလင်းဖြိုးမောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ဥပဒေကို ၁၉၆၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၇ အဖြစ် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၅ ဖြင့် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

**(သူရဇော်)**

# မိုဘိုင်းဖုန်းနှင့် မက်ဒီတေးရှင်း

ကြယ်စင်ဖေသင်

**မြန်မာ့အသိုင်းအဝိုင်းထဲက မိုဘိုင်းဖုန်း**

မြန်မာ့လူ့အဖွဲ့အစည်းထဲတွင် မိုဘိုင်းဖုန်းသည် အလွန်အသုံးဝင်ပြီး လူကြိုက်များသော ဆက်သွယ်ရေးကိရိယာ ဖြစ်နေလေပြီ။ ဈေးကြီးပေးရသည့် နောက်ဆုံးပေါ် ဟန်းဆက်များဝယ်နိုင်ခဲ့ပါက ဆက်သွယ်စကားပြော ကိရိယာထက်ကျော်လွန်ကာ စိတ်ထဲပေါ်လာသည့် လုပ်ချင်စရာအတော်များများအတွက် အသုံးပြုနိုင်၏။ ထို့ကြောင့် အနာဂတ်ကမ္ဘာသည် မိုဘိုင်းဖုန်းကမ္ဘာပင် ဖြစ်လာနေတော့သည်ဟုဆိုရမည်။ အချိန်နှင့်အမျှပို၍ ပို၍ ပေါ်ပြူလာဖြစ်လာသော မိုဘိုင်းဖုန်းတွင် ကောင်းကျိုးများစွာရှိသလို ဆိုးကျိုးများလည်းရှိနေသည်ကို သတိထားဖို့လိုလာသည်။ ခွဲခြားကြည့်တတ်ပါက ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုဟူ၍ ထင်ထင်ရှားရှားတွေ့ရလိမ့်မည်။ လောကသဘောအရ မည်သည့်အရာမဆို အကောင်းအဆိုး ဒွန်တွဲလျက်ရှိနေရာ ကောင်းကျိုး၊ ဆိုးကျိုးဖြစ်ပေါ်ခံစားရခြင်းတို့သည် အသုံးပြုသူတို့၏ ဆင်ခြင်တုံတရားအပေါ် များစွာမူတည်နေသည်ဟုသာ ကောက်ချက်ချရမည်။ မိုဘိုင်းဖုန်းအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့်ပတ်သက်၍ သုတေသီများ၏ ရှာဖွေဖော်ထုတ်ရေးသားမှုများကြောင့် မြန်မာနိုင်ငံသား မိုဘိုင်းဖုန်းသုံးစွဲသူများမှာလည်း တဖြည်းဖြည်းနှင့် သိရှိလာနေကြပြီဖြစ်သည်။ ထို့အတူ စိတ်ပိုင်းဆိုင်ရာ အေးချမ်းမှုကို အလေးထားသော ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သည့် မြန်မာ့လူမှုအဖွဲ့အစည်းထဲတွင် မိုဘိုင်းဖုန်းကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာအပေါ် အကျိုးသက်ရောက်မှုများကိုလည်း သတိပြုမိလာနေကြပြီဖြစ်သည်။

**ဝေးဝေးထား၊ ကင်းကင်းနေ**

ဗုဒ္ဓဘာသာဝင်တို့သည် ပျံ့လွင့်လွယ်သောစိတ်ကို ထိန်းကျောင်းနိုင်ရေးတွင် တရားထိုင်ခြင်း(မက်ဒီတေးရှင်း) အလုပ်ကို အားကိုးအားထားပြုလေ့ရှိကြသည်။ ဤနေရာတွင် တရားထိုင်ခြင်းဆိုသည်မှာ လောကီအလုပ်များ လုပ်ကိုင်ရာတွင် အထောက်အပံ့ရရေးအတွက် စိတ်စွမ်းအားမြင့်မားလာစေရန်အားထုတ်သည့် သမထအလုပ်နှင့် ရုပ်၊နာမ်တို့၏ သင်္ခါရမမြဲခြင်းသဘောတရား အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို ရှုမှတ်ဆင်ခြင်သည့် ဝိပဿနာအလုပ် နှစ်ခုစလုံးကို ဆိုလိုသည်။ ယေဘုယျအားဖြင့် မက်ဒီတေးရှင်းအလုပ်လုပ်ခြင်းဆိုသည်မှာ စိတ်ကိုတည်တည်ငြိမ်ငြိမ်ရှိစေရန် လုပ်ဆောင်ပြီးမှ မိမိအာရုံထားချင်သည့်အရာကို စူးစိုက်မှုရရှိအောင်အားထုတ်ရခြင်း၊ မိမိရှုမှတ်ချင်သည့်အရာပေါ်တွင် သတိမလွတ်စေဘဲ ဆင်ခြင်နိုင်စွမ်းရှိအောင် အားထုတ်ရခြင်းဖြစ်သည်ဟု နားလည်မိသည်။ ထို့ကြောင့် ထိုအလုပ်လုပ်တော့မည်ဟု စိတ်ပိုင်းဖြတ်ထားပြီဆိုပါက စိတ်ပျံ့လွင့်စေသည့်အရာတစ်နည်းအားဖြင့် စိတ်ကိုအနှောင့်အယှက်ပေးတတ်သည့်အရာများနှင့် ကင်းကင်းနေနိုင်မှဖြစ်မည်။

**မိုဘိုင်းဖုန်းဖြင့် ချည်သောသံယောဇဉ်**

တစ်နေ့က နံနက်စောစော ရွှေတိဂုံစေတီတော်သို့ ဘုရားဝတ်ပြုရန်သွားရောက်ခဲ့သည်။ မြောက်ဘက်မုခ်ဓာတ်လှေကားမှ တက်သွားပြီးနောက် အောင်မြေနေရာသို့ ဦးတည်မိ၏။ နံနက် ၆ နာရီပင် မထိုးသေးသည့် စောစောစီးစီးအချိန်ဖြစ်သော်လည်း အောင်မြေနေရာတွင် ဘုရားဝတ်ပြုသူ အတော်များများရောက်နှင့်လေပြီ။ ဘုရားဝတ်ပြုမည်။ ပြီးလျှင် ဗုဒ္ဓနုဿတိပွားလျက် မိနစ်အနည်းငယ်တရားထိုင်မည်ဟု စိတ်ကူးကာ နေရာလွတ်တစ်ခုတွင် ကျုံ့ကျုံ့လေးဝင်ထိုင်လိုက်သည်။ မျက်လုံးမှိတ်၍ ဘုရားကိုစတင်ဦးခိုက်စဉ်မှာပင် တစ်ဖက်မှလာသောအသံကြောင့် အာရုံပျက်သွား၏။ အသံမှာအခြားအသံမဟုတ်။ ဘယ်ဘက်တွင်ထိုင်နေသော အမျိုးသမီးတစ်ယောက်၏ ဟန်းဖုန်းမှထွက်လာသော ဖုန်းခေါ်သံဖြစ်သည်။ ဖုန်းခေါ်သံအဖြစ် အဆိုတော်လေးဖြူ၏ သီချင်းသံထည့်ထားခြင်းဖြစ်ရာ သီချင်းမြူးဇစ်သံနှင့်အတူ "သံယောဇဉ်. . . သံယောဇဉ်" သီချင်းသံထွက်လာပြီးရပ်သွား၏။ တစ်ဖက်စကားပြောသူကို တုံ့ပြန်သည့် "ဟယ်လို" အသံကြားရပြီး အပြန်အလှန် အဆက်အစပ်စကားများစ၍ ကြားရတော့သည်။ စိတ်အနှောင့်အယှက်ဖြစ်သော်လည်း စိတ်မဆိုးနိုင်။ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်း စတင်ပေါ်လာကတည်းက မိမိကြောင့် ဘေးတစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်ခြင်းအပေါ် အလေးထားမှုလျော့နည်းခြင်း၊ ကိုယ်ချင်းစာနာစိတ်နည်းလာခြင်းတို့ ဖြစ်ပေါ်လာနေခဲ့သည်မှာ ကြာပြီ။

တဖြည်းဖြည်းနှင့်ပို၍ပင်ဆိုးလာသဖြင့် ကျင့်သားပင်ရလျက် သည်းခံတတ်နေခဲ့ပြီဖြစ်သည်။ အတွေးကိုပြန်ထိန်း၍ လက်အုပ်ချီ၊ ဘုရားစာဆက်ဆိုနေစဉ်ပင် မိုဘိုင်းဖုန်းအကြောင်းက ခေါင်းထဲပြန်လည်ဝင်ရောက်လာပြန်သည်။ ဘုရားရှိခိုးရင်းပေါ်လာသော မိုဘိုင်းဖုန်းအတွေးများက သူငယ်ချင်းတစ်ယောက်ပြောပြသည့် သင်္ကြန်ပိတ်ရက်များအတွင်းက ၎င်းဝင်ခဲ့သော တရားစခန်းအတွေ့အကြုံများအကြောင်းဖြစ်သည်။ စည်းနှင့်ကမ်းနှင့် စီစဉ်လုပ်ဆောင်နေသည့်ကြားမှပင် တရားစခန်းဝင်လာကြသူ ယောဂီဝတ်အချို့၏ တရားစခန်းဝင်သည့်ရက်များအတွင်း (တရားထိုင်ချိန်နားသည်နှင့်၊ အားချိန်ရသည်နှင့်) မိသားစုအရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးကိစ္စများအတွက် တရားစခန်းအတွင်း ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေကြသည့် အကြောင်းများဖြစ်သည်။

**အန္တရာယ်လော၊ အနှောင့်အယှက်လော**

လူတို့နေ့စဉ်စားသောက်နေသည့် အစားအသောက်များတွင် လူတို့အတွက် အာဟာရဖြစ်စေသော အစာများရှိသကဲ့သို့ အဆိပ်အတောက်ဖြစ်စေသော အစာများလည်းရှိသည်။ အချို့မှာလုံးဝမစားသင့်ဟု ပုံသေပြောနိုင်သည့် အရာများဖြစ်ပြီး အချို့မှာမူအခြေအနေပေါ်မူတည်၍သာ ဖြစ်တတ်သည်။ အခြေအနေပေါ်မူတည်၍ဟုဆိုရာတွင် အစားအသောက်တစ်မျိုးတည်း ၎င်းတစ်မျိုးတည်းကို စားသောက်ပါက ဘေးအန္တရာယ်မဖြစ်နိုင်သော်လည်း ထိုအရာနှင့် အခြားသောတစ်စုံတစ်ရာနှင့် တွဲဖက်စားသုံးမိပါက စားသုံးသူကို အသက်ဘေးအန္တရာယ်ကိုထိခိုက်စေခြင်း၊ အဆိပ်အတောက်ဖြစ်စေခြင်းတို့ဖြင့် ရင်ဆိုင်လာရနိုင်သည်။

ထိုအစားအသောက်များနှင့် ပတ်သက်၍ မီးဖိုချောင်များတွင် ကပ်ထားလေ့ရှိသည့် တွဲဖက်မစားသင့်သော အစားအစာအတွဲများ သတိရမိသည်။ အချို့တွဲဖက်အစားအစာများမှာ တွဲဖက်စားသောက်မိပါက အဆိပ်အတောက်ဖြစ်စေပြီး အချို့တွဲဖက်အစားအစာများမှာ သေတတ်သည့် အခြေအနေအထိဖြစ်သွားနိုင်သည်။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာဘေးဥပဒ်မဖြစ်စေရေးအတွက် သတိထားစားသောက်ရမည့် အစားအစာအတွဲများရှိသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်မဖြစ်စေရန်လည်း သတိထားရမည်ဖြစ်ပေသည်။ စိတ်အင်အားကောင်းစေရေး၊ စိတ်တည်ငြိမ်မှုရရှိရေးအတွက် အားထုတ်လေ့ကျင့်ရသည့် မက်ဒီတေးရှင်းအလုပ်လုပ်တော့မည်ဆိုလျှင် သို့မဟုတ် မိမိတို့အထွတ်အမြတ်ထားရာအရာတစ်ခု၏ရှေ့တွင် အာရုံတည်ငြိမ်စွာ ဝတ်ပြုတော့မည်ဆိုလျှင် မိုဘိုင်းဖုန်းကိုဆောင်ထားရန် (ဖွင့်ထားရန်) မသင့်၊ အနားတွင်မထားသင့်ဟု မှတ်ယူရမည်။ မိုဘိုင်းဖုန်းသည် မက်ဒီတေးရှင်းဟု ခေါ်သော တရားထိုင်ခြင်းနှင့် လုံးဝမအပ်စပ်သော၊ တွဲဖက်မထားအပ်သောအရာဟု ကောက်ချက်ချရမည်သာဖြစ်ပေသည်။

**စိတ်အင်အားကောင်းစေရေး၊ စိတ်တည်ငြိမ်မှုရရှိရေးအတွက် အားထုတ်လေ့ကျင့်ရသည့် မက်ဒီတေးရှင်း အလုပ်လုပ်တော့မည်ဆိုလျှင် သို့မဟုတ် မိမိတို့အထွတ်အမြတ်ထားရာအရာတစ်ခု၏ရှေ့တွင် အာရုံတည်ငြိမ်စွာ ဝတ်ပြုတော့မည်ဆိုလျှင် မိုဘိုင်းဖုန်းကို ဆောင်ထားရန် (ဖွင့်ထားရန်) မသင့်၊ အနားတွင်မထားသင့်ဟု မှတ်ယူရမည်။ မိုဘိုင်းဖုန်းသည် မက်ဒီတေးရှင်းဟုခေါ်သော တရားထိုင်ခြင်းနှင့် လုံးဝမအပ်စပ်သော၊ တွဲဖက်မထားအပ်သောအရာဟု ကောက်ချက်ချမည်သာဖြစ်**

# လွဲမှားစွာ အသုံးမပြုစေချင်. .

မြန်မာနိုင်ငံတွင် IT နည်းပညာသည် တစ်ရက်ထက်တစ်ရက် ဖွံ့ဖြိုးတိုးတက်နေပါတယ်။ IT နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ IT နည်းပညာကို အကျိုးရှိစွာ အသုံးပြုနေကြသူများရှိသကဲ့သို့ အကျိုးမဲ့စွာ အသုံးပြုနေကြသူများလည်းရှိပါတယ်။ မြန်မာမှာရော ကမ္ဘာမှာပါ ယနေ့ခေတ်သည် မိုဘိုင်းဖုန်းမုန်တိုင်း တိုက်ခတ်နေသည့် အချိန်ကာလတစ်ခုဟုဆိုသော် မမှားနိုင်သောအချက်ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

လူများစွာ အသုံးအပြုဆုံးနှင့် နာမည်အကျော်ကြားဆုံး လူမှုရေးမီဒီယာဝက်ဘ်ဆိုက်မှာ Facebook ဖြစ်ပါတယ်။ Facebook ကြောင့် သင်သိကျွမ်းသည့်သူများအပြင် မသိကျွမ်းသူများနှင့်ပါ ထိတွေ့ခွင့်ရကြပါတယ်။ ယခုအခါတွင် Facebook ကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည့် နိုင်ငံများနှင့်ပတ်သက်သော သုတေသနစစ်တမ်းအရ အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မက္ကဆီကို၊ ယူကေ၊ တူရကီ၊ ဖိလစ်ပိုင်၊ ဂျာမနီနဲ့ ပြင်သစ်စသည့်နိုင်ငံများသည် စစ်တမ်းတွင် ထိပ်ဆုံးနေရာ၌ ရပ်တည်နေတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုမှု သန်း ၃၀ ကျော်ရှိလာပြီး တစ်ဆက်တည်းတွင် မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုသူအရေအတွက်မှာ သန်း ၂၀ ကျော်ရှိနေပါတယ်။ ယင်းအနက် ခုနစ်သန်းကျော်မှာ Facebook အသုံးပြုနေကြသူများ ဖြစ်ပါတယ်။ Facebook နှင့်ပတ်သက်၍ ကောင်းတာရှိသလို ဆိုးတာတွေလည်းရှိနေပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ မြို့ရောတောပါမကျန် အင်တာနက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါတယ်။ သက်ကြီး၊သက်ငယ်တွေလည်း သွားရင်းလာရင်း ထိုင်ရင်းရပ်ရင်းနဲ့ အားရင်အားသလို ဖုန်းကို ပွတ်နေကြပါတယ်။ ညသန်းခေါင်ယံလွန်တဲ့အထိ မအိပ်ဘဲ အင်တာနက်ပေါ်တွင် ဇီးကွက်တစ်ကောင်အလား အသုံးပြုနေသည်ကို တွေ့မြင်နေရတယ်။ သံလိုက်ဓာတ်ပမာ ဆွဲငင်တတ်သည့် လူမှုကွန်ရက်တွေကြောင့်လား၊ Game တွေကြောင့်လားမသိ။ စွဲလမ်းနေကြတာတော့ အမှန်တကယ်ပါ။

"ဒီနေ့ ဘာထူးလဲမသိ" ဆိုပြီး Facebook လေးဖွင့်ကြည့်ရတာကိုက အလုပ်တစ်ခုလို ဖြစ်နေပါတယ်။ အချို့က အကောင့်အတုတွေနဲ့ လုပ်ကြံဖန်တီးပြီး သတင်းတွေတင်ကြတယ်။ ဒါကို ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာကို မတွေးတောမဆင်ခြင်ဘဲ ယုံတဲ့သူတွေက Like ပေးပြီး Share တွေလုပ်ကြတယ်။ ဒါမျိုးလူတွေများလာတော့ မဟုတ်တဲ့သတင်းကနေ ဟုတ်သယောင်ယောင်ဖြစ်သွားတယ်။ ဒီသတင်းကအမှန်ဟုတ်ရဲ့လား မေးကြည့်တော့ သိဘူးလေတဲ့။ သူများတွေ Share ထားလို့ ထပ် Share ပေးတာပါတဲ့။ ကိုယ်က Share လိုက်တဲ့အကြောင်းအရာဟာ မှန်ကန်တယ်ဆိုရင်တော့ အများအတွက် ကောင်းပါတယ်။ မမှန်ကန်ခဲ့ဘူးဆိုရင်တော့ အများအတွက်လည်း အကျိုးမရှိနိုင်ပါ။

ယခုအခါ တင်ချင်ရာတင်၊ ရေးချင်ရာရေးမယ်ဆိုရင်တော့ ဆက်သွယ်ရေးဥပဒေအရ အရေးယူခံရနိုင်ပါတယ်။ ဒါကြောင့် Like, Share, Comment ပြုလုပ်နေသူများအနေနဲ့ သေချာစိစစ်ဖတ်ရှုပြီးမှ ပြုလုပ်သင့်ပါတယ်။ တချို့မြန်မာမိန်းကလေးများဟာ အွန်လိုင်းပေါ်မှာ သူတို့ရဲ့ ထူးခြားသောလုပ်ဆောင်ချက်များ၊ ဓာတ်ပုံကို လူအများ စိတ်ဝင်စားအောင် မြန်မာ့ယဉ်ကျေးမှုနှင့် မလိုက်ဖက်သော အဝတ်အစားများကို သူများနှင့်မတူအောင် ဝတ်ဆင်ပြီး ပုံစံအမျိုးမျိုးနဲ့ ရိုက်တင်ကြတယ်။ ကိုယ်တင်ထားတဲ့ Post ကို Like လေးများများရဖို့၊ ဒီလိုအပြုအမူများ လုပ်ဆောင်နေကြခြင်းဟာ အများအမြင်မှာ မတင့်တယ်လှပါဘူး။ လူမှုရေးမီဒီယာဝက်ဘ်ဆိုက်များ လွဲမှားစွာအသုံးပြုမှုကြောင့် လူမှုရေးဖောက်ပြန်မှုများလည်း တစ်စတစ်စမြင့်တက်လျက်ရှိပါတယ်။

ယနေ့ခေတ်တွင် နိုင်ငံတကာမှာလည်း ဆယ်လ်ဖီကောင်းကောင်းရဖို့ အသက်ကိုရင်းဖို့ပင် ဝန်မလေးတော့ပေ။ အများတကာထက် ပိုမိုထူးခြားအောင် ဆယ်လ်ဖီဆွဲရာမှာ အန္တရာယ်ရှိတာကို သတိမမူတော့ဘဲ ပုံစံအမျိုးမျိုးနဲ့ ဆယ်လ်ဖီတွေ ရိုက်ကြပါတယ်။ ခဏတာကျော်ကြားမှုကို လိုချင်သောကြောင့် ဒီလိုအသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရတာတွေ မနည်းတော့ပါ။ ယခုအခါ မြန်မာနိုင်ငံမှာလည်း လူအများစုဟာ ဘာတွေပဲစားစား၊ ဘယ်နေရာသွားသွား၊ ဘာပဲလုပ်လုပ် ဆယ်လ်ဖီဆွဲလိုက်ရမှ ကျေနပ်ကြပါတယ်။

တချို့က ဆိုရှယ်မီဒီယာဝက်ဘ်ဆိုက်များကို အလုပ်အချိန်အတွင်းမှာ အလွန်အကျွံသုံးစွဲနေကြခြင်းကြောင့် လုပ်ငန်းစွမ်းဆောင်မှုများ ကျဆင်းလာပြီး အလုပ်တွေ မပြီးတဲ့အထိ ဖြစ်လာပါတယ်။ ထိုမျှအချိန်ကုန်နေခြင်းသည် မိမိအတွက် မည်မျှအကျိုးရှိစေသနည်းကို ပြန်သုံးသပ်သင့်ပါတယ်။ ကုန်ဆုံးလိုက်ရသောအချိန်အများစုသည် တကယ်တမ်း ပြန်ဆန်းစစ်ကြည့်သည့်အခါ မသုံးလည်း ဘာမှမဖြစ်ဘူးဆိုတဲ့ အဖြေထွက်လာတာကို လူအတော်များများ ကြုံဖူးကြပါလိမ့်မယ်။ ဆိုရှယ်မီဒီယာသုံးရင်း ခဏတာပျော်ရွှင်မှု ရှာမှာလား၊ လက်တွေ့ဘဝထဲမှာ ဝင်လှုပ်ရှားပြီး ရေရှည်တည်မြဲတဲ့ပျော်ရွှင်မှုကို ရှာမှာလားကတော့ မိမိဘာသာ ရွေးချယ်ရမယ့်ကိစ္စလို့ထင်ပါတယ်။







အင်တာနက်ကနေ နည်းပညာ၊ ကျန်းမာရေး၊ အသိပညာဗဟုသုတ၊ စာအုပ်၊စာပေနဲ့ စိုက်ပျိုးရေး website အစရှိတဲ့ အသိပညာ website နာမည်တွေ ရှာဖွေလေ့လာနေသူတွေက အလွန်နည်းပါတယ်။ အင်တာနက်ကို အကျိုးရှိစွာ အသုံးချချင်သူတွေအတွက်ကတော့ Chatting app တွေမှာလည်း အသိပညာ၊ ဗဟုသုတရစေတဲ့ လူထုအကောင့်အသိပညာတွေကို Follow တွေလုပ်ကာ အကျိုးရှိစွာ အသုံးပြုနိုင်ပါတယ်။

ယနေ့တွင် လူအများစုဟာ Facebook, Twitter, Viber နှင့် Whats App တို့ကဲ့သို့ လူမှုကွန်ရက်နဲ့ မက်ဆေ့ချ်ပေးပို့တဲ့ App များကို စွဲလမ်းစွာသုံးစွဲနေကြပါတယ်။ ထိုအရာများ သုံးစွဲ၍ ဆက်သွယ်ဆောင်ရွက်သည်မှာ မှားယွင်းသော အရာမဟုတ်သော်လည်း မျက်နှာချင်းဆိုင် စကားပြောချိန်နည်းပါးလာခြင်း၊ အချိန်ကို ထိုအရာများထဲ၌ အများအပြားနှစ်၍ ထားခြင်းက တစ်ကိုယ်ရေတိုးတက်မှုကို လျော့ကျလာနိုင်ပါတယ်။

မိသားစုနှင့် မိတ်ဆွေများကို ပြင်ပလောကတွင် အချိန်ပေး၍ တွေ့ဆုံခြင်းက လူမှုကွန်ရက်တွင် တွေ့ဆုံခြင်းထက် ပိုမိုကောင်းမွန်ပါတယ်လို့ ဆိုချင်ပါတယ်။ အခုအချိန်မှာ နည်းပညာဟာ လူမှုဘဝရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့တယ်ဆိုတာ ဘယ်သူမှ ငြင်းဆိုနိုင်ကြလိမ့်မည်မဟုတ်ပါ။

အောင်ဖြိုးကျော်

# သစ်ပင်တွေကို လွယ်လွယ်မစိုက်စေလို

## ကျော်ရင်မြင့်

မိုးဦးကျတာနဲ့ မြန်မာနိုင်ငံအနှံ့မှာ သစ်ပင်စိုက်မယ့်အသံတွေ ကြားလာရတယ်။ သစ်ပင်စိုက်ပွဲဆိုတာကိုလည်း နှစ်စဉ်ပဲ မြင်ရ၊ ကြားရတယ်။ သစ်ပင်ကို တကယ်ချစ်မြတ်နိုးလို့ စိုက်ကြတာလား။ ရာသီပေါ် ပေါ်ပင်စိုက်နေကြတာလား။ ပြန်စဉ်းစားသုံးသပ်သင့်ပါတယ်။

သစ်ပင်ကို ချစ်မြတ်နိုးလို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ သစ်ပင်စိုက်ကြတာဆိုရင် ကြိုဆိုပါတယ်။ ပေါ်လစီဇယားအရ ဇွန်လဆိုရင် သစ်ပင်စိုက်ရမယ်ဆိုပြီး ထ ထစိုက်တာမျိုးဆိုရင်တော့ နှစ်စဉ်ဖြုန်းတီးပစ်ခဲ့ကြတဲ့ ပျိုးပင်တွေက နှမြောစရာကောင်းလှပါတယ်။ ကျွန်တော်တို့အားလုံး သစ်ပင်တွေကို မြတ်မြတ်နိုးနိုးသာ စိုက်ပျိုးခဲ့ကြမယ်ဆိုရင် ရွှေနိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပွဲတော်အစွမ်းနဲ့ စိမ်းလန်းရုံမက ကျွန်တော်တို့ စိုက်ခဲ့ကြတဲ့ သစ်ပင်တွေက သစ်တွေတောင် ထုတ်ရောင်းနိုင်အောင်ကြီးကြရော့မယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံး ဘယ်နည်း၊ ဘယ်ပုံနဲ့ နှစ်စဉ်သစ်ပင်တွေကို စိုက်ခဲ့ကြတာလည်းဆိုတာ အားလုံးသိပါတယ်။

ရှေးကာလများက ရာသီပေါ်သစ်ပင်စိုက်ပွဲတော်မှာ ကုန်ကျခဲ့ရတဲ့ ပျိုးပင်ကုန်ကျစရိတ်တွေ နည်းမှာမဟုတ်ပါဘူး။ မြေမှာချပြီး စိုက်ပျိုးလို့ရနိုင်တဲ့ ပျိုးပင်တစ်ပင်ဖြစ်လာအောင် မျိုးစေ့ကစပြီး စိုက်ပျိုးရ၊ ရှင်သန်အောင် ရေလောင်း၊ ပေါင်းသင်ပေးရတဲ့ ကရိကထနဲ့ ကုန်ကျစရိတ်တွေနည်းမှာ မဟုတ်ဘူး။ ပျိုးပင်တွေအခမဲ့ဖြန့်ဝေပေးတဲ့ သစ်တောဦးစီးဌာန လူထုဖြန့် ပျိုးဥယျာဉ်တွေရဲ့ နှစ်စဉ်ဘတ်ဂျက်စာရင်းများကို လေ့လာကြည့်ရင် တွေ့ရနိုင်ပါတယ်။ ဝန်ထမ်းတွေက တာဝန်အရပျိုးထောင်ထားရတဲ့ ပျိုးပင်တွေကို ကျွန်တော်တို့က အလကားရတယ်ဆိုပြီးယူ၊ မြေကျင်းထဲထိုးစိုက်ပြီး ပစ်ထားလို့ ခြောက်သွေ့သေဆုံးကုန်ရတယ်ဆိုရင် တိုင်းပြည်ရဲ့ဘဏ္ဍာကို ဖြုန်းတီးရာလည်း ကျပါတယ်။

လူကြီးမင်းတွေ၊ ရုံးပေါင်းစုံ ဝန်ထမ်းတွေ၊ ကျောင်းသား ကျောင်းသူတွေ ဆင်နွှဲခဲ့ဖူးတဲ့ သစ်ပင်စိုက်ပွဲတော်တွေကို ပြန်စဉ်းစားကြည့်ရအောင်။ အလုပ်သမားတွေငှားပြီး မြေကျင်းတွေ အဆင်သင့်တူးခိုင်းတယ်။ သစ်တောဦးစီးဌာနက ယူလာတဲ့ပျိုးပင်တွေကို ကိုယ်စီယူပြီး မြေကျင်းထဲထည့်၊ ဘေးမှာ အဆင်သင့်ပုံပေးထားတဲ့မြေစာနဲ့ဖုံး၊ ပြုံးပြုံးလေး ဓာတ်ပုံအရိုက်ခံ၊ ပြီးတော့ လက်ဆေး၊ ကျွေးတာစား၊ သစ်ပင်စိုက်ပွဲတော် အောင်မြင်စွာပြီးဆုံးပါတယ်။

သစ်ပင်စိုက်ပွဲတော်မှာ စိုက်ပြီးခဲ့ကြတဲ့ သစ်ပင်တွေကို ပြန်ကြည့်တာ အင်မတန်နည်းတယ်။ ရေလောင်းပေါင်းသင်ပြီး ရှင်သန်အောင်ဂရုစိုက်သူက မရှိသလောက်ပါပဲ။ ဒါကြောင့်လည်း တစ်နှစ် တစ်နှစ်မှာ စိုက်ပျိုးခဲ့တဲ့ သစ်ပင်၊ ပျိုးပင်ပေါင်း အရေအတွက် သန်းနဲ့ချီပြီးရှိခဲ့ပေမယ့် သိသာထိရောက်စွာ အကျိုးမခံစားရတာ ဖြစ်ပါတယ်။

သစ်ပင်စိုက်ရာမှာလည်း သူ့ဒေသနဲ့ကိုက်တဲ့အပင်မျိုးကို စိုက်ပျိုးဖို့ သင့်ပါတယ်။ မြန်မာနိုင်ငံက မြေအမျိုးအစားအမျိုးစုံ၊ ရာသီဥတုအမျိုးစုံ ကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ သဲမြေ၊ နုန်းမြေ၊ ရွှံ့မြေ၊ ကျောက်စရစ်မြေ မြေ အမျိုးမျိုးအထွေထွေရှိသလို မိုးများတဲ့ဒေသ၊ မိုးနည်းတဲ့ဒေသ၊ စွတ်စိုတဲ့ဒေသ၊ ခြောက်သွေ့တဲ့ဒေသ၊ တောင်ပေါ်ဒေသ၊ မြေပြန့်ဒေသ သူ့ရေမြေ၊ သူ့ဒေသနဲ့ လိုက်ဖက်တဲ့အပင်မျိုးကို စိုက်ပျိုးမှ ရှင်သန်ပါတယ်။

ပျိုးပင်ကို မြေချရုံနဲ့ သစ်ပင်စိုက်တယ်လို့ မခေါ်နိုင်ပါဘူး။ စိုက်မယ့်မြေနေရာကိုလည်း ကြည့်ရှုရွေးချယ်ရပါဦးမယ်။ အပင်အတွက် ရေရနိုင်ရဲ့လား၊ မရနိုင်ရင် ရေဘယ်ပုံရစေမှာလဲ၊ ရေနုတ်မြောင်းဖော်ပေးမှာလား၊ အပင်စိုက်မယ့် မြေနေရာက ရေဝင်တဲ့နေရာလား အရင်ကြည့်ရပါမယ်။

ပျိုးပင်ကို မြေကျင်းထဲချတာတောင်မှ သူ့စည်းကမ်း၊ သူ့နည်းလမ်းတွေ ရှိပါတယ်။ ပျိုးပင်တွေကို မြေချမစိုက်ပျိုးမီမှာ ပျိုးအိတ်(ပလတ်စတစ်အိတ်)ကို မြေလုံးကျစ်လျစ်စေဖို့ လက်ဖြင့်ညှစ်ပြီး ပျိုးအိတ်(ပလတ်စတစ်အိတ်)ရဲ့ ဘေးနှစ်ဖက်ကို ဓားနဲ့ခွဲ၊ ပျိုးပင်မြေလုံးမကွဲအောင် သေသေချာချာ ဂရုတစိုက်နဲ့ ပလတ်စတစ်အိတ်ကို ဆွဲချွတ် ဖယ်ထုတ်ရပါမယ်။ သစ်ပင်စိုက်ပွဲ ဆင်နွှဲသူအများစုဟာ ပလတ်စတစ်ပျိုးအိတ်ကို မဖယ်ဘဲ စိုက်သူက များတယ်။

မြေလုံးနဲ့ ပျိုးပင်ကို မြေကျင်းထဲမြေချစိုက်ပျိုးရာမှာ မြေလုံးမကွဲအောင် ဂရုပြုရမယ်။ မြေပြန်ဖို့ချိန်မှာ လေမဟာအောင် စိုက်ပင်ဘေးမှာ ပြန်ဖို့တဲ့မြေကို သိပ်သွားအောင် လက်နှစ်ဖက်နဲ့ သေသေချာချာ ဖိပေးရပါမယ်။ ပျိုးပင်နဲ့ မြေအတွင်း အဏုဇီဝပိုးမွှားတွေရဲ့ လှုပ်ရှားမှုအား ပိုမိုကောင်းမွန်စေဖို့နဲ့ သစ်ပင်ရဲ့အမြစ် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ကာ အပင်အတွက်အစာကို ပိုမိုစုပ်ယူနိုင်စေဖို့ အပင်ရဲ့တစ်တောင်ပတ်လည်မှာ မြေတောင်မြောက် ခါးဆွပေးတာကို မိုးရာသီအတွင်းမှာ လုပ်ပေးရပါမယ်။

သစ်ပင်အမြစ်စွဲချိန်မှာ ပေါင်းရှင်းတာ၊ မြေတောင်မြှောက် ခါးဆွတာ လုပ်သလို မြေဆီသြဇာလည်း ဖြည့်ဆည်းပေးနိုင်မှ အပင်ကရှင်သန်ပါတယ်။

မိုးနည်းသွားပြီး ပူပြင်းခြောက်သွေ့လာတဲ့အချိန်မှာ သစ်ပင်အတွက် အစိုဓာတ် လိုအပ်လာပါတယ်။ စိုက်ထားတဲ့သစ်ပင် ရှင်သန်ဖို့အတွက် သစ်ပင်ကို ရေလောင်းပေးဖို့၊ ရေရရှိအောင် တစ်နည်းနည်းဆောင်ရွက်ပေးဖို့ လိုပါတယ်။

ဒါတွေကို ဆောင်ရွက်လိုတဲ့ ဆန္ဒရှိကြပါရဲ့လား။ ဘယ်သူလုပ်မှာလဲ။ ရေးထားတာ ဖတ်ရတာတောင်မှ ပျင်းစရာကောင်းလိုက်တာလို့ ထင်နေရင် သစ်ပင်ကို အမှန်တကယ်ပြုစုပြီး ရှင်သန်အောင်စိုက်ဖို့ခက်ပါတယ်။

မြန်မာနိုင်ငံမှာ သစ်ပင်တွေကို တကယ်ချစ်ပြီး ကိုယ့်အသိစိတ်နဲ့ကိုယ်

**သစ်ပင်ကို ချစ်မြတ်နိုးလို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ သစ်ပင်စိုက်ကြတာဆိုရင် ကြိုဆိုပါတယ်။ ပေါ်လစီဇယားအရ ဇွန်လဆိုရင် သစ်ပင်စိုက်ရမယ်ဆိုပြီး ထထစိုက်တာမျိုးဆိုရင်တော့ နှစ်စဉ်ဖြုန်းတီးပစ်ခဲ့ကြတဲ့ ပျိုးပင်တွေက နှမြောစရာကောင်းလှပါတယ်။ ကျွန်တော်တို့အားလုံး သစ်ပင်တွေကို မြတ်မြတ်နိုးနိုးသာ စိုက်ပျိုးခဲ့ကြမယ်ဆိုရင် ရွှေနိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပွဲတော်အစွမ်းနဲ့ စိမ်းလန်းရုံမက ကျွန်တော်တို့ စိုက်ခဲ့ကြတဲ့ သစ်ပင်တွေက သစ်တွေတောင်ထုတ်ရောင်းနိုင်အောင် ကြီးကြရော့မယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံး ဘယ်နည်း၊ ဘယ်ပုံနဲ့ နှစ်စဉ်သစ်ပင်တွေကို စိုက်ခဲ့ကြတာလည်းဆိုတာ····**

အတူပါလာတဲ့ ပျိုးအိတ်မြေလုံးက မြေပေါ်ပေါ်မနေဖို့၊ စိုက်တဲ့ကျင်းထဲမှာ များစွာ မြုပ်မနေစေဖို့ သတိပြုရပါမယ်။ ဒါဆိုရင် သစ်ပင်ကို မြေချတဲ့ ကိစ္စပြီးပါတယ်။ မြေချပြီးတဲ့သစ်ပင်ကို ရှင်သန်အောင် ပြုစုပျိုးထောင်ထိန်းသိမ်းရတဲ့အပိုင်းက ပိုပြီးအရေးကြီးတယ်။

သစ်ပင်စိုက်ပွဲတော်အဖြစ် စိုက်ကြတဲ့သစ်ပင်အများစုရဲ့ နေရာက အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေမှာ စိုက်တာကပိုများတယ်။ သစ်ပင်တွေကို သီးသန့်တာဝန်ယူစောင့်ရှောက်မယ့်သူ မရှိတတ်ဘူး။ ဒါကြောင့်လူနဲ့ တိရစ္ဆာန်တွေရဲ့ အန္တရာယ်ရှိတယ်။ ကာကွယ်ပေးဖို့ လိုတယ်။

သစ်ပင်တစ်ပင်ရှင်သန်ကြီးထွားစေဖို့အတွက် မြေဆီသြဇာ၊ အစိုဓာတ်၊ အလင်းရောင်နဲ့ လေဝင်လေထွက်ကောင်းဖို့ လိုပါတယ်။ သစ်ပင်လေး စိုက်ခါစမှာ ဒါတွေအဆင်ပြေအောင် ဂရုတစိုက်ဖြည့်ဆည်းပေးနေဖို့လိုတယ်။ ပိုးမွှားတွေဖျက်ဆီးမယ့်ဘေး၊ မလိုလားအပ်တဲ့ ပေါင်းမြက်တွေရဲ့ အနှောင့်အယှက်ကလည်း ရှိပါသေးတယ်။ ဒါတွေကို တစ်လတစ်ကြိမ်စိစစ်ပြီး ရှင်းလင်းပေးရမယ်။

သစ်ပင်ကို လေဝင်လေထွက်ကောင်းပြီး အပင်ရင်းမှာ ရေမဝင်အောင်၊ သစ်ပင်လိုက်စိုက်နေတဲ့သူတွေလည်း အများကြီးရှိပါတယ်။ ဥပမာ-မုံရွာမြို့က သိန်းတစ်ရာဦးချစ်လှိုင်ဆိုရင် ယခုအချိန်မှာ သစ်ပင်ပေါင်း ၃၀၀၀ လောက် ရှင်သန်အောင် စိုက်ပြီးပါပြီ။ သူ့ကို ကဗျာဆရာကြီး ဆရာအံ့မောင်က 'ရုက္ခဗိသုကာ'လို့ အမည်ပေးထားတယ်။ FREDA ဦးအုန်းတို့က ဦးချစ်လှိုင်ရဲ့ သစ်ပင်စိုက်ပျိုးတဲ့အလုပ်ကို ဂုဏ်ပြုပြီး 'မြေကမ္ဘာ'ဆု အပ်နှင်းဖူးတယ်။ ယခုအခါ အသက် (၇၀) ကျော်တဲ့အထိ သူသစ်ပင်တွေ စိုက်နေဆဲ။

ချောင်းဦးမြို့နယ် ခင်မွန်ရွာ 'ဘုရားနီချောင်' ဘုရားဝင်းတစ်ခုတည်းမှာပဲ ဦးချစ်လှိုင် စိုက်ထားတဲ့သစ်ပင် အပင် ၁၀၀၀ လောက်ရှိတယ်။ "အရင်က ဒီနေရာကို ဘုရားနီချောင်လို့ ခေါ်တယ်။ ဘုရားတွေက အနီရောင်ချည်းပဲ။ သစ်ပင်လည်းမရှိဘူး။ ကျတ်တီးကုန်း။ ဟိုနားမှာ နေပူခံဆင်းတုကြီးက ထီးထီးကြီး၊ ဘေးမှာ နတ်စင်လည်း ရှိတယ်။ ကျွန်တော်တို့ငယ်ငယ်က ဒီနေရာက ချောက်ချားစရာကောင်းလို့ ဘယ်သူမှ အသွားအလာ သိပ်မရှိဘူး" ဆိုပြီး ဦးချစ်လှိုင်က ပြောတယ်။ ယခုတော့ သူ့ကျေးဇူးနဲ့ ကျတ်တီးကုန်းက သစ်ပင်အုပ်ကြီးဖြစ်နေပါပြီ။

ဦးချစ်လှိုင်ရဲ့ စီးပွားရေးက မုံရွာမြို့မှာ သိန်းတစ်ရာ ရွှေဆိုင်လုပ်ငန်းပါ။ ခင်မွန်က မုံရွာနဲ့ ချောင်းဦးကြားမှာ ရှိတယ်။ "မိုးညိုရင် ကျွန်တော် ဒီ(ခင်မွန်ရွာ)ကို ရောက်လာတာ။ တစ်လက်မပဲရွာတဲ့မိုးရေကို လေးငါးလက်မ ရအောင် ဖမ်းထည့်ရတာ။ မိုးရွာလို့စီးလာတဲ့ရေတွေကို တာဖို့ပြီးဆယ်တယ်။ စုဆောင်းပြီးရေကို ကိုယ့်ခြံထဲ ထည့်ရတာ"လို့ ဦးချစ်လှိုင်က ပြောတယ်။ ခင်မွန်ရွာက သူသစ်ပင်တွေစိုက်ပျိုးထားတဲ့ဘုရားဝင်းကို ကျွန်တော် ရောက်ချိန်မှာ မိုးခေါင်ရေရှားတဲ့မုံရွာဒေသမှာရွာတဲ့ ရှားပါးမိုးရေကို ဘယ်လိုဆယ်ပြီး စုဆောင်းထားတယ်ဆိုတာကို လက်တွေ့လည်း မြင်ရပါတယ်။

ဦးချစ်လှိုင်က မုံရွာတစ်ဝိုက်က တောင်ကတုံးတွေကို စိမ်းမြအောင် တစ်ကိုယ်တော် ကြိုးပမ်းနေဆဲဖြစ်ပါတယ်။ "ပညာရှင်ကြီးတစ်ယောက်က လူတစ်ယောက်ကို သစ်ပင်နှစ်ပင်စိုက်ရင် ကမ္ဘာလောကကြီး ပြောင်းလဲသွားနိုင်တယ်တဲ့။ ကျွန်တော့်မှာ လူသားကောင်းကျိုးတွေလုပ်ဖို့ တာဝန်ရှိတယ်ဆိုတဲ့အမြင်တွေ ငယ်ငယ်က စာအုပ်ဖတ်ပြီး ကိုယ့်ကို စိုးမိုးနေတာ။ သဘာဝတွေ ပြုန်းတီးနေတာကို ကိုယ်နိုင်သလောက် ပြန်လုပ်ပေးဖို့တော့ လူတိုင်းမှာ တာဝန်ရှိတယ်။ ကိုယ်စားသုံးခဲ့တာတွေအတွက် ကမ္ဘာမြေကြီးကို အကြွေးပြန်ဆပ်ရမယ်ဆိုတဲ့ စာပေတွေနဲ့ ကျွန်တော်ကြီးပြင်းလာခဲ့တာ"လို့ ဦးချစ်လှိုင်က ပြောတယ်။

သစ်ပင်တွေစိုက်ကြဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ်။ သစ်ပင်တွေကို ချစ်မြတ်နိုးစွာ ဂရုစိုက်ပြီးစိုက်ကြရင် ကျွန်တော်တို့ သဘာဝဝန်းကျင်ဟာ မကြာခင်မှာ စိမ်းလန်းငြိမ်းချမ်းလာမှာပါ။

သစ်ပင်တွေကို ပြီးကပစ် လွယ်လွယ်မစိုက်စေချင်ပါ။ 'ပြောင်းလဲချိန်တန်ပြီ'လို့ ပြောပြောနေကြတာမို့ ယခုနှစ်ကစလို့ သစ်ပင်စိုက်မယ့်ပုံစံကို ပြောင်းလဲလိုက်ကြပါစို့။ ။



# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) အစည်းအဝေး (၂/၂၀၁၆) ကျင်းပ



**နေပြည်တော် ဇွန် ၉**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များမှ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များအား ဆောင်ရွက်လျက်ရှိပြီး ယခင် အစည်းအဝေးတွင်ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်အသီးသီး၏ လွှတ်တော်ရုံးများ ဖွဲ့စည်းရေးကိစ္စရပ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ ဆွေးနွေးညှိနှိုင်း သဘောထားပေးစေလိုကြောင်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU) အစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီမိုကရေစီကျင့်စဉ်ဖော်ဆောင်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် လွန်စွာမှပင်အရေးကြီးကြောင်း၊ လွှတ်တော်များ အားကောင်းမှ လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်နေသော ဥပဒေပြုရေးလုပ်ငန်းစဉ်ကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အပြန်အလှန်စောင့်ကြည့်ထိန်းကျောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် မိမိတို့၏ လုပ်ကိုင်နိုင်သည့် မူဘောင်အတွင်းမှသာ အထူးသတိပြုဆောင်ရွက်စေလိုကြောင်း၊ ဒီမိုကရေစီကျင့်စဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် လွှတ်တော်အသီးသီး၏ လုပ်ငန်းတာဝန်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လွှတ်တော်များ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်ဦးကျင်ဖေက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဇယား (၂)၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြဋ္ဌာန်းနိုင်သည့် အကြောင်းအရာကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များ ဖြစ်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများဖွဲ့စည်းရေးအပါအဝင် လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ယင်းဆွေးနွေးချက်များအပေါ် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးကို စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းတင့် | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးဝင်းဖေ | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေ စိစစ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ခေါင်လန်ဖူးဒေသသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ရိက္ခာများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၈၀၊ ကြက်သွန်နီ ပိဿာ ၇၀၊ ကြက်သွန်ဖြူ ငါးပိဿာ၊ ငါးခြောက် ၁၀ ပိဿာ၊ ကြာဇံ ၁၀ ပိဿာ၊ အာလူး ၂၁ ပိဿာနှင့် ဆားအထုပ် ၁၇၀ တို့ကို ဇွန် ၇ ရက်က ပူတာအိုမြို့မှ ခေါင်လန်ဖူးသို့ တပ်မတော် ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

ထို့ပြင် တပ်မတော်မှ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ထားသော မဝွေဇရွာရှိ ဆန်အိတ် ၂၅၀ ကိုလည်း ခေါင်လန်ဖူးဒေသသို့ အမြန်ဆုံးရောက်ရှိစေရေး လား၊ ဆိုင်ကယ်များဖြင့် ဆက်လက်ပို့ဆောင်လျက်ရှိသည်။

စားနပ်ရိက္ခာများကို တပ်မတော်ရဟတ်ယာဉ်များဖြင့် အဆက်မပြတ်ပေးပို့ခဲ့ခြင်းကြောင့် ယခုအခါ ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၂၄၀၊ ကြက်သွန်နီ ၁၇၅ ပိဿာ၊ ကြက်သွန်ဖြူ ငါးပိဿာ၊ အာလူး ၅၆ ပိဿာ၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ကြာဆံပိဿာ ၄၀၊ ကြက်ဥအလုံး ၃၀၀၊ ငါးခြောက်ပိဿာ ၅၀ နှင့် ဆားအထုပ် ၃၇၀ တို့ကို ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများလက်ဝယ်သို့ အရောက်ပေးပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**



# အမြန်လမ်းမကြီးတစ်လျှောက်ရှိ ကျေးရွာများနှင့် ကျောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**နေပြည်တော် ဇွန် ၉**

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ကြီးကြပ်မှုအောက်ရှိ ရဲစခန်းအသီးသီးမှ အမြန်လမ်းမကြီးတစ်လျှောက် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်နှင့်အညီ အမြန်လမ်းမကြီးဘေး ဝဲ/ယာအနီးရှိ ကျေးရွာများနှင့် ကျောင်းများသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်လျက်ရှိရာ ဇွန် ၄ ရက်က ပလွေးအမြန်လမ်းမကြီး ရဲစခန်းမှူးနှင့်အဖွဲ့၊ အမြန် လမ်းမကြီးပြုပြင်ထိန်းသိမ်းရေး (ကြီးကြပ်ရေးအဖွဲ့)၊ အမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့နှင့် မြို့ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များ ပူးပေါင်းကာ အမြန်လမ်းမိုင်တိုင်အမှတ်(၁၉၇/၆)အနီးရှိ မြို့ကုန်းကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများအားတွေ့ဆုံပြီး အမြန် လမ်းမကြီးပေါ်တွင် ကျွဲ၊ နွားများ ဖြတ်သန်းသွားလာခြင်းနှင့် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ ယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်းမရှိစေရေး အမြန်လမ်းမကြီး ဥပဒေ၊ မော်တော်ယာဉ် ဥပဒေများအား သိရှိနားလည်စေရန် ဆွေးနွေးခြင်းနှင့် ဥပဒေအရ အရေးယူဆောင်ရွက်မှုအခြေအနေများရှင်းလင်းကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ အမြန်လမ်းမကြီးဘေးရှိ ဗောဓိကုန်း ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ ဆရာမ ၁၀ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲကို ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။ ထို့အပြင် အမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများအား ကူညီကယ်ဆယ်မှုအနေဖြင့် အမြန်လမ်းမကြီးပေါ်၌ ယာဉ်ဘီးပေါက်၍ ကူညီမှု ၃၂ ကြိမ်၊ ဆီပြတ်၍ကူညီမှု ၁၁ ကြိမ်၊ စက်ချွတ်ယွင်း၍ ကူညီမှု ၇၁ ကြိမ်၊ ယာဉ်ရုတ်တရက်ရပ်သဖြင့် ကူညီမှု ၁၁ ကြိမ်၊ ခရီးသွားမကျန်းမာ၍ ကူညီဆောင်ရွက်ပေးမှု တစ်ကြိမ်ရှိခဲ့ပြီး အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ ခရီးသွားပြည်သူများ ခရီးသွားလာရင်း မီးဖွားသည့်အခါဖြစ်စေ၊ ယာဉ်ပေါ်၌ သေဆုံးသည့်အခါဖြစ်စေ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ပေးခြင်းနှင့် ယာဉ်ပေါ်၌ ခရီးသည်များအား စိတ်ပြေငြင်အောင် ပြုမူဆောင်ရွက်ခြင်းများကိုလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အင်းဝဘဏ်လီမိတက် ကျိုက်ထိုဘဏ်ခွဲသစ်ဖွင့်လှစ်

**ကျိုက်ထို ဇွန် ၉**

အင်းဝဘဏ်သည် နှစ်ပေါင်း(၂၀)ခန့် ဘဏ်လုပ်ငန်းဖြင့် မိဘပြည်သူများ၏ ငွေကြေးဆိုင်ရာ ကိစ္စအဝဝများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းဝဘဏ်လီမိတက်နှင့် ချိတ်ဆက်ထားသည့် မိတ်ဖက်ဘဏ်များနှင့် ငွေလွှဲ/ငွေထုတ်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ ငွေပေးမိန့်များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံအမျိုးမျိုး ထုတ်ပေးခြင်း၊ Debit Card ထုတ်ပေးခြင်း၊ အင်းဝဘဏ်လီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းမှလည်း မိုဘိုင်းဖုန်းနှင့် ကျေးလက်နေ တိုင်းရင်းသားပြည်သူများအတွက် ငွေလွှဲ/ငွေထုတ်လွယ်ကူစွာဆောင်ရွက်ပေးခြင်း စသော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့် ခိုင်မာသော ဘဏ်လုပ်ငန်းတစ်ခုဖြစ်ရာ ယခုအခါ အင်းဝဘဏ်လီမိတက်၏ (၄၀)ခုမြောက် ဘဏ်ခွဲဖြစ်သော ကျိုက်ထိုဘဏ်ခွဲကို ကျိုက်ထိုမြို့ ဗိုလ်ချုပ်လမ်း ကံ့ကော်ရပ်ကွက်တွင် ယနေ့ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ထို့ပြင် အင်းဝဘဏ်လီမိတက်သည် ပြည်တွင်းဘဏ်လုပ်ငန်းစနစ်များ တိုးတက်ခေတ်မီအောင် ဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် Decentralize စနစ်မှ Centralize စနစ်သို့ ကူးပြောင်းကာ တိုင်းရင်းသားမိဘပြည်သူများအား ယခုထက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။

**(ဦးလတ်)**

# မင်းတပ်ခရိုင် ဟီးလောင်းကျေးရွာ၌ ရေကန်တည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေး

**မင်းတပ် ဇွန် ၉**

ရက် ၁၀၀ အတွင်းဆောင်ရွက်ရမည့်လုပ်ငန်းများအနက် ကျပ်သိန်း ၅၀ ဖြင့် ဟီးလောင်းကျေးရွာ ရေကန်တည်ဆောက်နေမှုကို မင်းတပ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးထန်းအွမ်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းကို ဇွန် ၁၅ ရက်တွင် အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ယခုလက်ရှိတွင် ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းနှင့် အဆိုပါရေကန်မှာ ဂါလန်ပေါင်း ၆၅၀၀ ဆံ့ ရေလှောင်ကန်ဖြစ်၍ ဟီးလောင်းကျေးရွာနေပြည်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**

# ရန်ကုန်မြို့တွင်း လမ်းဘေးယာဉ်ရောင်းဝယ်မှုပြုလုပ်နေသည့် ယာဉ်များအား နေရာသတ်မှတ်ပေးမည်

**ရန်ကုန် ဇွန် ၉**
ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု လျှော့ချရန်အတွက် မြို့တွင်းလမ်းဘေး လူစည်ကားရာနေရာများတွင် ယာဉ်ရောင်းဝယ်မှု ပြုလုပ်နေသည့် ယာဉ်များအား ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း)လမ်းဆုံအနီး နေရာသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရေးသားရေးရာ ဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

"ယာဉ်ရောင်းဝယ်ရေး လုပ်တဲ့သူတွေက ခေတ်အဆက်ဆက် အစိုးရတွေဆီကို ကားအရောင်းအဝယ် လုပ်လို့ရမယ့် မြေနေရာပေးဖို့ တောင်းဆိုခဲ့တယ်။ အစိုးရသစ်လက်ထက်မှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က မြေနေရာပေးဖို့ စီစဉ်ထားတယ်။ တောင်၊ မြောက်လမ်းဆုံဘက်မှာ မြေ ၂၅ ဧကလောက် တောင်းဆိုထားတယ်"ဟု ၎င်းက ပြောသည်။

ယခင်က ရန်ကုန်မြို့တွင် ယာဉ်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် သက်ဆိုင်ရာမှ နေရာအတည်တကျ သတ်မှတ်ပေးခြင်းမရှိခဲ့သောကြောင့် မကြာခဏ ပြောင်းရွှေ့ရပြီး လုပ်ငန်းလုပ်ရာတွင် အခက်အခဲများရှိခဲ့ကြောင်း ယာဉ်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။



ယာဉ်ရောင်းဝယ်ရေး လုပ်ငန်း ဆောင်ရွက်နေသည့် ဦးခင်မောင်ညွန့်က "တရားဝင် ယာဉ်ရောင်းဝယ်ရေး လုပ်လို့ရမယ့်နေရာ သတ်မှတ်ပေးမယ်ဆိုရင် ကောင်းတာပေါ့။ ဟိုတုန်းကတော့ အတည်တကျ မရှိဘူး။ သတ်မှတ်ပေးထားတဲ့ နေရာတွေကလည်း ခဏခဏ ပြောင်းခိုင်းတော့ လုပ်ရကိုင်ရတာ အဆင်မပြေဘူး။ မရွှေ့မပြောင်းရအောင် နေရာလေးအတည်တကျ သတ်မှတ်ပေးမယ်ဆိုတော့ ကောင်းပါတယ်"ဟု ပြောသည်။

"လမ်းဘေးမှာ ယာဉ်ရောင်းဝယ်ရေးလုပ်တာကြောင့် ယာဉ်ကြောကျပ်တည်းတယ်ဆိုတာ ရန်ကုန်တစ်မြို့လုံးတော့ မဟုတ်ဘူး။ သူနဲ့သက်ဆိုင်တဲ့ နေရာတွေမှာပဲ ဖြစ်တာ။ လမ်းဘေးမှာ ယာဉ်ရောင်းဝယ်နေတာတွေ မြို့ပြင်ထုတ်လိုက်ရင်တော့ အထိုက်အလျောက် ယာဉ်ကြောရှင်းလင်းမှု ဖြစ်သွားနိုင်သလို ပြန့်ကျဲပြီး လုပ်ထားတာအားလုံးကို နေရာတစ်နေရာတည်းမှာ လုပ်လိုက်ရင် စာရင်းတစ်ခုအဖြစ် တိတိကျကျ ဖြစ်နိုင်ပါတယ်" ဟု အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းလွင်က ပြောသည်။

ရန်ကုန်မြို့တွင်း လမ်းဘေးနေရာများတွင် ယာဉ်ရောင်းဝယ်ရေး လုပ်ငန်းလုပ်နေသည့် ယာဉ်အစီးရေ ၂၀၀၀ ကျော်မှ ၇၀၀၀ ခန့်အထိ ရှိနေကြောင်း၊ အဆိုပါယာဉ်များကို မြို့ပြင်သို့ နေရာအတည်တကျ သတ်မှတ်ပေးပြီး လုပ်ကိုင်မည်ဆိုပါက ရန်ကုန်မြို့ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း ကရင်တိုင်းရေးသားရေးရာဝန်ကြီးက ပြောသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံမှုလုပ်ငန်းများအတွက် ဘတ်ဂျက်များ ဖြတ်တောက်မှုမရှိသည့်အပြင် မြေပြင်တွင်လည်း လုပ်ငန်းများဆက်လက်လုပ်ကိုင်နေ

**နေပြည်တော် ဇွန် ၉**
မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားခြံစည်းရိုးကာရံမှုလုပ်ငန်းများအတွက် ချထားပေးသည့် ဘတ်ဂျက်ကိုဖြတ်တောက်ခြင်းမရှိသည့်အပြင် လက်တွေ့မြေပြင်တွင်လည်း ခြံစည်းရိုးကာရံမှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေပြီဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးထံမှ သိရှိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဘတ်ဂျက်တွင် နယ်စပ်ခြံစည်းရိုးကာရံရန်အတွက် ငွေကျပ်သန်းပေါင်း ၅၅၄၄ ဒသမ ၈၂၃ သန်း (၅ ဒသမ ၅ ဘီလီယံကျော်)ကို ခွဲဝေလျာထားခဲ့ကြောင်း သိရသည်။

ယင်းငွေကိုပြီးခဲ့သည့် အစိုးရလက်ထက်က ပထမအကြိမ်လွှတ်တော်တွင် ဘတ်ဂျက်ခွဲဝေမှု အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအစိုးရသစ် တက်လာပြီး ဘတ်ဂျက်များ ပြန်လည်စိစစ်မှု လုပ်သော်လည်း မူလဘတ်ဂျက်တွင် ခွဲဝေထားသည့် နယ်စပ်ခြံစည်းရိုးကာရံရန် ခွဲဝေပေးထားသည့် ငွေကျပ် ၅ ဒသမ ၅ ဘီလီယံကျော်ကိုမူ ဖြတ်တောက်ခြင်း၊ လျှော့ချခြင်းမပြုခဲ့ကြောင်း ဦးဇော်ဌေးက ဆိုသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံခြင်းနှင့် ပတ်သက်၍ ဘတ်ဂျက်ဖြတ်တောက်လိုက်သည်ဟု Facebook အပါအဝင် အတည်ပြုနိုင်



ခြင်းမရှိသည့် သတင်းများစွာ ထွက်ပေါ်နေပြီး နယ်စပ်လုံခြုံရေးကို စိုးရိမ်ပူပန်ကြသဖြင့် ဝေဖန်ပြောကြားနေမှုများအပြင် သတင်းဌာနအချို့က နယ်စပ်ခြံစည်းရိုးဘတ်ဂျက်အကြောင်း မေးမြန်းလာခြင်းများကြောင့် ယခုကဲ့သို့ ရှင်းလင်းရခြင်း ဖြစ်ကြောင်းနှင့် ပထဝီနိုင်ငံရေးအရ နယ်စပ်နယ်နိမိတ်များ လုံခြုံရေးသည် အမျိုးသားလုံခြုံရေးဖြစ်သည်ကို အစိုးရအဆက်ဆက် အလေးထား ဆောင်ရွက်သွားကြရမည်သာဖြစ်ကြောင်း ဦးဇော်ဌေးက ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။

ဆက်လက်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ် ခြံစည်းရိုးကာရံခြင်းကို ၂၀၀၉ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စစ်ထောက်ချုပ်ရုံးကို အလုပ်အပ်နှံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘတ်ဂျက်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ငွေလုံးငွေရင်းတွင် ထည့်သွင်းတောင်းခံပြီး ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ ခြံစည်းရိုးကာရံရန် စစ်ထောက်ချုပ်ရုံးအောက်ရှိ စစ်အင်ဂျင်နီယာတပ်များသို့ အလုပ်အပ်နှံရကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ အဆင့်(၄)ဆင့်ကို တောက်လျှောက်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ မူလဘတ်ဂျက် လျာထားချက်တွင် မပါဝင်သဖြင့် ဖြည့်စွက်ဘတ်ဂျက်တွင် ထည့်သွင်းတောင်းခံခဲ့သော်လည်းမရခဲ့ကြောင်း၊ ဖြည့်စွက်သုံးစွဲမှုများကို စိစစ်၍ နောက်နှစ်ဘတ်ဂျက်အသစ်တွင် ထည့်သွင်းတောင်းခံရန် စီစဉ်ခဲ့ကြောင်း၊ နယ်ခြားခြံစည်းရိုးကာရံမှုလုပ်ငန်းများအတွက် ချထားပေးသည့် ဘတ်ဂျက်ကို ဖြတ်တောက်ခြင်းမရှိသည့်အပြင် မြေပြင်တွင်လည်း ခြံစည်းရိုးကာရံလုပ်ကိုင်နေပါကြောင်း ဦးဇော်ဌေးက ရှင်းလင်းဖော်ပြထားသည်။ **(ညီညီ)**

■ **တောင်ကျချောင်းမှ**
အမျိုးသားအလောင်း နှစ်လောင်း တွေ့ရှိထားပါတယ်။ ရပ်ကွက်ခြောက်ရပ်ကွက်မှာကတော့ တောင်ကျချောင်းရေတွေ နှစ်ပေကနေ ၁၀ ပေခန့်အထိ မြင့်တက်လာပြီး ကားလမ်းအချို့ ရေနစ်မြုပ်နေပါတယ်။ မြို့ကုန်းမြို့မနဲ့ ဈေးရုံဗိုလ်တဲကတော့ အနည်းငယ်ပဲ ရေဘေးသင့်ပါတယ်။ ရေဘေးသင့်ပြည်သူတွေက ကိုယ့်အိမ်မှာကို ဆက်ပြီးနေထိုင်ကြတာဖြစ်တဲ့အတွက် အရင်နှစ် ရေဘေးကော်မတီက လှူဒါန်းထားတဲ့ စက်လှေတွေနဲ့ပဲ ထမင်းထုပ်တွေ လိုက်ဝေပေးနေတာ တွေ့ရပါတယ်"ဟု ပြောသည်။ ရေကြီးရေလျှံမှုကြောင့် အိမ်ထောင်စု ၄၀၀၀ ခန့်မှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားရလျက်ရှိကြောင်း သိရသည်။

ကောလင်းမြို့ ရေဘေးသင့်ဒုက္ခသည်များအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ လှူဒါန်းမှုအစီအစဉ်အဖြစ် ကမ္ဘောဇဘဏ်လီမိတက်မှ ဝန်ထမ်းများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်မြေခံတပ်မတော်အရာရှိများနှင့် တပ်မတော်သားများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ခြောက်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ကောလင်းမြို့နယ်လုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးပရဟိတအဖွဲ့တို့ ပူးပေါင်း၍ စက်လှေများဖြင့် နေ့လယ်စာ၊ ညစာအတွက် ထမင်းထုပ်များ လတ်တလောလိုက်လံဝေငှပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရေလွှမ်းမိုးမှုသည် ကောလင်းမြို့၏ အထက်တွင်ရှိသော ဝန်းသိုမြို့၌ ညလုံးပေါက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ ကောလင်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် မြေနိမ့်ပိုင်းကျေးရွာများသို့ စီးဆင်းလာပြီး ၂၀၁၆ ခုနှစ်အတွင်း ပထမဦးဆုံး ရေကြီးမှုဖြစ်ပွားရခြင်းဖြစ်သည်။ အထူးသဖြင့် ကုန်းမြင့်ဒေသများတွင် သစ်တောများပြုန်းတီးမှုကြောင့် တောင်ကျချောင်းရေများသည် ပြင်းထန်စွာအရှိန်ဖြင့် မြေနိမ့်ပိုင်းသို့ ဒလဟော စီးဆင်းမှုကြောင့်လည်းကောင်း၊ တောင်ပတ်လည် ဝန်းရံလျက်ရှိသော ဝန်းသိုမြို့ပတ်ဝန်းကျင်ရှိ သဘာဝရေကာတာများ ရေထိန်းသိမ်းနိုင်စွမ်းမရှိတော့သဖြင့်လည်းကောင်း မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**သတင်း-သဲနိုင်ဦး**
**ဓာတ်ပုံ-တင်လင်း(ကောလင်း)**

✱ **ကျောဖုံးမှ**
ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၄ ရက်တွင် မလေးရှားအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် စီစဉ်ထားပြီး ယင်းခြေစမ်းပွဲအပြီးတွင် ဥရောပနိုင်ငံများသို့ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်အပြီးတွင် အောက်တိုဘာလ၌ တောင်ကိုရီးယားနိုင်ငံသို့ ထပ်မံသွားရောက်မည်ဖြစ်ပြီး နိုဝင်ဘာလဆန်းပိုင်းတွင် ဆူဇူကီးဖလားပြိုင်ပွဲအကြိုနောက်ဆုံး နိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် မေလမှစတင်ပြင်ဆင်လျက်ရှိပြီး ဇွန်လဆန်းပိုင်းက ကျင်းပခဲ့သည့် လေးနိုင်ငံပြိုင်ပွဲတွင် တတိယနေရာသာ ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအပြီးတွင် လေ့ကျင့်မှုခေတ္တရပ်နားခဲ့ပြီး ဇွန် ၁၀ ရက်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အဆိုပါပြိုင်ပွဲအတွက် ယခုနှစ်ဆန်းပိုင်းကတည်းက စတင်လေ့ကျင့်ခဲ့ပြီး နယ်သာလန်နိုင်ငံသား နည်းပြချုပ် ရော်ဂျာရိုင်နာမှာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စတင်ကိုင်တွယ်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလအတွင်းက ဂျပန်နိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲငါးပွဲကစားခဲ့ပြီး ဇွန် ၄ ရက်နှင့် ၇ ရက်တွင် တောင်ကိုရီးယားလက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၉ ရက်တွင် မန္တလာသီရိကွင်း၌ ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



ဇွန် ၉ ရက်က မြေပုံမြို့နယ်တွင် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၅၅ ဦး စုစုပေါင်း ၈၄ ဦးနှင့် ကျောက်ဖြူမြို့နယ်တွင် အမျိုးသား ၁၀၉ ဦး၊ အမျိုးသမီး ၁၄၃ ဦး စုစုပေါင်း ၂၅၂ ဦး (အပေါ်ပုံ) တို့အား နိုင်ငံသားသက်သေခံကတ်ပြား (NVC)များ ဆောင်ရွက်ပေးနေစဉ်။
(စောမိုးကျော်)

# ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲသည် ဌာနအလိုက်ပြောရေးဆိုခွင့်ရှိသူများအတွက် ကောင်းသည့်အလေ့အကျင့်ဖြစ်

နေပြည်တော် ဇွန် ၉

**ပြောရေးဆိုခွင့်ရှိသူများသည် မီဒီယာများနှင့် ထိတွေ့မှုရှိရမည့် ပုဂ္ဂိုလ်များဖြစ်သည်။ မီဒီယာများနှင့် ထိတွေ့မှုမရှိသည့်ဌာနများကိုလည်း ထိတွေ့မှုရှိစေရန် ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများနှင့် မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းသည် ပြောရေးဆိုခွင့်ရှိသူများအတွက် ကောင်းသည့်ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ပြုလုပ်သည့် ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာပြုလုပ်ခဲ့သည်။ ထို့ကြောင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် ဆွေးနွေးပွဲမှတစ်ဆင့်ရရှိခဲ့သည့်အတွေ့အကြုံများနှင့် စပ်လျဉ်း၍ သင်ကြားပို့ချပေးသည့် သတင်းစာဆရာ ဦးရဲနိုင်မိုးနှင့် တက်ရောက်လာကြသည့် ပြောရေးဆိုခွင့်ရှိသူများအား မေးမြန်းခဲ့သည်များကို ပြန်လည် ဖော်ပြပေးလိုက်ပါသည်-**

**ဦးရဲနိုင်မိုး (သတင်းစာဆရာ)**

ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ပြီးတော့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ပေးတာပါ။ အရင်က ပြန်ကြားရေးဝန်ကြီးဌာနက အစိုးရအဖွဲ့တစ်ရပ်လုံး ကိုယ်စားပြုပြီးတော့ သတင်းထုတ်ပြန်ပေးခဲ့တာမျိုးရှိတယ်။ တကယ်တမ်းကျတော့ ဝန်ကြီးဌာနတွေအနေနဲ့က သူတို့ရဲ့ ပြောရေးဆိုခွင့်ရှိတဲ့သူတွေက သက်ဆိုင်ရာဝန်ကြီးဌာနကို ကိုယ်စားပြုပြီး ပြောဖို့လိုအပ်တယ်။ အရင်အစိုးရလက်ထက်မှာ လုပ်ခဲ့တယ် ဆိုပေမယ့် ထိုက်သင့်သလောက်မအောင်မြင်ခဲ့တာတွေ ရှိတယ်ဆိုတော့ အခုတစ်ကြိမ်မှာ ပြောရေးဆိုခွင့်ရှိတဲ့သူတွေ ပြောဆိုလာအောင်၊ မီဒီယာနဲ့ ရင်းနှီးလာအောင် ဒီဆွေးနွေးပွဲကို ပြုလုပ်ပေးတဲ့သဘောမျိုးပါပဲ။

ဒီလိုဆွေးနွေးပွဲမျိုး အရင်အစိုးရလက်ထက်ကလည်း လုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲပုံစံကတော့ အရင်တစ်ခါ လုပ်ခဲ့သလိုပါပဲ။ သင်တန်းနဲ့ သင်တန်းရဲ့ လုပ်ရိုးလုပ်စဉ်တွေကတော့ အတူတူပါပဲ။ တစ်ခုထူးခြားတာက အခုအစိုးရလက်ထက်မှာ ပွင့်လင်းမြင်သာမှုပိုရှိလာတယ်။ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူတွေထည့်တဲ့မဲနဲ့ တက်လာတဲ့ အစိုးရဆိုတော့ ဝန်ကြီးဌာနတွေကို အရင်ထက်ပိုပြီး သတင်းမီဒီယာကတစ်ဆင့် ပြည်သူတွေကို စကားပြောဖို့အတွက် ပိုပြီးအားပေးလာမယ်လို့တော့ ကျွန်တော် မျှော်လင့်ပါတယ်။

အရင်တုန်းကလည်း ပြောရေးဆိုခွင့်ရှိသူတွေထားတာပဲ။ ဒါပေမယ့် မပြောခဲ့ဘူး။ ပြဿနာတွေ ရှိတယ်ဆိုတော့ မပြောပြောအောင် ပြောင်းလဲဖို့ဆိုတာက ဒီလိုအလုပ်ရုံဆွေးနွေးပွဲတစ်ခုတည်းနဲ့ မရဘူး။ အထက်က အရေးပါတဲ့ဝန်ကြီးအဆင့်တွေ၊ အရာရှိကြီးတွေက ပြောရေးဆိုခွင့်ရှိသူတွေ ပြောတဲ့အခါမှာ ပိတ်ပင်တာမျိုး၊ အပြစ်ပေးတာမျိုး၊ ဆူပူတာတွေမျိုးတော့မဖြစ်သင့်ဘူး။ သူ့ရဲ့တာဝန်က ပြောရေးဆိုခွင့်ဖြစ်တော့ ဘယ်လိုပြောရမယ်ဆိုတဲ့အချက်အလက်တွေပေးဖို့၊ ပြောရေးဆိုခွင့်ကို လေးစားပေးဖို့လိုတယ်။ အပြစ်ပေးတာတွေ၊ ဆူတာတွေရှိမယ်ဆိုရင်တော့ ဘယ်လောက်ပဲသင်တန်းတွေပေးပေး၊ ဘယ်လောက်ပဲအလုပ်ရုံဆွေးနွေးပွဲတွေလုပ်လုပ် ဒီလူတွေပြောမှာမဟုတ်ဘူး။

အစိုးရအဖွဲ့ကိုယ်တိုင်က သူတို့ရဲ့ပြောရေးဆိုခွင့်ရှိသူတွေရဲ့ အခန်းကဏ္ဍကို လေးလေးစားစားလိုက်နာပေးဖို့လိုတယ်။ ပြောရေးဆိုခွင့်ရဖို့အတွက် သတင်းအချက်အလက်တွေ သူတို့ကိုပေးဖို့ အဓိကကျပါတယ်။ ပြောရေးဆိုခွင့်ရှိသူတွေဟာ အတွင်းဝန်တို့၊ ညွှန်ကြားရေးမှူးချုပ်တို့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့လို အင်မတန်ရာထူးမြင့်တဲ့ ပုဂ္ဂိုလ်တွေဖြစ်နေပါတယ်။ ဒီပုဂ္ဂိုလ်တွေအနေနဲ့ ဘာလိုလဲဆိုရင် သူတို့လုပ်ခဲ့တဲ့နှစ်ပေါင်း ၃၀ ဝန်းကျင်မှာ ခံယူထားတဲ့ သတင်းမီဒီယာဆိုတာ ပြဿနာရှာဖို့လာတာပဲဆိုတဲ့ အတွေးအခေါ်တွေကို ပြောင်းလဲပစ်ဖို့လိုပြီ။ သတင်းမီဒီယာကမေးတာဟာ ပြည်သူလူထုကသိချင်လို့မေးတာဆိုတဲ့ ပြည်သူလူထုရဲ့ အခွင့်အရေးကို တကယ်လိုက်နာဖို့ပါ။ အဲဒါကတော့ သူတို့ရဲ့တွေးခေါ်မှုပိုင်းဆိုင်ရာပြင်ဆင်ဖို့ သူတို့ရဲ့လိုအပ်ချက်ပါ။

အခုသင်တန်းမှာ သူတို့ဆွေးနွေးတာတွေကနေ ပညာတွေအများကြီးရပါတယ်။ အစိုးရဌာနတွေက သတင်းထုတ်ပြန်ရေးနဲ့ ပတ်သက်ပြီး ဘာတွေအခက်အခဲရှိတယ်ဆိုတာကိုလည်း သိရတယ်။ အဲဒီမှာ မြင်နေတာတစ်ခုက သတင်းမီဒီယာအပေါ်မြင်တဲ့အမြင်ဟာ ပြဿနာရှာသူသက်သက်ဆိုတဲ့အမြင်က တချို့သောဌာနဆိုင်ရာက လူကြီးတွေကြားထဲမှာ ရှိနေဆဲ၊ အမြစ်တွယ်နေဆဲဆိုတာလည်း တွေ့ရတယ်။ ဒါဟာချက်ချင်းပြေပျောက်သွားမှာတော့ မဟုတ်ဘူး။ ရှောင်နေရင်တော့ ဒီအမြစ်က အမြဲတမ်းတွယ်နေတော့မှာပဲ။ အမြဲတမ်းသတင်းမီဒီယာတွေနဲ့ ထိတွေ့တယ်၊ စကားပြောတယ်၊ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို တဖြည်းဖြည်း နားလည်လာမယ်ဆိုရင်တော့ တဖြည်းဖြည်းနဲ့ ထိတွေ့မှုမရှိဘူးဆိုတာတွေ ပျောက်ကွယ်သွားမယ်လို့တော့ မျှော်လင့်ပါတယ်။



ဦးကိုလေးဝင်း



ဦးမျိုးမင်း



ဦးစောအောင်

**ဦးကိုလေးဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန)**

ဒီဆွေးနွေးပွဲကနေ မီဒီယာတွေနဲ့ ဆက်ဆံရေးမှာ ပြောရေးဆိုခွင့်ရှိသူတွေ လိုအပ်တဲ့ အခြေခံအချက်အလက်တွေ ပေးပါတယ်။ ဒုတိယနေ့မှာတော့ သတင်းစာရှင်းလင်းပွဲလုပ်ရင် ဘယ်လိုလုပ်ရလဲဆိုတာ သင်တန်းနည်းပြဆရာက တစ်ခုချင်း၊ တစ်ခုချင်းပေါ်မှာ ဝေဖန်ပြီးတော့ သေသေချာချာ အကြံပြုဆွေးနွေးတာတွေဟာဆိုရင် တော်တော်ကောင်းပါတယ်။

မီဒီယာတွေနဲ့ တွေ့တဲ့အခါ ပြောရေးဆိုခွင့်ရှိသူတွေရဲ့ အခက်အခဲကတော့ မီဒီယာသမားတွေ လိုက်နာရမယ့် ကျင့်ဝတ်တွေကို လိုက်နာဖို့ အဓိကအရေးကြီးတာပေ့ါ။ အဲဒါအပြင် မီဒီယာတွေက တစ်ခါတလေကျရင် သူတို့ရဲ့ ကျွမ်းကျင်မှုအားနည်းတာလည်းပါမှာပါ။ အဲဒီလိုအားနည်းတဲ့အချိန်အခါမှာ မမေးသင့်တဲ့မေးခွန်းတွေ မေးလာတဲ့အခါ ပြောရေးဆိုခွင့်ရှိသူတွေမှာ အခက်အခဲရှိပါတယ်။ ပြောရေးဆိုခွင့်ရှိသူတွေ ပြောနိုင်တဲ့ မေးခွန်းတွေ မေးရင် သိပ်ပြဿနာမရှိဘူး။ နိုင်ငံတော်သမ္မတလောက်အဆင့်က ပြောရမယ့်ဟာမျိုး ဒီမှာလာမေးရင်တော့ ဘယ်ရမလဲ။ နောက်တစ်ခုက ပြောရေးဆိုခွင့်ရှိသူတွေကို ကြိုတင်ပြီးတော့ ချိတ်ဆက်ထားတာမျိုးမဟုတ်ရင် ဖြေဆိုဖို့ခက်တယ်။ ဘယ်အကြောင်းအရာကိုလာပြီး သတင်းယူချင်တယ်၊ ဘယ်နှုန်းရီတွေ့ချင်တယ်၊ ဘာအချက်အလက်တွေ လိုချင်တယ်လို့ပြောထားရင်တော့ ပြောရေးဆိုခွင့်ရှိသူတွေက အချက်အလက်တွေစုဆောင်းထားဖို့ လွယ်တယ်။ သိပ်ပြီး မခက်ခဲဘူး။ မခက်ခဲပေမယ့် တစ်ခါတလေကျရင် လျှပ်တစ်ပြက်ရောက်လာတယ်။ မီဒီယာသမားမို့ ပြောရေးဆိုခွင့်ရှိသူက မတွေ့လို့လည်း မရဘူး။ မဖြေလို့လည်းမရဘူး။ အဲဒီလိုဆိုရင် ပြောရေးဆိုခွင့်ရှိသူတွေမှာ အခက်အခဲအများကြီးတွေ့မှာပါပဲ။ ပြောရေးဆိုခွင့်ရှိသူတွေနဲ့ တယ်လီဖုန်းနဲ့အင်တာဗျူးလုပ်တယ်။ တချို့လူကိုယ်တိုင်လာတယ်။ တချို့ဆို အီးလ်မေးနဲ့ သိချင်တာတွေမေးတယ်။ အဲဒီမှာ တချို့က မေးတာကတစ်မျိုး၊ တကယ်ရေးတာကတော့ အချက်အလက်တွေက အလွဲတွေလည်းဖြစ်တတ်တယ်။ ဘယ်သူကပြောတယ်လို့ တိုက်ရိုက်ထည့်ရေးလိုက်တဲ့အခါကျတော့ အမှားတွေ ဖော်ပြထားတော့ ပြည်သူက အမှားတွေသိသွားမှာဖြစ်တဲ့အတွက် အဲဒါလည်းအခက်အခဲတစ်ခုထဲမှာ ပါပါတယ်။

**ဦးထွန်းထွန်းနိုင် (အမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**

ကျွန်တော်က ဘဏ္ဍာရေးဝန်ကြီးဌာနမှာ စီမံကိန်းကိစ္စတွေ၊ နိုင်ငံခြားကူညီထောက်ပံ့ကိစ္စတွေ ပုံမှန်လုပ်ဆောင်ပါတယ်။ ကျွန်တော်တို့ဌာနက သာမန်အားဖြင့် မီဒီယာနဲ့ ထိတွေ့မှုက နည်းပါတယ်။ ဒါကြောင့် မီဒီယာထိတွေ့မှု၊ ရင်းနှီးကျွမ်းဝင်မှုမရှိတဲ့အတွက် ဘယ်လိုဖြေကြားရမယ်ဆိုတာ အတွေ့အကြုံမရှိသေးပါဘူး။ အခုလို ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ပေးတဲ့ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲ သင်တန်းနှစ်ရက်တာကာလအတွင်းမှာ မီဒီယာနဲ့ ဘယ်လိုဆက်သွယ်ရမယ်၊ ဘယ်လိုဆက်ဆံရမယ်၊ ဘယ်လို ဖြေကြားရမယ်၊ ဘယ်လိုစီစဉ်ဆောင်ရွက်ထားရမယ် ဆိုတာ သိကျွမ်းနားလည်လာပါတယ်။ ရှေ့လျှောက်မီဒီယာနဲ့ တွေ့ဆုံရမှာဖြစ်တဲ့အတွက် လက်တွေ့အသုံးချနိုင်မယ်လို့ထင်ပါတယ်။ နောက်ပြီးတော့ သတင်းတွေရေးတဲ့အခါ ဘယ်အချက်ကို အဓိကထားပြီးတော့ ရေးရမယ်ဆိုတာ နားလည်လာပါတယ်။ နောင်လည်း လက်တွေ့အသုံးချရမယ့် ဘာသာရပ်တွေဖြစ်ပြီး ဒီသင်တန်းကို တက်ရောက်ခွင့်ရတဲ့သူတွေအတွက် တကယ်ကို အကျိုးရှိတဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်။

**ဦးစောအောင် [အင်ဂျင်နီယာချုပ် လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]**

ကျွန်တော်က ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့မှာ အဖွဲ့ဝင်ဖြစ်ပါတယ်။ ဒီသင်တန်းက သင်ကြားပို့ချလိုက်တဲ့ သတင်းမီဒီယာလောကရဲ့ အခြေခံအချက်အလက်တွေကို လေ့လာသင်ကြားခွင့်ရတဲ့အတွက် တန်ဖိုးဖြတ်မရတဲ့ အတွေ့အကြုံတွေရရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်တဲ့အခါ အခုသင်တန်းက ပို့ချလိုက်တဲ့ အတွေ့အကြုံတွေအပေါ် အခြေခံပြီး မီဒီယာတွေက ဆက်သွယ်မေးမြန်းလာတဲ့အခါ ဂယနဏ ခြေခြေမြစ်မြစ် စနစ်တကျ ပြန်လည်ဖြေကြားပြီးတော့ ပြည်သူတွေကို သိရှိအောင် ကြိုးစားဆောင်ရွက်သွားမှာပါ။

**ဦးမျိုးမင်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**

ဒီသင်တန်းက ကျွန်တော်တို့ ပြောရေးဆိုခွင့်ရှိသူတွေအတွက် အင်မတန်အကျိုးရှိတဲ့ သင်တန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ အရင်တုန်းက မီဒီယာနဲ့ ထိတွေ့တဲ့အခါမှာ စကားပြောရမယ်ဆိုရင် အချက်အလက်က မခိုင်မာဘူး၊ ကြောက်ရွံ့နေတယ်။ တကယ်တော့ မီဒီယာဆိုတာ ကျွန်တော်တို့ကိုယ်စား ပြည်သူတွေကို တင်ပြပေးမယ့် ကြားခံဆက်သွယ်ရေးပေါင်းကူးတံတားဖြစ်တယ်ဆိုတာ နားလည်လာပါတယ်။ နောက်ပြီးတော့ မီဒီယာတွေ ဆက်သွယ်မေးမြန်းလာတဲ့အခါ ကိုယ့်ဘက်က ဘယ်လို အချက်အလက်တွေနဲ့ ပြင်ဆင်ထားရမယ်ဆိုတာ သိလာပါတယ်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်က ဌာနမှာရှိတဲ့ ရာထူးငယ်တွေကို မီဒီယာတွေ ဆက်သွယ် မေးမြန်းလာတဲ့အခါ ပြန်လည်ဖြေကြားနိုင်ဖို့ ဆင့်ပွားသင်တန်း ပြန်လည်ပေးသွားမှာပါ။ မီဒီယာပိုင်းကတော့ မီဒီယာရဲ့ ကျင့်ဝတ်ကို စောင့်ထိန်းပြီးတော့ ဝန်ထမ်းတွေရဲ့ဘဝကို နားလည်ပေးဖို့၊ ဝန်ထမ်းတွေဘက်ကလည်း ပွင့်လင်းမြင်သာစွာနဲ့ ကိုယ့်ရဲ့ရရှိနိုင်တဲ့ အချက်အလက်မှန်သမျှကို ရဲရဲဝံ့ဝံ့ ဖြေကြားပေးဖို့လိုပါတယ်။ ကျွန်တော်တို့က အရင်တစ်ချိန်တုန်းက မီဒီယာနဲ့ မေးမြန်းလာတဲ့အခါ ငါပြောလိုက်ရင်မှားသွားမလားဆိုတဲ့ စိုးရိမ်စိတ်လေးတွေရှိပါတယ်။ အခု ဒီသင်တန်းကို တက်ပြီးတဲ့အခါမှာ ကျွန်တော်လေ့လာထားသမျှ သင်တန်းက အတွေ့အကြုံတွေကို အခြေခံပြီး မီဒီယာတွေက မေးမြန်းလာမှုကို ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့ဖြေကြားသွားမှာပါ။

**တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ ကိုမင်း**

---

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၆-၆-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၉-၅-၂၀၁၆ ရက်နေ့မှ ၂၀-၅-၂၀၁၆ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦးနှင့် အထွေထွေ ငါးဦး ပေါင်းရှစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ သုံးဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ မဂ္ဂဇင်းထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားလာသူ တစ်ဦးကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၃၉ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၀၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၁၇၉ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ မဂ္ဂဇင်းအသစ်လျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ရှေးဟောင်းအနုလက်ရာ တည်ဆောက်ရေးပစ္စည်းများသုံး၍ ရွှေနန်းတော်ကျောင်းလှေကားပိုင်းအား ရှေးဟောင်းအင်္ဂတေလက်ရာဖြင့်ထိန်းသိမ်းမည်



**မန္တလေး ဇွန် ၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်နိုင်ငံသံရုံး၏ထောက်ပံ့မှုဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေနန်းတော်ကျောင်းကြီးတိုင်များကြံ့ခိုင်ရေး၊အမိုးများရေစီးဆင်းမှုကောင်းမွန်ရေး၊ မီးဘေးလုံခြုံရေး၊ တံခါးနှင့်ရက်မများ၊ မြန်မာမှုအနုလက်ရာများ ရှေးမူမပျက်ထိန်းသိမ်းရေးလုပ်ငန်းများကို ရှေးဟောင်းသုတေသနပညာရှင်များ၊ မြန်မာဗိသုကာပညာရှင်များနှင့်ပူးပေါင်း၍ အမေရိကန်ပညာရှင်များက အနီးကပ်ကြီးကြပ်ကာ ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့၏အတိုင်ပင်ခံ ဂျို့စဖိန်ဒီလာရီရိုသည် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ ဝတ်ချိုင်းဝက်သန်နရန်တွင် ရှေးဟောင်းအဆောက်အအုံများ အကြီးတန်းပြုပြင်ထိန်းသိမ်းရေးတာဝန်ခံအဖြစ် ဆောင်ရွက်လျက်ရှိပြီး အီတလီ၊ အီဂျစ်၊ မာလီ၊ မော်ရိုကို၊ ဆီးရီးယားနိုင်ငံတို့တွင် အင်္ဂတေပိုင်း၊ မြို့ရိုးတံတိုင်းနှင့် ပန်းရန်ပိုင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ လေ့လာတွေ့ရှိမှုများအား ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၇၁)လမ်းထောင့်ရှိ အမေရိကန်သံရုံး ပြန်ကြားရေးဌာနခွဲ ဂျက်ဖာဆင်စင်တာတွင် မန္တလေးမြို့ရှိ ရှေးဟောင်းသုတေသနပညာရှင်များ၊ မြန်မာမှုဗိသုကာပညာရှင်များ၊ တက္ကသိုလ်များမှရှေးဟောင်းသုတေသန သမိုင်းဘွဲ့လွန်ကျောင်းသားကျောင်းသူများ၊ စိတ်ဝင်စားသူများ၊ သတင်းမီဒီယာများအား ရှင်းလင်းတင်ပြခဲ့သည်။

ဂျို့စဖိန်ဒီလာရီရို၏ လေ့လာတွေ့ရှိမှုများနှင့် ပေါင်းစပ်၍တည်ဆောက်ရေးပစ္စည်းများသုံးကာ ရွှေနန်းတော်ကျောင်း၏လှေကားပိုင်းကို ရှေးဟောင်းအင်္ဂတေလက်ရာဖြင့် ပြန်လည်ပြုပြင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဒုတိယ)ပွဲစဉ်(ပဲခူး)၌ ကျင်းပ

**ပဲခူး ဇွန် ၉**

ထူးချွန်သော ဂေါက်သီးကစားသမားများပေါ်ထွက်လာစေရေးအတွက် မြဝတီဘဏ်က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(ဒုတိယ)ပွဲစဉ်ကို ဇွန် ၉ ရက်နံနက်ပိုင်းက ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌နေရာယူကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ မြဝတီဘဏ်ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း (ငြိမ်း)၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင်ပညာရှင်အဆင့် ၂၈ ဦး၊ ဝါသနာရှင်အဆင့် ၇၈ ဦး(အမျိုးသား)၊ ဝါသနာရှင်အဆင့် ၁၀ ဦး(အမျိုးသမီး) စုစုပေါင်း ၁၁၆ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**(ဖိုးသော်ဇင်)**

■

# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းခဲ့သည်မှာ ဆယ်နှစ်ကျော်လာသော်လည်း သိရှိနားလည်မှုနှင့် အရေးယူမှုအားနည်းနေ

**မုံရွာ ဇွန် ၉**

ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်ရေးအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတွင် ပါဝင်သော အချက်များအပေါ် အခြေခံရေးဆွဲထားသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းခဲ့သည်မှာ ဆယ်နှစ်ကျော်လာပြီဖြစ်သော်လည်း ဥပဒေကို သိရှိနားလည်မှု၊ လိုက်နာမှု၊ အရေးယူမှုအားနည်းနေသေးသည်ကိုတွေ့ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက မုံရွာမြို့တော်ခန်းမ၌ မေ ၃၁ ရက်က ကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

"ကျောင်းသားလူငယ်၊ လူရွယ်လေးတွေ ဆေးလိပ်ဆေးရွက်ကြီး စတင်စမ်းသပ်သောက်သုံးတာကို ထိထိရောက်ရောက်ကာကွယ်နိုင်ဖို့၊ သုံးစွဲနေသူတွေကိုလည်း သုံးစွဲလိုစိတ် လျော့နည်းလာစေဖို့ ရည်ရွယ်ပြီး ဥပဒေကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါပေမယ့် ဆေးလိပ်၊ စီးကရက် ထုတ်လုပ်သူတွေဟာ မိမိတို့ရဲ့ကုန်ပစ္စည်းကို အရောင်းမြှင့်တင်ဖို့အတွက် နည်းလမ်းမျိုးစုံအသုံးပြုပြီး စည်းရုံးဆွဲဆောင်နေတာကို တွေ့မြင်နေရပါတယ်။ ဒီဆွဲဆောင်မှုရဲ့အန္တရာယ်ကိုသတိမပြုမိဘဲ စမ်းသပ်သုံးစွဲရာက လူငယ်လူရွယ်တွေ ဆေးလိပ်၊ ဆေးရွက်ကြီးရဲ့ သားကောင်တွေဖြစ်သွားကြမယ်ဆိုရင် ကျန်းမာကြံ့ခိုင်တဲ့ လူသားအရင်းအမြစ်များစွာလိုနေတဲ့ မြန်မာနိုင်ငံအတွက် ဆုံးရှုံးမှုတွေဖြစ်စေပါတယ်"ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့တွင် ဆေးလိပ်ထုပ်ပိုးခွံများ၏ ဆွဲဆောင်အားကို လျော့နည်းစေပြီး လက်ရှိဆေးလိပ်သောက်သုံးသူများနှင့် ဆေးလိပ်ကို စမ်းသပ်သုံးစွဲချင်သည့်လူငယ်များ၏ ဆေးလိပ်သောက်သုံးချင်စိတ်ကို လျှော့ချနိုင်ရန်အတွက် "ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုလျှော့ချရေး ထုပ်ပိုးမှုစံသတ်မှတ်ပေးဝိုင်းဝန်းအကောင်အထည်ဖော်စို့မနွေး"ဟူသော ဆောင်ပုဒ်ဖြင့် အားလုံးပူးပေါင်းဆောင်ရွက်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ဆေးလိပ်၊ ဆေးရွက်ကြီး ထုပ်ပိုးသည့်ဘူးခွံများကို တစ်ပြေးညီ စံသတ်မှတ်ပေးပြီး ထုပ်ပိုးစေခြင်းဖြင့် ဆေးလိပ်ဘူးခွံများ၏ ဆွဲဆောင်အားကို လျော့ကျစေကာ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကျဆင်းလာရန် ရည်ရွယ်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Plain Packaging ကို ကမ္ဘာပေါ်တွင် ဩစတြေးလျနိုင်ငံက စတင်အကောင်အထည်ဖော်ခဲ့သည့် နိုင်ငံဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများတွင် Plain Packaging ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် ဥပဒေစတင်အာဏာသက်ဝင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် Plain Packaging ပထမခြေလှမ်းအစဟုဆိုနိုင်သော "ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့် စာသားများပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ"ကို ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်အာဏာသက်ရောက်မည်ဟု သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မုံရွာခရိုင်အတွင်း လုပ်ငန်းစုစုပေါင်း ၅၀၀ ကို ငွေကျပ် ၃၀၆၀၉ ဒသမ ၂၁၃ သန်း အသုံးပြုဆောင်ရွက်သွားမည်

**မုံရွာ ဇွန် ၉**

ရင်းနှီးမြှုပ်နှံမှုစီမံကိန်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများအနေဖြင့် မုံရွာခရိုင်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၈၃၆၃ ဒသမ ၅၉၆ သန်းနှင့် လုပ်ငန်းပေါင်း ၃၅၉ ခုကို ဆောင်ရွက်သွားမည်ဖြစ်သလို ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေကျပ်သန်းပေါင်း ၁၂၂၄၅ ဒသမ ၆၁၇ သန်းနှင့် လုပ်ငန်းပေါင်း ၁၄၁ ခုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စီမံကိန်းမှူး ဦးဝင်းလှိုင်ထံမှ သိရသည်။

"မုံရွာခရိုင်အနေနဲ့ လုပ်ငန်းစုစုပေါင်း ၅၀၀ ကို ဘတ်ဂျက်ငွေကျပ်သန်း ၃၀၆၀၉ ဒသမ ၂၁၃ သန်း အသုံးပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်မယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများဟာ အောက်ခြေ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ဦးစားပေးအစီအစဉ်နဲ့ တင်ပြရွေးချယ် ဖော်ဆောင်ထားတာဖြစ်ပါတယ်"ဟု ဦးဝင်းလှိုင်က ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းလျာထားချက်များသည် ပြီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် အတည်ပြုချက်ရယူပြီးဖြစ်သလို စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀(ခ)/ပုဒ်မ ၂၅၁ ပြဋ္ဌာန်းထားချက်အရ ဒေသန္တရစီမံကိန်းကို ပြည်ထောင်စုအစိုးရ၏မူဝါဒများနှင့် မဆန့်ကျင်စေဘဲ မိမိနယ်မြေဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေပြည်သူများ၏ ဆန္ဒသဘောထားများကို ရယူပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရေးဆွဲကာ တိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်နှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မျိုးဝင်းထွန်း)**

# ကျေးရွာမျိုးစေ့ဘဏ် ထူထောင်ရန်အတွက် မျိုးစေ့ပေးအပ်ပွဲနှင့် တောင်သူပညာပေးသင်တန်းဖွင့်

**မြေပုံ ဇွန် ၉**

မြောက်ဦးခရိုင် မြေပုံမြို့နယ်တွင် ကျေးရွာမျိုးစေ့ဘဏ် ထူထောင်ရန်အတွက် တောင်သူလယ်သမားများအား မျိုးစေ့ပေးအပ်ပွဲနှင့် တောင်သူပညာပေးသင်တန်းကို ဇွန် ၄ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအေးခိုင်က ကျေးရွာမျိုးစေ့ဘဏ်ထူထောင်ရန်အတွက် မျိုးစေ့ပေးအပ်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် တောင်သူပညာပေးသင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်တို့ကို ပြောကြားသည်။ မျိုးစေ့ဘဏ်ထူထောင်ခြင်းဖြင့် တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များကို အလွယ်တကူသုံးစွဲနိုင်မည့်အကြောင်းနှင့် ယင်းမျိုးစေ့များကို သုံးနှစ်တစ်ကြိမ် သွေးသစ်လောင်းစိုက်ပျိုးကြရန် ပြောသည်။

ဆက်လက်ပြီး တောင်သူလယ်သမားများကို မျိုးစေ့ဆိုင်ရာ အချက်အလက်များ၊ သီးနှံကာကွယ်နှိမ်နင်းရေးဆိုင်ရာ အချက်အလက်များကို သင်တန်းပို့ချပြီး တောင်သူလယ်သမားများက သိရှိလိုသည်များကို မေးမြန်းရာ စိုက်ပျိုးရေးဦးစီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



သင့်စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၀- ၆ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား New Channel

နံနက်ပိုင်း
၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၇း၃၅ "ဗဟုသုတရှာမှီးရာ စာအုပ်စာပေဖတ်ရှုပါ"
၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ Weekly Sport Info
၁၁း၁၅ "သူ"ကိုပြန်လည်ပုံဖော်ခြင်း"
၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၁၁)
၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၃၈)
၂း၁၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂)
၃း၃၅ မြန်မာ့လေလှေ့ ရိုးရာလက်ဝှေ့ (ထူးထွေနှင့်စောအယ်လေး)
၃း၅၀ "ဂီတစာဆိုတစ်ဦး၏ အကြိုက်ဆုံး တေးများထဲကတစ်ပုဒ်"
၄း၁၅ "ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး"
၄း၃၅ Football မဂ္ဂဇင်း၏ (ရတနာပုံယူနိုက်တက်အသင်း)
၅း၁၅ Catch Asia News (45) 5;35 Hyper Sport
၆း၃၅ မှတ်မှတ်သားသားပုံပြင်များ "ခါးဝတ်ပုဆိုး" (ဘလိတ်၊ ဇေယျလင်း၊ ထက်နေချမ်း၊ ဟိန်းရှိုင်း၊ နန်းမြတ်ဆုမွန် (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၃၈)
၈း၀၀ ပြည်တွင်းသတင်း၊ -နိုင်ငံတကာသတင်း၊ -မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုဇာတ်လမ်း "191" (အပိုင်း-၁၂) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းမော်ကွန်း၊ မိုးဟေကို၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဝိုင်း) -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၁၂) -ချစ်သောဤမြေကမ္ဘာမြေ

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ -အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ"မိုးခါးရေ"
၆း၂၀ MRTV Entertainment Music
၆း၄၀ -ကာတွန်းအစီအစဉ် "Barbie in the Pink Shoes" (အပိုင်း-၂)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၁၆)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့အလှတရား" (အပိုင်း-၆၄)
၈း၂၀ MRTV Entertainment Music
၈း၄၀ ဂီတစာဆို ကိုနေဝင်း (အပိုင်း-၁)
၉း၁၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၂၀ သနပ်ခါး ပါးတို့ပွဲ
၉း၃၀ တေးဂီတအစီအစဉ်
၉း၄၀ တောင်ပြုံးနတ်ပွဲ(အပိုင်း-၄)
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရှယ်လီကေသာ"
၁၂း၀၀ အစီအစဉ်ပြီး၏
* နံနက်(၁း၃၀) နာရီ -Live: Euro 2016"France Vs Romania"

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၄၀ "သစ္စာအနက်(၁၆)ချက်" (အမှတ်-၂)တရားတော် [ဆရာတော်ဘဒ္ဒန္တ သုနန္ဒ (ဓမ္မရံသီဆရာတော်)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၈)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (MPT နှင့်Facebook တို့ ပူးပေါင်းပြုလုပ်သည့် Free Basic နှင့် Facebook Flex အကြောင်း သတင်းစာရှင်းလင်းပွဲ အခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၅)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ Food & Decor
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၁၃)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၄၂)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၈)
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ် -Myanmar Distillery Company Ltd. အား U.K မှ ပေးအပ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု ISO 14001:2004 အသိအမှတ်ပြုလက်မှတ် ရရှိသည့် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား -အရေပြား လေးဖက်နာရောဂါနေ့ အထိမ်းအမှတ်ပွဲအခမ်းအနား
၄း၀၀ (၇၀)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုရုပ်သံဇာတ်လမ်း "191"(အပိုင်း-၁၂)
၅း၀၀ ခေတ်သစ်ပျိုမေ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈၉)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၄၃)
၈း၂၀ ရသစုံညွန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၆)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၁၄)
၁၀း၂၀ MRTV-4 Stage
၄း၁၀ World of Knowledge (Martian Robots)

## ကြေးမုံ ရုပ်ရှင်အညွှန်း

## ယခုတစ်ပတ်တွင်ပြသဆဲဇာတ်ကားများကိုသာ ဆက်လက်ကြည့်ရှုကြရမည်ဖြစ်




ဒီတစ်ပတ် ရုပ်ရှင်အညွှန်းကဏ္ဍမှာ ပြသဆဲဇာတ်ကားတွေနဲ့ပဲ ပြန်လည်မြည်းစမ်းမိတ်ဆက်ပေးချင်ပါတယ်။ ဇွန် ၁၀ ရက်မှာ ရုံတင်ပြသမယ့် ဇာတ်ကား အညွှန်းတွေအနေနဲ့ မြန်မာဇာတ်ကားတွေမှာဆိုရင် ပြသဆဲဖြစ်တဲ့ မင်းသား ကျော်သူ ခေါင်းဆောင်ပါဝင်ထားတဲ့ 'ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား' နဲ့ မင်းသား နေတိုး အဓိကသရုပ်ဆောင်အဖြစ်ပါဝင်ထားတဲ့ 'အုတ်ကြားမြက်ပေါက်'ဆိုတဲ့ ဇာတ်ကားတွေကို ဆက်လက်ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပါတယ်။

'ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား' ဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာ (၁) သိမ်ကြီးဈေး၊ တော့ရှိုင်ရယ် (စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ (လှိုင်သာယာ)၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိ ရုပ်ရှင်ရုံတို့တွင် ဆက်လက်ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြသနေတာ ရက်သတ္တပတ် အတော်ကြာနေပြီဖြစ်တဲ့ 'အုတ်ကြားမြက်ပေါက်'ဇာတ်ကားကိုတော့ ရွှေ့ဆောင်(၂) ရုပ်ရှင်ရုံတွင် ဆက်လက်ပြသသွားမှာဖြစ်ပါတယ်။

နိုင်ငံခြားကားတွေအနေနဲ့က ယခင်တစ်ပတ်ကမှ စတင်ရုံတင်ပြသခဲ့တဲ့ နင်ဂျာဇာတ်ကားသစ် Ninja Turtles-2: Out of The Shadows(3D)နဲ့ ဘောလိဝုဒ်ဇာတ်ကားသစ် 1920 London တို့ကို ဆက်လက်ပြသသွားမှာဖြစ်ပါတယ်။ ဒီဇာတ်ကားတွေကို နေပြည်တော်၊ ရွှေ့ဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်းနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ ဆက်လက်ပြသသွားမှာဖြစ်ပါတယ်။

နောက်ထပ်အနေနဲ့က X-Men စီးရီးရဲ့ ဇာတ်ကားသစ်ဖြစ်တဲ့ X-Men: Apocalpyse ဇာတ်ကားကို မင်္ဂလာ(၂)ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော် ရုပ်ရှင်ရုံနဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတို့မှာ ဆက်လက်ပြသသွားမှာ ဖြစ်ပါကြောင်း တစ်ပတ်တာရုပ်ရှင်အညွှန်းကဏ္ဍအဖြစ် ညွှန်းဆိုတင်ဆက်လိုက်ရပါတယ်။

**(ဖြိုးစန္ဒာမြင့်)**

## အမေရိကန် ရုပ်သံအစီအစဉ်တစ်ခုတွင် အိုဘားမားနှင့် မက်ဒေါနားတို့ ပါဝင်တင်ဆက်မည်

အမေရိကန်နိုင်ငံရှိ အင်န်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်လျက်ရှိသည့် စကားပြောဆွေးနွေးခန်းအစီအစဉ်တစ်ခု ဖြစ်သည့် The Tonight Show ၏ ယခုတစ်ပတ်အစီအစဉ်တွင် အမေရိကန်သမ္မတ အိုဘားမားနှင့် ဂီတလောက၏ ပေါ့ပ်ဘုရင်မတစ်ပါးဟု တင်စားကြသည့် တေးသံရှင် မက်ဒေါနားတို့က အစီအစဉ်တင်ဆက်သူ ဂျင်မီဖော်လန်နှင့်အတူ ပါဝင်တင်ဆက်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးမှာရှိတဲ့ ကျော်ကြားတဲ့သူတွေ ပါဝင်တင်ဆက်ကြတဲ့ ဒီအစီအစဉ်မှာ သမ္မတ အိုဘားမား အနေနဲ့လည်း အပိုင်းတစ်ခုမှာ ပါဝင်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါအစီအစဉ်အား ထုတ်လွှင့်ပြသမည့် အင်န်ဘီစီ ရုပ်သံလိုင်း၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် "ထူးခြားပါတယ်။ The Tonight Show အစီအစဉ်မှာ အမေရိကန်သမ္မတနဲ့ ပေါ့ပ်ဘုရင်မတစ်ပါးတို့ကို မြင်တွေ့ နိုင်မယ့်အခွင့်အရေး သင်တို့ရရှိမှာဖြစ်ပါတယ်"ဟု ယင်းအစီအစဉ်တင်ဆက်သူ ဂျင်မီကဆိုသည်။

အမေရိကန်သမ္မတ အိုဘားမားအနေဖြင့် ယင်းသို့ ရုပ်သံအစီအစဉ်များတွင် ပါဝင်မှုမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်ပြီး မက်ဒေါနားအနေဖြင့် ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်က ညှော့သည်အစီအစဉ်တင်ဆက်သူတစ်ဦး အဖြစ် ပါဝင်ခဲ့ဖူးကြောင်း သိရသည်။

**မျိုးစန္ဒာမောင်-စုစည်းသည်**

## ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တောင်ကိုရီးယားအနုပညာရှင်အတော်များများ ဖိတ်ကြားခံရ

အရှေ့အာရှဒေသ၏ အကြီးမားဆုံး ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် ရှန်ဟိုင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို မကြာမီတွင် ကျင်းပတော့မည်ဖြစ်ရာ တောင်ကိုရီးယား အနုပညာရှင်များဖြစ်သည့် လီမင်ဟို၊ ဟာဂျီဝန်အပါအဝင် တောင်ကိုရီးယားအနုပညာရှင်များကို ဖိတ်ကြားထားကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အထင်ကရရုပ်ရှင်ပွဲတော်လည်းဖြစ်သည့် (၁၉) ကြိမ်မြောက် အဆိုပါရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန်အတွက် တောင်ကိုရီးယား အနုပညာရှင် အတော်များများကို ဖိတ်ကြားခြင်းခံထားကြရပြီး ၎င်းတို့၏ အနုပညာဖန်တီးမှုလက်ရာ ဇာတ်ကားသစ်များဖြစ်သည့် လီမင်ဟို၏ Bounty Hunters ဇာတ်ကား၊ မင်းသား ဟွမ်ဂျောင်မင်း၏ The Himalayas ဇာတ်ကားနှင့် Big Bang အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးသံရှင် T.O.P နှင့် ဟောင်ကောင် မင်းသမီး စီစီလျာချမ်းတို့



ခေါင်းဆောင်ပါဝင်ထားသည့် ဂျာမန်-တရုတ် သည်းထိတ်ရင်ဖိုဇာတ်ကား Out of Control ဇာတ်ကားများ အတွက် ဖိတ်ကြားခြင်းခံထားရကြောင်း သိရသည်။

အဆိုပါ ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင် ပွဲတော်၏ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ကိုးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

# ယူရို- ၂၀၁၆ပြိုင်ပွဲ အကျဉ်းမိတ်ဆက်

ယူရို-၂၀၁၆ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပြင်သစ်နိုင်ငံက လက်ခံကျင်းပသွားမှာဖြစ်ပြီး ပြင်သစ်နိုင်ငံ မြို့ကြီး ၁၀ မြို့မှာရှိတဲ့ ကွင်းကြီး၁၀ကွင်းမှာ ပွဲစဉ် ၅၁ ပွဲ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အသင်းဝင်အရေအတွက် ၂၄ သင်းစတင်တိုးမြှင့်ခဲ့ခြင်းနဲ့အတူ ပြိုင်ပွဲကာလ ပိုမိုရှည်ကြာလာမှာဖြစ်ပြီး ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ တစ်လတာကြာမြင့်မှာ ဖြစ်ပါတယ်။

**၁၆သင်းရှုံးထွက်စနစ် စတင်မယ့်ပထမဦးဆုံး ယူရို ပြိုင်ပွဲ**

အရင်က ယူရို-၂၀၁၂အထိ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာကြောင့် အုပ်စုလေးအုပ်စု၊ တစ်အုပ်စုမှာ အသင်းလေးသင်းပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စုဗိုလ်နှစ်သင်းစီက ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ကြရတဲ့စနစ် ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်ယူရို-၂၀၁၆မှာတော့ အုပ်စု ခြောက်အုပ်စု၊ တစ်အုပ်စုမှာ အသင်းလေးသင်းနဲ့ စတင်ယှဉ်ပြိုင်စေတဲ့အတွက် အုပ်စုဗိုလ်နှစ်သင်းဟာ နောက်အဆင့်ကို တက်ရောက်နိုင်မှာဖြစ်သလို အုပ်စုတတိယရတဲ့ ခြောက်သင်းထဲက လေးသင်းဟာ အကောင်းဆုံး တတိယအသင်းတွေအဖြစ် နောက်တစ်ဆင့်ကို တက်ရောက်ခွင့်ရကြမှာ ဖြစ်ပါတယ်။ ဆိုလိုတာက ကမ္ဘာ့ဖလား၊ ချန်ပီယံလိဂ်ဖလားတွေလို ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်စနစ် စတင်လာမယ့် ပထမဆုံး ယူရိုဖလားပြိုင်ပွဲလည်း ဖြစ်လာမှာပါ။ ဒါကြောင့် ခြေစစ်ပွဲအောင်အသင်းရှစ်သင်းကသာ အုပ်စုအဆင့်နဲ့ ကျေနပ်ရမှာ ဖြစ်ပါတယ်။

**ဗိုလ်လုပွဲ**

ဒီနှစ် ယူရိုဖလားမှာ အသင်းဝင်အရေအတွက် ရှစ်သင်းအထိ တိုးမြှင့်ခဲ့တဲ့အတွက် ခြေစစ်ပွဲအောင်ဖို့ ပိုမိုလွယ်ကူခဲ့ပေမယ့် ပြိုင်ပွဲချိန်ကြာမြင့်ခြင်းနဲ့အတူ အစဉ်အလာမရှိတဲ့အသင်းတွေ ဗိုလ်စွဲဖို့ ခက်ခဲနိုင်တဲ့ ပြိုင်ပွဲဖြစ်လာမယ့်အနေအထားပါ။ အရင် ယူရို-၁၉၉၂မှာ ဒိန်းမတ်၊ ယူရို-၂၀၀၄မှာ ဂရိအသင်းတို့ မထင်မှတ်ဘဲ ချန်ပီယံဖြစ်ခဲ့ကြပေမယ့် ဒီနှစ် ယူရိုဖလားကတော့ ကမ္ဘာ့ဖလားလို အင်အားကြီးအသင်းတွေသာ ဆက်လက်လွှမ်းမိုးပြီး ချန်ပီယံဆု ဆွတ်ခူးသွားမယ့် အခြေအနေကို ဦးတည်နေပါတယ်။ ဒါကြောင့် ဥရောပ ဘောလုံးအင်အားကြီးအသင်းတွေဖြစ်တဲ့ ဂျာမနီ၊ စပိန်၊ ပြင်သစ် စတဲ့အသင်းတွေကပဲ ချန်ပီယံဖြစ်ဖို့ အားကောင်းနေပါတယ်။ ဗိုလ်လုပွဲကိုတော့ ဇူလိုင် ၁၀ ရက် စတိတ်ဒီဖရန့်ကွင်းကြီးထဲမှာ ကျင်းပသွားမှာဖြစ်ပြီး ဘယ်ဥရောပအသင်းနှစ်သင်း ဗိုလ်လုမလဲ စောင့်ကြည့်ရအောင်ပါ။

**မျက်နှာသစ်အသင်းငါးသင်း**

အစောပိုင်းက ပြောခဲ့သလို ပြိုင်ပွဲဝင်အရေအတွက် တိုးမြှင့်လာခဲ့တဲ့ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ယူရိုဖလား ခြေစစ်ပွဲ တစ်ကြိမ် တစ်ခါမျှ အောင်မြင်ဖူးခြင်းမရှိတဲ့ အသင်းငါးသင်းက ဒီနှစ် ယူရို-၂၀၁၆ပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် ဝင်ရောက်ဆင်နွှဲခွင့်ရလာခဲ့ကြပါတယ်။ ဒီအသင်းငါးသင်းကတော့ မြောက်အိုင်ယာလန်၊ ဝေလ၊ ဆလိုဗက်ကီးယား၊ အယ်လ်ဘေးနီးယား၊ အိုက်စလန်အသင်းတွေပဲ ဖြစ်ပါတယ်။ ထူးခြားတာတစ်ခုက ဂရိတ်ဗြိတိန်ရဲ့ ပြည်နယ်လေးခု သီးခြားစီ ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ စကော့တလန်ကလွဲရင် ကျန်အသင်းသုံးသင်းဖြစ်တဲ့ အင်္ဂလန်၊ ဝေလ၊ မြောက်အိုင်ယာလန်တို့ခြေစစ်ပွဲအောင်မြင်ခဲ့ကြခြင်းပါ။

**ယူရိုပြိုင်ပွဲ ကျင်းပမယ့်ကစားကွင်းများ**

ယူရို-၂၀၁၆ အိမ်ရှင်အဖြစ် ရွေးချယ်ခံရပြီးနောက် ပြင်သစ်နိုင်ငံဟာ ကွင်းသစ်တွေ တည်ဆောက်ခဲ့သလို ကွင်းဟောင်းပြင်ဆင်တဲ့ စရိတ်တွေအတွက် ယူရို ၁ ဒသမ ၆ ဘီလီယံအထိ ကျခံသုံးစွဲခဲ့ပါတယ်။ ဒါဟာ ၁၉၉၈ ကမ္ဘာ့ဖလား ကျင်းပခွင့်ရခဲ့စဉ်က ကွင်းအနေအထားနဲ့ ပတ်သက်ပြီး ဝေဖန်ခံခဲ့ရတာကို သင်ခန်းစာယူပြီး ငွေကြေးပိုမိုကျခံသုံးစွဲခဲ့တာဖြစ်ပါတယ်။

**ဒီကွင်းကြီးတွေကတော့**

| ကွင်းအမည် | တည်ရှိရာမြို့ | ပရိသတ်ဦးရေ |
|---|---|---|
| စတိတ်ဒီဘော်ဒိုး | ဘော်ဒိုးမြို့ | ၄၂၀၀၀ |
| စတိတ်ဒီဘော့လာ့ဒ်ဒီလစ် | လန်းစ် | ၃၅၀၀၀ |
| စတိတ်ဒီပီရာမူ၀ါ | လိုင်လီမက် ထရိုပိုး | ၅၀၁၀၀ |
| စတိတ်ဒီ ဒီလိုင်ယွန် | လိုင်ယွန် | ၅၈၀၀၀ |
| စတိတ်ဒီ ဗယ်လိုဒရုန်း | မာဆေးလ် | ၆၇၀၀၀ |
| စတိတ်ဒီနိုက်စ် | နိုက်စ် | ၃၅၀၀၀ |
| ပါဒက်စ်ပရင့်စ် | ပဲရစ် | ၄၅၀၀၀ |
| စတိတ်ဒီဖရန့် | စိန့်ဒန်းနစ် | ၈၀၀၀၀ |
| စတိတ်ဒီဂျီဖရိုင်းဂတ်ရှား | စိန့်အက်တီယန် | ၄၁၅၀၀ |
| စတိတ်ဒီတူးလော့စ် | တူးလော့စ်မြို့ | ၃၃၀၀၀ |

**အသုံးပြုသွားမယ့် ဘောလုံးအမျိုးအစား**

အသုံးပြုမယ့် ဘူဂျူ(Beau Jeu) ဘောလုံးကိုတော့ နာမည်ကြီးအားကစားပစ္စည်းကုမ္ပဏီ အက်ဒ်စ်ဒီးဒက်စ်က ထုတ်လုပ်ထားပြီး လှပတဲ့ပွဲလို့ အဓိပ္ပာယ်ရပါတယ်။ ဒီဘောလုံးကို အရည်အသွေးအကောင်းဆုံးဖြစ်အောင် ဖန်တီးဖို့ ၁၈ လကျော်အချိန်ယူခဲ့ရပြီး အရင်တုန်းက ဖြစ်ခဲ့တဲ့ဘောလုံးနဲ့ပတ်သက်တဲ့ပြဿနာ(ပေါ့ပါးလွန်းတာ၊ ခုန်ထွက်လွန်းတာ)မျိုးဖြစ်လာဖို့မရှိဘူးလို့လည်း သိရပါတယ်။ ဒီဘောလုံးကို ပြင်သစ်အသင်းနဲ့ အတူ ကမ္ဘာ့ဖလားချန်ပီယံနဲ့ ယူရိုဖလား ချန်ပီယံဖြစ်ထားတဲ့ ပြင်သစ်အသင်းခေါင်းဆောင်ဟောင်း ဇီဒန်းက ပရိသတ်ကို မိတ်ဆက်ပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလကတည်းက ဘူဂျူဘောလုံးကို ကစားသမားတွေက စမ်းသပ်ကစားကြည့်ခဲ့ကြရာမှာ ပြီးပြည့်စုံတယ်လို့ ထောက်ခံခဲ့ကြပါတယ်။

**လာဘ်ကောင်**

ယူရို-၂၀၁၆ပြိုင်ပွဲအတွက် အသုံးပြုတဲ့လာဘ်ကောင်ရုပ်လေးက "ဗစ်တာ" လို့အမည်ရပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက် ပြင်သစ်နဲ့ ဆွီဒင်တို့ ကစားခဲ့တဲ့ ပွဲစဉ်မှာကတည်းက အများပြည်သူကို ချပြပေးခဲ့တာဖြစ်ပါတယ်။ ဒီအရုပ်ဟာ ကလေးတွေအနေနဲ့ ဘောလုံးကစားနည်းကို ချစ်မြတ်နိုးစေဖို့ရည်ရွယ်ချက်နဲ့ လာဘ်ကောင်အဖြစ်အသုံးပြုဖို့ ရွေးချယ်ခဲ့တယ်လို့ သိရပါတယ်။ သူ့ရဲ့နောက်ကျောမှာတော့ စူပါမန်းလို ဝတ်ရုံပါရှိပြီး ဒီဝတ်ရုံလေးက ပြင်သစ်နိုင်ငံအလံကို ကိုယ်စားပြုထားပါတယ်။ ဗစ်တာဆိုတဲ့အမည်ကိုတော့ ယူအီးအက်ဖ်အေဝက်ဘ်ဆိုက်ကတစ်ဆင့် ပရိသတ် ၅၀၀၀၀ က မဲပေးပြီးရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဗစ်တာဆိုတာ အောင်မြင်မှုဆိုတဲ့ စကားလုံး "ဗစ်ထရီ"ကို အခြေခံပြီး ပေးထားတာပါ။

**အသုံးပြုသွားမယ့် သီချင်း**

ဖွင့်ပွဲသီချင်းအဖြစ် ဒေးဗစ်ဂူတာနဲ့ ဇာရာလာဆန်တို့ သီဆိုထားတဲ့ "This One's For You" ကို အသုံးပြုသွားမှာဖြစ်ပြီး မာယာလာဗာဖန်တီးထားတဲ့ "Free Your Mind" သီချင်းကတော့ ပိတ်ပွဲမှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။

**လုံခြုံရေး အခြေအနေ**

အဖွင့်ပွဲစဉ်နဲ့ ဗိုလ်လုပွဲစဉ်တွေကျင်းပမယ့် စတိတ်ဒီဖရန့်ကွင်းကြီးမှာပဲ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှာ အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ခဲ့ပါသေးတယ်။ ဒါကြောင့် လုံခြုံရေးအခြေအနေနဲ့ ပတ်သက်ပြီး စိုးရိမ်မှုရှိနေတဲ့သူတွေကို လိုအပ်ရင် ပရိသတ်မဲ့ ကွင်းပိတ်ပွဲစဉ်တွေ ကျင်းပသွားဖို့ရှိတယ်လို့ ယူရို-၂၀၁၆ ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ရဲတပ်ဖွဲ့နဲ့စစ်အင်အား ၉၀၀၀၀ လောက်ကို လုံခြုံရေးအခြေအနေအတွက် အင်အားတိုးမြှင့်ချထားပြီးဖြစ်ပါတယ်။

ရှိုင်းယန်ဟောင်ဒ - စုစည်းရေးသားသည်

# ယူရိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အုပ်စုအသီးသီးမှ အသင်းများ၏ နည်းပြနှင့် ကစားသမားစာရင်း

EURO2016 FRANCE

**အုပ်စု(ခ)**

### အင်္ဂလန်(ကမ္ဘာ့အဆင့် - ၁၀)

နည်းပြ- ရွိုင်းဟော့ဂ်ဆန်။ ဂိုး-ဖရာဆာ ဖော်စတာ၊ ဂျိုးဟတ်၊ တွမ်ဟီတန်။ နောက်တန်း-ဘာထရန်း၊ ကာဟေးလ်၊ ကလိုင်း၊ ဒန်နီရို့စ်၊ စမောလင်း၊ ဝ္လန်စတုန်း။ ကွင်းလယ်-အယ်လီ၊ ဒိုင်ယာ၊ ဟန်ဒါဆင်၊ မီလ်နာ၊ လယ်လာနာ၊ စတာလင်း၊ ဘာကလေ၊ ဝီရှိုင်းယား။ ရှေ့တန်း-ရွှန်းနီ၊ ရက်ရှ်ဖို့ဒ်၊ စတာရစ်ချ်၊ ဗာဒီ၊ ဟယ်ရီကိန်း။

### ရုရှား(ကမ္ဘာ့အဆင့် - ၂၇)

နည်းပြ-ဆလက်စကီး။ ဂိုး-အကင်ဖိဗ်၊ ဂူဟာမီ၊ လိုဒီဂျင်။ နောက်တန်း-အလက်ဇီဘာရက်ဇူစကီး၊ ဗာဆယ်လီဘာရက်ဇူစကီး၊ အစ်ဂ်နာရှီဘတ်၊ ရှက်ဗ်ချန်နီကော့ဗ်၊ ကွမ်ဘာရော့ဗ်၊ နူစတက်ဒါ၊ ရှီရှက်ဗ်ကင်၊ ဆမိုနီကော့ဗ်။ ကွင်းလယ်-ဒန်နီဆော့ဗ်၊ ဂလူရှာကော့ဗ်၊ ဂိုလိုဗင်၊ ရှဇီရီကော့ဗ်၊ အီဗန်နော့ဗ်၊ မာမာယက်ဗ်၊ တော်ဘင်စကီး၊ ဆာမီဒေါ့ဗ်၊ ရှာတော့ဗ်။ တိုက်စစ်-ဇူးဘား၊ ကိုကိုရင်၊စမိုလော့ဗ်။

### ဆလိုဗက်ကီးယား(ကမ္ဘာ့အဆင့် - ၃၂)

နည်းပြ-ဂျန်ကိုဇက်။ ဂိုး- ကိုဇာဆစ်၊ မူချာ၊ နိုဗိုတာ။ နောက်တန်း-ပီကာရစ်၊ ဆာရင်နီယာ၊ စကာတယ်၊ ဂိုင်ယွန်ဘာ၊ ဒူရီကာ၊ ဆာလာတာ၊ ဟူဂိုကန်၊ ဆဗန်တို။ ကွင်းလယ်-ပီကာစကီး၊ ရောဘတ်မာ့ခ်၊ ကက်ကာ၊ ဟရိုဆော့စကီး၊ ဂရီဂတ်၊ ဟမ်ဆစ်၊ ဒူဒါ၊ စတော့ဗ်၊ ဗလာဒီမာဝီး။ တိုက်စစ်-အဒူရစ်ဇ်၊ နီမက်၊ ဆက်တက်။

### ဝေလ(ကမ္ဘာ့အဆင့် - ၂၄)

နည်းပြ -ခရစ္စကိုးမန်း။ ဂိုး-ဟန်နက်ဆေး၊ ဒန်နီဝက်ဒ်၊ အိုဝီယံဖောင်ဝီလျံ။ နောက်တန်း-အက်ရှ်လေရစ်ချက်၊ ဘင်ဒေးဗီးစ်၊ ခရစ္စဂန်တာ၊ ဂျိမ်းစ်ကောလင်း၊ ဂျိမ်းစ်ချက်စတာ၊ အက်ရှ်လေဝီလျံ၊ နေးလ်တေလာ။ ကွင်းလယ်-ဂျိုးအလန်၊ ဒေးဗစ်အက်ဝဲ့ဇ်၊ ဂျိုးလက်ဒလေ၊ ရမ်ဆေး၊ ဘော်ဂန်၊ ဂျိုနသန်ဝီလျံ၊ အန်ဒီကင်း၊ ဂျော့ဂျ်ဝီလျံ။ တိုက်စစ်-ရှော့ဘ်ဆန်ကနူး၊ ဒေးဗစ်ကော်တီရေးလ်၊ ဆီမွန်ခရန့်ချ်၊ ဂါရတ်ဘေးလ်၊ ဆမ်ဗော့စ်။

**အုပ်စု(ဂ)**

### ဂျာမနီ(ကမ္ဘာ့အဆင့် - ၅)

နည်းပြ- ဂျိုအားချင်းလို။ ဂိုး-နူအာ၊ လီနို၊ တာစတီဂန်။ နောက်တန်း-ဘိုတန်၊ ဟမ်းမဲလ်၊ မက်စတာဖီ၊ ဟက်တာ၊ ကမ်မစ်ချ်၊ ဟိုဝီဒက်ဇ်၊ မူစတာဖီ၊ ရူဒီဂါ။ ကွင်းလယ်-ဒရက်ဇ်လာ၊ ခီဒီယာ၊ အမ်မရီကန်၊ ရှဝိန်းစတိုင်ဂါ၊ခရူးစ်၊ အိုဇေးလ်၊ ဝီဂယ်လ်၊ ဆာနီ။ တိုက်စစ်-ဂိုဇီ၊ ရှာလီ၊ မူလာ၊ ပိုဒေါစကီး၊ ဂိုးမက်ဇ်။

### မြောက်အိုင်ယာလန်(ကမ္ဘာ့အဆင့် - ၂၆)

နည်းပြ- မိုက်ကယ် အိုနေးလ်။ ဂိုး-မက်ကိုဗန်၊ ရွိုင်းကာရိုး၊ အလန်မန်းနက်စ်။ နောက်တန်း-မက်အော်တလေ၊ ဝ္လန်နီ အီဗန်စ်၊ ကပ်ကာ့၊ မက်လာ့လင်၊ လုခ်မက်ကောလော်၊ ရှိန်းဖာဂူဆန်၊ ဟောဂ့်ဆန်၊ အာရွန်ဟုချ်။ ကွင်းလယ်-အိုလီဗာနော့ဝုဒ်၊ စတီဗင်ဒေးဗီးစ်၊ ဒဲလက်စ်၊ မက်နိုင်ယာ၊ မက်ဂင်၊ ကော်နီအီဗန်းစ်။ တိုက်စစ်-လက်ဗ်ဖာတီ၊ ဂျေမီဝ့ဒ်၊ ဝါရှင်တန်၊ ဂျို့စ် မက်ဂီနစ်၊ ဝီလ်ဂရစ်။

### ပိုလန်( ကမ္ဘာ့အဆင့် -၂၇)

နည်းပြ-နာဝါကာ။ နောက်တန်း-ဖေဘီယန်စကီး၊ ဆက်ဇနီ၊ ဘိုရူ။ နောက်တန်း- သီယာဂို ကွိုင်နက်၊ ဂယ်လစ်၊ ဂျက်ဇက်၊ ပက်ဇ်ဇန်၊ ဆာလမွန်၊ ဝေါဇီနက်၊ ဂျက်ဇက်။ ကွင်းလယ်-မက်ဇီစကီး၊ ဇီလင်စကီး၊ ခရီချိုဝီခ်၊ ဘလက်ဇီကောစကီး၊ ကာပူစတာကာ၊ လင်နက်တီ၊ ဂျော်လိုဝီ၊ စတာဇီစကီး။ တိုက်စစ်- မီလစ်၊ လီဝမ်ဒေါစကီး၊ ခရိုစီစကီး၊ စတီပင်စကီး။

### ယူကရိန်း( ကမ္ဘာ့အဆင့် -၂၂)

နည်းပြ-ဖိုမန်ကို။ ဂိုး- ပျာတော့ဗ်၊ ဘွိုင်ကို၊ နောက်တန်း- ရှီချက်ခ်၊ ကူချာ၊ ခါချာရီဒီ၊ ဖီဒက်စကီး၊ ရာကစ်စကီး၊ ဘက်တို။ ကွင်းလယ်-ကိုနိုပလိုင်ယန်ကာ၊ တိုင်မိုချော့ဗ်၊ ရိုတန်၊ စတီပန်နန်ကို၊ ဟာမက်ရှ်၊ ဆိုင်ဒိုချော့ဗ်၊ ကိုဗာလန်ကို၊ ကာရာဘာယေ့ဗ်၊ ရှိုင်ဘယ်လာ၊ ဇင်ချန်ကို။ တိုက်စစ်- ယာမိုလန်ကို၊ ဇိုဇိုင်ယာ၊ ဆယ်လီနော့ဗ်၊ ဘက်ကီစကီး။

**အုပ်စု(ဃ)**

### ခရိုအေးရှား( ကမ္ဘာ့အဆင့် -၂၃)

နည်းပြ-ဆာဆစ်။ ဂိုး-ဆာဗာဆစ်၊ ကာလီနစ်၊ ဗာဂစ်။ နောက်တန်း-ဆာနာ၊ ဗာဆန်ချို၊ ကော်လူကာ၊ ဗီဒါ၊ ဂျက်ဗက်၊ ရှီဒန်ဖဲလ်၊ စတီနစ်။ ကွင်းလယ်- လူကာမိုဒရစ်၊ ရာကီတစ်၊ ဘရိုဇိုဗစ်၊ ကိုဗာဆစ်၊ ကိုရစ်၊ မာကိုရော့ဂ်၊ ပါရီဆစ်၊ ဘက်ဒီဂျယ်။ တိုက်စစ်- ပက်ကာ၊ မန်ဇူကစ်၊ ကာလီနစ်၊ ကာမာရစ်၊ ကော့ပ်။

### ချက်(ကမ္ဘာ့အဆင့် - ၂၉)

နည်းပြ-ဗာဘာ။ ဂိုး- ပီတာဆက်ချ်၊ ဗာကလစ်၊ သောမတ်စ်ကူဗစ်။ နောက်တန်း- ဟပ်ဆစ်၊ ကယ်လ်ဒါရာဘက်၊ ဆီလက်ဆီ၊ ဆီဗော့၊ ကက်လာ၊ ဆူချိုင်း၊ လင်ဘာစကီး၊ ပူဒေးလ်။ ကွင်းလယ်- ပါဗယ်ကာ၊ စကာဆစ်၊ ဒေါကယ်လ်၊ ခရီဆီ၊ ဒါရီဒါ၊ ရှီဆက်စကီး၊ ကိုလာ၊ ပလာဆေးလ်၊ ဆူရယ်လ်။ တိုက်စစ်- နီဆစ်၊ ဆခိုဒါ၊ လာဗက်တာ။

### စပိန်(ကမ္ဘာ့အဆင့် - ၆)

နည်းပြ-ဒယ်လ်ဘော့စကေး။ ဂိုး-ကားဆီးလက်စ်၊ ဒီဂီယာ၊ ရီကို။ နောက်တန်း- ဘာထရာ၊ ဂျော်ဒီအယ်လ်ဘာ၊ ဇူပလီကူတာ၊ ဂျူအန်ဖရန်၊ ပီကေး၊ ရာမို့စ်၊ ဘယ်လာရင်။ ကွင်းလယ်- ဘက်စကွက်စ်၊ ဖာဘရီဂတ်စ်၊ ဆိုရီနို၊ အင်နီယေစတာ၊ ဆန်းဂျို့စ်၊ ဘက်ဇ်ကွက်စ်၊ ကိုကီ၊ ဒေးဗစ်ဆေးလ်ဗား၊ အယ်လ်ကန်တာရာ။

တိုက်စစ်-ပက်ဒရို၊ အဒူရစ်ဇ်၊ နိုလီတို၊ မိုရာတာ။

### တူရကီ(ကမ္ဘာ့အဆင့် - ၁၃)

နည်းပြ-တီရင်။ ဂိုး-ဘာဘာကန်၊ ကစ်ရက်ဗ်၊ တီကင်။ နောက်တန်း-ဂိုနူး၊ အော့ဇ်ဘာရက်လီ၊ ကာယာ၊ ဘယ်လ်တာ၊ ကာလစ်၊ တိုပယ်၊ အာကင်၊ ကွိုင်ဘာဆီ။ ကွင်းလယ်-တူဖန်၊ အင်နန်၊ အိုယာကက်၊ ဆာဟင်၊ ကယ်ဟာနိုဂလူ၊ တူရန်၊ ဆန်၊ ဆဟန်။ တိုက်စစ်- ယေးလ်မက်ဇ်၊ တိုဆန်၊ မော်လီ။

**အုပ်စု(င)**

### ဘယ်လ်ဂျီယံ(ကမ္ဘာ့အဆင့် - ၂)

နည်းပြ- ဝီးလ်မော့စ်။ ဂိုး- ကောတွိုက်စ်၊ မစ်နိုလက်၊ ဂီးလ်လက်။ နောက်တန်း- အယ်ဒါဝီရယ်၊ မူနီယာ၊ ကာဘာဆီလီ၊ စီမန်း၊ ဒီနာယာ၊ ဗာမေလန်၊ ဂျော်ဒန်လူကာကူ၊ ဘာတိုဂန်။ ကွင်းလယ်-ဝှစ်ဆဲလ်၊ နိုင်ဂိုလန်၊ ဖယ်လိုင်နီ၊ ဒမ်ဘီလီ၊ ဒီဘရူနီ၊ ဟာဇက်၊ ကာရက်စ္စကို၊ မာတင်စ်။ တိုက်စစ်-လူကာကူ၊ ဘန်တီကီ၊ ဘက်ရှူရီ၊ အော်ရီဂီ။

### အီတလီ(ကမ္ဘာ့အဆင့် - ၁၅)

နည်းပြ- ကွန်တီ။ ဂိုး-ဘတ်ဖွန်၊ ဆီရီဂူ၊ မာချက်တီ။ နောက်တန်း-ဒါမီယန်၊ စီဂီလီယို၊ အော့ဘွန်နာ၊ ဘာဇာဂလီ၊ ချီလီလီ၊ ဘိုနူချီ။ ကွင်းလယ်-မော့တာ၊ ပါရိုလို၊ ဒီရော့စီ၊ စတူရာရို၊ ဂိုင်ချီရီနီ၊ ဘာနာဒက်စ်ချီ၊ ဖလော်ရန်ဇီ။ တိုက်စစ်- အန်ဒရီဗာ၊ အယ်ရှာရာဝီ၊ အင်ဆစ်နီ၊ အင်မိုဘီလီ၊ ဇာဇာ၊ အက်ဒါ၊ ပယ်လီ။

### အိုင်ယာလန်(ကမ္ဘာ့အဆင့် - ၃၁)

နည်းပြ-မာတင်အိုနေးလ်။ ဂိုး-ဝက်ထ်ဝုဒ်၊ ရှေးဂစ်ဗင်၊ ရန်းဒေါ့ဗ်။ နောက်တန်း-ကိုးလ်မန်း၊ ကလာ့ခ်၊ ဝ္လန်အိုရှေး၊ ကို့၊ ဒက်ဖီ၊ ခရစ်စတီး၊ စတီဖင်န်ဝဒ်။ ကွင်းလယ်- ဂလင်းဝီလမ်၊ မက်ဂဒီ၊ မက်ကာသီ၊ မက်ကလင်းန်၊ ဂျက်ဟန်းဒရစ်၊ ဒေးဗစ်မေလာ၊ ရော်ဘီဘရက်ဒီ၊ အိုလင်း၊ ဟော်လန်း။ တိုက်စစ်- ရှိန်းလောင်း၊ ရော်ဘီကိန်း၊ ဝေါလ်တာ၊ မက်ဖီ။

### ဆွီဒင်(ကမ္ဘာ့အဆင့် - ၃၆)

နည်းပြ-ဟမ်ရန်။ ဂိုး-အစ်ဆစ်ဆာ၊ အော်ဆန်၊ ကာဂရန်။ နောက်တန်း-လင်ဒဲလ်လော့ဗ်၊ လက်စ်တစ်၊ ဂျန်ဆန်၊ ဂျိုဟန်ဆန်၊ ဂရန်ဗစ်၊ အော်ဂတ်စတင်ဆန်၊ အော်ဆန်။ ကွင်းလယ်-အက်ဒဲလ်၊ ဟေဂျီမာ့ခ်၊ ဇန်ဂင်၊ ဒါမက်ဇ်၊ ဖော်စဘာ့ဂ်၊ လာဆန်၊ ကယ်စထရွန်၊ ဝမ်ဘလွန်း၊ လီဝီကီ။ တိုက်စစ်- ဘာ့ဂ်၊ ဂူဒက်တီ၊ ကူဂျိုဗစ်ချ်၊ အီဗရာဟီမိုဗစ်ချ်။

**အုပ်စု(စ)**

### ဩစတြီးယား(ကမ္ဘာ့အဆင့် - ၁၁)

နည်းပြ- မာဆယ်ကိုလာ။ ဂိုး-အယ်လ်မာ၊ အော်စကန်၊ လင်ဒ်နာ။ နောက်တန်း-ဒရာကိုဗစ်၊ ဝင်မာ၊ ဟင်တီရီဂါ၊ ပရော်ဒယ်လ်၊ ကလိမ်း၊ ဂါရစ်၊ ဖူးချက်စ်၊ စတက်ဒ်နာ။ ကွင်းလယ်- အစ်ဆန်ကာ၊ ဘူဂါလင်ဂါ၊ အာလာဘာ၊ အာနူတိုဗစ်၊ ဟာဆစ်၊ ဂျန်စတီရှာ၊ ရှာဟော့ဗ်။ တိုက်စစ်- ဆာဗစ်ဇာ၊ ဂျာနူဇိုဗစ်၊ အိုကိုတီး၊ ဟင်တာဆီးယား၊ ဂျန်ကို။

### ဟန်ဂေရီ(ကမ္ဘာ့အဆင့် - ၁၈)

နည်းပြ-ဘားနက်စတော့ခ်။ ဂိုး-ကာရယ်လီ၊ ဒီဘူးဇ်၊ ဂူလက်စီ။ နောက်တန်း- ဘီဆီ၊ ဖိုလာ၊ ဂူးမစ်ဇ်၊ ကာဒါ၊ ကော်ဟက်၊ ဂျူဟက်ဇ်၊ အဒမ်လင်း။ ကွင်းလယ်- အယ်လက်ခ်၊ ဂီရာ၊ ကလီဟင်ဟိုင်စလာ၊ လော့ဖရန်စစ်၊ နက်ဂီ၊ ပင်တာ၊ စတီဘား။ တိုက်စစ်-ဒူဇူဇက်၊ ဘို့ထ်၊ နီကိုလစ်၊ နီမက်၊ ပရီစကင်၊ ရှာလွိုင်း။

### အိုက်စလန်(ကမ္ဘာ့အဆင့် - ၃၅)

နည်းပြ- လီကာဘာ့ဂျ်။ ဂိုး-ဟော်ဒေါ်ဆန်၊ ခရီစတင်ဆန်၊ ဝ္လန်ဆန်။ နောက်တန်း-ဆေဗာဆန်၊ ဟော့ဂ်ဆန်၊ ဟာမန်ဆန်၊ အစ်ဂါဆန်၊ ဆီဂါဆန်၊ အာနာဆန်၊ မာဂူဆန်၊ ဆူလာဆန်။ ကွင်းလယ်- ဂူမန်ဆန်၊ ဂျာနာဆန်၊ ဂိုင်ဖီဆီဂေ့ါဆန်၊ မာဆီဂူဆန်၊ ဂူနာဆ်၊ ဂျာနက်ဆန်၊ဟော်ဖရက်ဆန်၊ ထရာတာဆန်။ တိုက်စစ်- ဆစ်သော်ဆန်၊ ဖင်ဂိုဘိုဆန်၊ ဘော့ထ်ဘာဆန်။ ဂတ်ဝ္လန်ဆန်။

### ပေါ်တူဂီ(ကမ္ဘာ့အဆင့် - ၈)

နည်းပြ- ဆန်းတို့စ်။ ဂိုး-ပက်ထရီစီယို၊ လိုပက်စ်၊ အက်ဒုရာဒို။ နောက်တန်း-ဆောရက်စ်၊ ဖောင်တီ၊ အယ်လီဆီ၊ ဂါရီရို၊ အဲဗက်စ်၊ ကာဗယ်လ်ဟို၊ ပီပီ၊ ဗီရင်ဟာ။ ကွင်းလယ်- အက်ဒရီယန်ဆေးလ်ဗား၊ ဝီလျံကာဗယ်လ်ဟို၊ ပါရဲရား၊ ဆန်းချက်စ်၊ ရာဖာဆေးလ်ဗား၊ မော်တင်ဟို၊ မာရီယို၊ ဂိုးမက်စ်။ တိုက်စစ်-နာနီ၊ ကွာရက်စ်မာ၊ စီရိုနယ်လ်ဒို၊ အက်ဒါ။

## ယူရို ၂၀၁၆ မိတ်ဆက်

# နာမည်ကြီးပေါ်တူဂီကိုလေ့လာရမယ့်အုပ်စု(စ)

### ပေါ်တူဂီ

ပေါ်တူဂီဟာ ဥရောပဒေသရဲ့နာမည်ကြီး အသင်းတစ်သင်းဖြစ်သလို ခြေစစ်ပွဲအတွင်းမှာလည်း အုပ်စုပထမနေရာရယူနိုင်ခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ယူရိုပြိုင်ပွဲကို ခုနစ်ကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်လာမယ့် ပေါ်တူဂီဟာ ဒီအုပ်စုတွင်းမှာလည်း အုပ်စုပထမရရှိဖို့ ရေပန်းစားနေတဲ့အသင်းလည်း ဖြစ်ပါတယ်။

ပေါ်တူဂီမှာ စီရိုနယ်လ်ဒို၊ အီဂါ၊ နာနီ၊ ရီနာတိုဆန်းချက်ဇ်၊ ဒါနီလို၊ မော်တင်ဟို၊ ပီပီ၊ ဘရူနိုအဲဗက်စ်တို့လို ကစားသမားကောင်းတွေကို ရွေးချယ်ထားတာကိုလည်း တွေ့ရပါတယ်။ ပေါ်တူဂီဟာ ဥရောပဒေသရဲ့ နာမည်ကြီးအသင်းတစ်သင်းဖြစ်သလို ရိုနယ်လ်ဒိုလို ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးကို ပိုင်ဆိုင်ထားပေမယ့်လည်း ပြိုင်ပွဲကြီးတွေမှာတော့ အမြင့်မားဆုံး အောင်မြင်မှုရယူနိုင်ဖို့ အစဉ်အမြဲရုန်းကန်ရလေ့ရှိတဲ့အသင်း ဖြစ်ပါတယ်။

ဒီအချက်ဟာပေါ်တူဂီရဲ့စီရိုနယ်လ်ဒိုတစ်ယောက်တည်းအပေါ်မှာသာ မှီခိုလေ့ရှိတဲ့အခြေအနေကြောင့်လို့လည်း အများစုက သုံးသပ်ထားကြပါတယ်။ ပေါ်တူဂီအနေနဲ့ ခြေစစ်ပွဲအတွင်းမှာ ရှစ်ပွဲကစားခဲ့ရာမှာ တိုက်စစ်က ၁၁ ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး အဆိုပါ ၁၁ ဂိုးအနက် ငါးဂိုးကို ရိုနယ်လ်ဒိုတစ်ဦးတည်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်လည်း ဒီယူရို ၂၀၁၆ ပြိုင်ပွဲမှာ ပေါ်တူဂီအနေနဲ့ ရိုနယ်လ်ဒိုအပေါ်မှာသာ ဆက်လက် အမှီပြုလွန်းနေဦးမယ်ဆိုရင် ပေါ်တူဂီဟာ အမြင့်ဆုံးအောင်မြင်မှုတစ်ခု ရယူနိုင်ဖို့ ခက်ခဲနေဦးမယ်လို့ သုံးသပ်ထားကြတာဖြစ်ပါတယ်။ ဒါ့အပြင် ပေါ်တူဂီရဲ့ ခံစစ်ကြောင်းဟာ ခြေစစ်ပွဲအတွင်း မှာ ငါးဂိုးသာပေးခဲ့ရတာမှန်ပေမယ့်လည်း ပေါ်တူဂီရဲ့ အဓိကခံစစ်မှူးတွေဖြစ်တဲ့ ဘရူနိုအဲဗက်စ်၊ ပီပီ၊ ဖွန်တီ၊ ကာဗယ်လ်ဟို၊ ဗီလင်ဟာတို့ဟာ အသက် ၃၀ ကျော် ကစားသမားကြီးတွေဖြစ်နေကြပြီး အကျဘက်ရောက်နေတဲ့ ကစားသမားတွေသာ ဖြစ်နေပါတယ်။

ဒါကြောင့်လည်း ပြိုင်ဆိုင်မှုပြင်းထန်လာမယ့် ဒီယူရို ၂၀၁၆ မှာ ပေါ်တူဂီရဲ့ခံစစ်ကြောင်းဟာလည်း အသင်းရဲ့အောင်မြင်မှုကို အနှောင့်အယှက်ပေးနိုင်တဲ့ နေရာတစ်နေရာအဖြစ် သတ်မှတ်ခံထားရပါတယ်။ ဒါပေမယ့်လည်း ရိုနယ်လ်ဒိုလို ပွဲကိုအဆုံးအဖြတ်ပေးနိုင်တဲ့ ကစားသမားပိုင်ဆိုင်ထားပြီး မော်တင်ဟို၊ကာဗယ်လ်ဟို၊ ဆန်းချက်ဇ်တို့လို ကစားသမားတွေ ရှိနေသေးတာကြောင့် ပေါ်တူဂီအနေနဲ့ အုပ်စုတွင်းကနေတော့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့တော့ ရှိနေပါတယ်။

### အိုက်စလန်

ယူရိုပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ခွင့်ရလာတဲ့ အိုက်စလန်ဟာ ခြေစစ်ပွဲတွေအတွင်းမှာ မထင်မှတ်တဲ့ခြေစွမ်းခြေစတွေနဲ့ ခြေစစ်ပွဲအောင်မြင်လာခဲ့တာ ဖြစ်ပါတယ်။ ချက်၊တူရကီ၊ ဟော်လန်တို့လို အသင်းကောင်းတွေနဲ့အတူ တစ်အုပ်စုတည်းကျရောက်ခဲ့ပေမယ့် အိုက်စလန်ဟာ အုပ်စုဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်လာခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဆီဂက်ဆန်၊ ဘီဂျာနာဆန်၊ ဂန်းနားဆန်၊ ဆစ်ပေါ်ဆန်၊ ဖင်ဘိုဂါဆန်တို့လို ကစားသမားကောင်းတွေကိုလည်း ပိုင်ဆိုင်ထားပြီး အသင်းလိုက် ခြေရည်ခြေသွေးကောင်းမွန်မှုအပြည့်ရှိတဲ့အသင်း ဖြစ်ပါတယ်။

အိုက်စလန်ဟာ ခြေစစ်ပွဲတွေအတွင်းမှာ တူရကီ၊ ဟော်လန်၊ ချက်တို့လို အသင်းကောင်းတွေကို အနိုင်ရအောင် ကစားနိုင်ခဲ့တဲ့အထိ ခြေစွမ်းထက်မြက်ခဲ့ပြီး အုပ်စုတွင်း ၁၀ ပွဲမှာ ၆ ဂိုးသာပေးခဲ့ရကာ ပေးဂိုးအနည်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့တဲ့ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုအပြည့်ရှိနေပါတယ်။ ဒါ့အပြင် ဒီပြိုင်ပွဲအတွက် ဂတ်ဂျွန်ဆင်လို ဝါရင့်ကစားသမားကြီးကိုလည်း ပြန်လည်ရွေးချယ်ထားပြန်တာကြောင့် အိုက်စလန်ဟာ ဒီယူရိုပြိုင်ပွဲမှာ စောင့်ကြည့်ချင်စရာ အကောင်းဆုံးအသင်းအဖြစ် တည်ရှိနေပါတယ်။

### ဩစတြီးယား

ဩစတြီးယားဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၂၀၀၈ ပြိုင်ပွဲတစ်ရပ်တည်းမှာသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ဖူးပြီး အဆိုပါပြိုင်ပွဲမှာတုန်းကလည်း အုပ်စုအဆင့်နဲ့သာ ကျနပ်ခဲ့ရပေမယ့် ဒီဒုတိယအကြိမ်ပြိုင်ပွဲမှာတော့ အုပ်စုကို ကျော်ဖြတ်နိုင်ဖို့ မျှော်လင့်ချက်လည်း ရှိနေပါတယ်။

လက်ရှိအချိန်မှာ ဩစတြီးယားရဲ့ စုဖွဲ့မှုအင်အားကလည်း ကောင်းမွန်နေပြီး စတုတ်ကွင်းလယ်ကစားသမား အာနူတိုဗစ်၊ ဝါဒါဘရီမင် ကွင်းလယ်ကစားသမား ဂျူနူဇိုဗစ်၊ ဘေဆယ်လ် တိုက်စစ်မှူး ဂျန်ကို၊ ဘိုင်ယန်ခံစစ်မှူး အာလာဘာ၊ ဂလာဘတ်ခံစစ်မှူး ဟင်တီရိဂါ၊ လက်စတာခံစစ်မှူး ခရစ္စတီယန်ဖက်ချ် တို့လို ကစားသမားကောင်းတွေလည်း ရှိနေပါတယ်။ ဩစတြီးယားရဲ့ အဆိုပါကစားသမားတွေဟာ နာမည်ကြီးထိပ်တန်းအဆင့်ကစားသမားတွေမဟုတ်ကြပေမယ့်လည်း တစ်ဦးချင်းခြေစွမ်းပိုင်း ထူးချွန်ကောင်းမွန်တဲ့ ကစားသမားတွေဖြစ်ကြသလို ဩစတြီးယားဟာအသင်းလိုက်ကစားပုံလည်းကောင်းမွန်မှုအပြည့်ရှိတာကြောင့် ဒီတစ်ကြိမ်မှာတော့ ဩစတြီးယားတို့ အုပ်စုတက်ရောက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။

### ဟန်ဂေရီ

ဟန်ဂေရီမှာ နာမည်ကြီးကစားသမားပါဝင်မှုနည်းပါးပေမယ့်လည်း နူရင်ဘတ်ကွင်းလယ်ကစားသမား စတီဘာ၊ ဝါဒါဘရီမင်ကွင်းလယ်ကစားသမား ကလင်အိုက်စလာဟို၊ နိုဗာတိုက်စစ်မှူး ဇာလိုင်တို့လို ဂျာမနီအခြေစိုက်ကစားသမားတွေတော့ ရှိနေပါတယ်။

ဒါ့အပြင် ဟန်ဂေရီဟာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပြီး ခြေစစ်ပွဲတွေအတွင်းမှာလည်း ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်သွားတဲ့ ရိုမေးနီးယားကိုတောင် နှစ်ကျော့စလုံး သရေကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဟန်ဂေရီဟာ ပွဲကိုအဆုံးအဖြတ်ပေးနိုင်တဲ့ ကစားသမားပါဝင်မှုနည်းပါးသလို ခြေစစ်ပွဲတွေအတွင်းမှာ ဂရိ၊ ဖာရိုကျွန်းစု၊ ဖင်လန်တို့လို အသင်းတွေကိုတောင် ခက်ခက်ခဲခဲကစားခဲ့ရပြီး အနိုင်ရရှိခဲ့မှုတွေအရ ဒီအုပ်စုတွင်းမှာတော့ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ ရုန်းကန်ရမယ့်အနေအထားမှာ ရှိနေပါတယ်။

အထူးသဖြင့် ဟန်ဂေရီဟာ ခြေစစ်ပွဲအတွင်းမှာ ရင်ဆိုင်ခဲ့ရတဲ့အသင်းတွေအနက် မြောက်အိုင်ယာလန်၊ ရိုမေးနီးယားတို့လောက်သာ အသင်းကောင်းပါဝင်ခဲ့ပြီး ကျန်ဖင်လန်၊ ဖာရိုကျွန်းစု၊ ဂရိတို့ဟာ ခြေစွမ်းပိုင်းအားနည်းမှုရှိတဲ့ အသင်းတွေသာဖြစ်ကြပြီး အဆုံးအဖြတ်ခြေစစ်ပွဲတွေမှာ ရင်ဆိုင်ခဲ့ရတဲ့ နော်ဝေဟာလည်း သာမန်အဆင့် အသင်းတစ်သင်းသာဖြစ်ပါတယ်။ ဒီယူရိုပြိုင်ပွဲမှာ ရင်ဆိုင်ရမယ့်ပေါ်တူဂီ၊ အိုက်စလန်၊ ဩစတြီးယားတို့ဟာ ခြေစစ်ပွဲ အဆင့်က ရင်ဆိုင်ခဲ့ရတဲ့ အသင်းတွေထက် အစစအရာရာပိုမိုတောင့်တင်းတဲ့ အသင်းတွေဖြစ်နေကြတာကြောင့်လည်း ယူရိုပြိုင်ပွဲကိုတတိယအကြိမ်ဝင်ရောက်ခွင့်ရရှိလာခဲ့တဲ့ ဟန်ဂေရီအနေနဲ့ ဒီတစ်ကြိမ်မှာ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ဖို့ ခက်ခဲမှုအပြည့်ရှိနေတယ်လို့သာ ဆိုရမှာဖြစ်ပါတယ်။

■ ရှိုင်းမင်းမင်း ■

## ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

မနေတိုင်းရင်းသားလူမျိုးများနေထိုင်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဘော်ဆိုင်းဒေသတွင် ရှေးယခင် မိဘဘိုးဘွားများအဆက်ဆက် ကပင် သန့်ရှင်းသော သောက်သုံးရေမရရှိခဲ့သော်ငြားလည်း ယနေ့အချိန်တွင် **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** ပိုင် အင်္ဂလန်နိုင်ငံလုပ် DANDO ရေတွင်းတူးစက်သစ်ကြီးဖြင့် တူးဖော်ပေးခဲ့ရာ ယခင်က အကြိမ်ကြိမ် ကြိုးစားတူးဖော်ခဲ့သော်လည်း ရေမရရှိခဲ့သည့် နေရာတွင် **"ရွှေ"** နှင့် မလဲနိုင်သည့် **"ရေ"** ကို အဆင်ပြေစိတ်ချမ်းမြေ့စွာ ရရှိသုံးစွဲနိုင်ပြီဖြစ်ပါသဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါကြောင်းနှင့် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဆရာတော် ဦးဇုတိမန္တ နှင့် မြို့သူမြို့သားများ**
**ကံဦးကျောင်း ဘော်ဆိုင်းမြို့။**

## ကျေးဇူးတင်ဝမ်းမြောက်ခြင်း

အင်းသားလူမျိုးများနေထိုင်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်းလေးဒေသ၊ ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံနှင့် သာသနာ့ရောင်ခြည် ပရဟိတဘုန်းတော်ကြီးကျောင်းတို့တွင် စက်ရေတွင်းများ အောင်မြင်စွာ တူးဖော်လှူဒါန်းပေးခဲ့ရာ ပြည်သူ့ဆေးရုံရှိ သံဃာတော်များ၊ ဆေးရုံတက်လူနာများ၊ ဆေးရုံဝန်ထမ်းများနှင့် သာသနာ့ရောင်ခြည် ပရဟိတဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားနေသော သာမဏေများ၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် ရေကို လွယ်ကူ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ကြပြီဖြစ်ပါသဖြင့် **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** အား အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဆရာတော် ဦးဩဘာသနှင့် မြို့မိမြို့ဖများ**
**ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)**

# ကျေးရွာချင်းဆက်မြေသားလမ်းပေါ်မှ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားဆောက်လုပ်ပြီးစီး၍ ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့



**ကနီ ဇွန် ၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ချိုင်ကျေးရွာအုပ်စုအတွင်းရှိ ချိုင်-ဒဟတ္တော-မုဋ္ဌောကျေးရွာချင်းဆက်သွယ်သော မြေသားလမ်းပေါ်တွင် ကြည်ယာချောင်းအား ဖြတ်သန်းသည့် အရှည်ပေ ၇၀၊ အကျယ်ပေ ၂၀ ရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတား ဆောက်လုပ်ပြီးစီးကြောင်း သိရသည်။

"ဒီချိုင်-ဒဟတ္တော-မုဋ္ဌောကျေးရွာချင်းဆက်လမ်းမှာ ကျွန်တော်တို့ကျေးရွာအုပ်စုအတွင်းက ပြည်သူတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ အမြဲသွားလာရတဲ့လမ်းဖြစ်ပါတယ်။ မိုးရာသီမှာဆို ဒီကြည်ယာချောင်းရေကျရင် ဒဟတ္တောကျေးရွာကနေ ချိုင် အ-ထ-ကကျောင်းကိုလာပြီး ကျောင်းတက်ရတဲ့ကျောင်းသား၊ ကျောင်းသူတွေ ဒုက္ခရောက်ရသလို ကျွန်တော်တို့ကျေးရွာ ကျန်းမာရေးအရေးပေါ်ဖြစ်ရင်လည်း သွားလာဖို့ခက်ခဲရပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်းကွန်ကရစ်တံတားကို ချိုင်ကျေးရွာမှ ဦးကျော်သန်း-ဒေါ်ကြည်မိသားစုတို့၏ မတည်အလှူငွေသိန်း ၂၀ ဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ကျေးရွာပြည်သူများက ငွေကျပ်သိန်း ၂၀ ကျော်နဲ့ လုပ်အားများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောက်လုပ်ပြီး တံတားချဉ်းကပ်မြေသားများကို ကျေးရွာပြည်သူများဖြင့် ဆက်လက်၍ ဆောင်ရွက်နေကြောင်း၊ ယင်းတံတားဆောက်လုပ်ပြီးစီးပါက ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများအတွက် ရာသီမရွေးသွားလာနိုင်တော့မှာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ချိုင်-ဒဟတ္တော-မုဋ္ဌောကျေးရွာချင်းဆက်လမ်းမှာ မိမိတို့ကျေးရွာအုပ်စုတွင်းမှ ကျေးရွာပြည်သူများ ဒေသထွက်ကုန်များ မုံရွာမြို့သို့ သွားရောက်တင်ပို့ရာတွင်လည်း အားထားရသော ကုန်ထုတ်လမ်းဖြစ်သည်။

**သန်းဌွေအောင်(ကနီ)**

# မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်ရေး ယာဉ်ယန္တရားနှင့် စက်သုံးဆီများ လိုအပ်



**ကနီ ဇွန် ၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ ချောင်းများနှင့် ရေမြောင်းများတွင် မိုးတွင်းကာလ၌ အမှိုက်သရိုက်များ စီးဆင်းမျောပါလာပြီး ရေမြောင်းပိတ်ဆို့ခြင်း၊ ရေစီးဆင်းမှုအခက်အခဲများဖြစ်ပေါ်ခဲ့ခြင်းများကြောင့် ကနီမြို့ပေါ်ရှိချောင်းများ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များနှင့် နုန်းများ ဆယ်ယူခြင်းလုပ်ငန်းများကို လူအင်အား၊ စက်အင်အားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းများ လတ်တလောပြီးစီးနိုင်ရေး ဇွန် ၅ ရက်မှစတင်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အမြန်ပြီးစီးစေရေး ယာဉ်ယန္တရားများနှင့် စက်သုံးဆီများ လိုအပ်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများအနေဖြင့် ကနီမြို့ပေါ်ရပ်ကွက်များဖြစ်သော အမှတ် (၁၊ ၂၊ ၃) စသည့်ရပ်ကွက်များမှ ချောင်းမြောင်းများသည် ချင်းတွင်းမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်ပေါင်းစုံခြင်းကြောင့် ရေစီးနှင့်အတူမျောပါလာသော အမှိုက်များ၊ ထင်းတုံးများနှင့် သစ်ကိုင်းခြောက်များသည် မြို့ပေါ်ရပ်ကွက်များရှိ ချောင်းမြောင်းများအတွင်း ပိတ်ဆို့ပြီး ရေလျှံခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသော သစ်သားတံတားများ ပျက်စီးနိုင်ခြင်းများ ကြုံတွေ့ခဲ့ရသဖြင့် အဆိုပါလုပ်ငန်းများကို အမြန်ပြီးစီးစေရေး စက်ယန္တရားနှင့် စက်သုံးဆီ ၅၄၇ ဂါလန် လိုအပ်လျက်ရှိနေကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကနီမြို့နယ်အတွင်းရှိ ချောင်းမြောင်းများပိတ်ဆို့ပြီး ရေလျှံခြင်းမဖြစ်စေရေးနှင့် အများပြည်သူသွားလာနေသော သစ်သားတံတားများ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို တိုင်း/ခရိုင် သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးနှင့်အတူ စေတနာရှင် အလှူရှင်များကို ကနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကူအညီပေးရန် မျှော်လင့်ကြောင်း ယင်းတာဝန်ရှိသူက ပြောသည်။ **ထွန်းကိုကို(ယင်းမာပင်)**

# ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (OCHA) တို့ ပူးပေါင်းပြုလုပ်သော ကဏ္ဍပေါင်းစုံ ကနဦးအကဲဖြတ်လေ့လာဆန်းစစ်မှုပုံစံ MIRA သင်တန်းဖွင့်

**ပုသိမ် ဇွန် ၉**
ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) တို့ ပူးပေါင်းပြုလုပ်သော ကဏ္ဍပေါင်းစုံကနဦးအကဲဖြတ်လေ့လာဆန်းစစ်မှုပုံစံ(MIRA) သင်တန်းဖွင့်ပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက ပုသိမ်ဟိုတယ်၌ ကျင်းပရာ ဌာနပေါင်းစုံတို့မှ သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းစိုးက အခမ်းအနား အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုသင်တန်းဖွင့်ပွဲအပြီးတွင် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ဆက်နွှယ်လျက်ရှိသည့် ဌာနဆိုင်ရာများအနေဖြင့် သင်တန်းမှ ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ပြည်သူများအကြား ချပြအကောင်အထည်ဖော်ကြစေလိုကြောင်း ပြောကြားခဲ့သည်။ သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းပါအကြောင်းအရာများကို ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) မှ ဒေါ်ပန်းသန္တာထွန်းက ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၇ ရက်မှ ၈ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **မြင့်ဟန်(ပြန်/ဆက်)**

# ရေတွင်းတူးစက်အသစ်ကြီးဖြင့် ပင်းတယတွင် စက်ရေတွင်းရေအောင် တစ်နာရီရေဂါလန် ၂၀၀၀ နှုန်းဖြင့် ရေကောင်းရေသန့်များထွက်ရှိ

**ရန်ကုန် ဇွန် ၉**
မြန်မာနိုင်ငံအနှံ့အပြားတွင် ရေရှားပါးပြီး စက်ရေတွင်းတူးဖော်ရန်ခက်ခဲသောဒေသများ၌ မြေအောက်အနက်ပေ ၂၀၀၀ အထိ တူးဖော်နိုင်ရန် ရည်ရွယ်၍ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက အင်္ဂလန်နိုင်ငံမှ ဝယ်ယူထားသော ဒေါ်လာတစ်သန်းခွဲ တန်ဖိုးရှိ DANDO အမျိုးအစား ရေတွင်းတူးစက်အသစ်ကြီးဖြင့် မြေအောက်ရေများ တူးဖော်လှူဒါန်းလျက်ရှိရာ အဆိုပါစက်အသစ်ကြီး၏ ဒုတိယမြောက် ရေအောင်စက်ရေတွင်းအဖြစ် ဇွန် ၄ ရက်တွင် စတင်တူးဖော်ခဲ့သော ပင်းတယမြို့ ရွှေဥမင်လိုဏ်ဂူ တောင်ခြေရင်း စက်ရေတွင်းသည် ဇွန် ၆ ရက်တွင် အနက်ပေ ၅၀၀ အရောက်၌ တစ်နာရီ ရေဂါလန် ၂၀၀၀နှုန်းဖြင့် ရေကောင်းရေသန့်များထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းသည် မြန်မာပြည်တစ်ဝန်းမှ ရွှေဥမင်လိုဏ်ဂူသို့ ဘုရားဖူး လာရောက်ကြသော ပြည်သူများနှင့် အနီးပတ်ဝန်းကျင်ရှိ ငှက်ပျောတောရပ်ကွက်၊ ပြည်သာယာရပ်ကွက်မှ ပြည်သူများအား အကျိုးပြုမည်ဖြစ်သည်။ ရွှေဥမင်လိုဏ်ဂူ တောင်ခြေရင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်မှ မထွေးငယ်က "အရင်ကတော့ သောက်သုံးရေကို ခြောက်မိုင်လောက်ဝေးတဲ့ ပန်းစစ်ရေထွက်ကနေပြီး ရေသွယ်တန်းသုံးရတယ်။ ကြာလာတော့ ဘုရားဖူးဧည့်သည်တွေ များလာတာရယ်၊ လူနေတိုးပွားလာတာရယ်ကြောင့် သောက်သုံးရေက မလောက်တော့ဘူး၊ အခုလို ပရဟိတအဖွဲ့တွေက ရေတွင်းတွေလာတူးပေးတော့ ကျေးဇူးအထူးတင်မိပါတယ်။ အခုလည်း ရေအောင်ပြီဆိုတော့ အရမ်းဝမ်းသာတာပဲ" ဟု ပြောသည်။

ထို့အပြင် ပင်းတယမြို့ ဘဒ္ဒတောင်တရားစခန်းမှ ဆရာတော်တစ်ပါးကလည်း "အရင်က တရားစခန်းဝင်ချိန်ဆိုရင် ယောဂီတွေအတွက် ရေတော်တော်ကို ခက်ခဲခဲ့ပါတယ်၊ ဘုန်းဘုန်းတို့ ဒေသက သာမန်လက်တူးတွင်းတွေနဲ့ အဆင်မပြေဘူး၊ အခုလို ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ရေအလှူတွေဆောင်ရွက်ပေးတော့ ဘုန်းဘုန်းတို့ ပင်းတယမြို့ ပြည်သူတွေအတွက်ရော တရားစခန်းဝင်တဲ့ ယောဂီတွေအတွက်ပါ ရေကိစ္စနဲ့ပတ်သက်လို့ စိတ်အေးရပါပြီ" ဟု မိန့်ကြားခဲ့သည်။

ဖောင်ဒေးရှင်းသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ပင်းတယမြို့တွင် ဘဒ္ဒတောင်တရားစခန်း၊ ကုံလုံဘုန်းတော်ကြီးကျောင်း၊ ပင်ပျော်ကျေးရွာအုပ်စု(မြေကြားရွာ)၊ သစ်အယ်ပင်ကျေးရွာ၊ ရွာငယ်ရွာ၊ ပင်းတယ အထကခွဲ၊ မိုးကုတ်ဝိပဿနာတရားစခန်းနှင့် ယခုတူးဖော် အောင်မြင်သော ရွှေဥမင်တောင်ခြေ စသည်ဖြင့် စုစုပေါင်း စက်ရေတွင်းကိုးတွင်းကို ၂၀၁၄ခုနှစ် အောက်တိုဘာလမှ ယနေ့အထိ တူးဖော်လှူဒါန်းခဲ့သည်။

(၀၁၀)



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

**ခနုဖြူ ဇွန် ၉**

ခနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စု နန်းတော်ကုန်းကျေးရွာရှိ ခနုဖြူဘူတာအတွင်း၌ ဇွန် ၅ ရက် နံနက် ၈ နာရီက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောမင်းသူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးလှမြင့်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်မျိုးမင်း၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၅၄ ဦး တက်ရောက်ခဲ့ကြပြီး ကျွန်းပင် ၁၀၀၊ ယူကလစ်ပင် ၁၀၀၊ မဟော်ဂနီပင် ၅၀၊ မန်ကျည်းပင် ၅၀ တို့အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခနုဖြူ(ပြန်/ဆက်)**

## စဉ့်ကိုင်တွင် လူဦးရေ ၁၈၁၁၄ ဦးအားအကျိုးပြုသည့် ခရိုင်ပတ်လမ်း(၃)အား ဂဝံမြေကျောက်ခင်းခြင်းများဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၉**

ကျေးလက်နေပြည်သူများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကဏ္ဍတစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိရာ မြို့နယ်တွင်းမှ လူဦးရေ ၁၈၁၁၄ ဦးအား အကျိုးပြုလျက်ရှိသည့် ကျောက်ဆည်ခရိုင်ပတ်လမ်း(၃)၊ စဉ့်ကိုင်မြို့နယ်အပိုင်းလမ်းအား အရှည် ၃ မိုင် ၆ ဒသမ ၅ ဖာလုံတွင် ကျောက်ချောလမ်းများ ပျက်စီးနေမှုကို မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၉၃ သန်း အကုန်အကျခံကာ ဇွန် ၈ ရက် နံနက် ၉နာရီက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ကျောက်ဆည်ခရိုင်ပတ်လမ်း(၃)သည် အရှည်မိုင်(၉/၁)မိုင်ရှိသည့်အနက် အရှည်၃ မိုင်၆ ဒသမ ၅ ဖာလုံ ကျောက်ချောလမ်းပျက်စီးနေမှုများကို ဂဝံမြေခင်း၍ ပြုပြင်ဆောင်ရွက်လျက်ရှိရာ အဆိုပါလမ်းပြီးစီးသွားပါက စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဟင်းငုကျေးရွာအုပ်စုမှ ကျေးရွာငါးရွာ၊ သစ်ခေါက်ကျေးရွာအုပ်စုမှ ကျေးရွာခြောက်ရွာ၊ နန်းနီကျေးရွာအုပ်စုမှ ကျေးရွာခုနစ်ရွာ၊ ထန်းတောကျေးရွာအုပ်စုမှ ကျေးရွာလေးရွာ၊ ဝန်းသိုကျေးရွာအုပ်စုမှ ကျေးရွာလေးရွာ၊ လက်ပံချိုင့်ကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာ၊ ခံလူးကျေးရွာ၊ သည်တည်းကျေးရွာ၊ ရှမ်းရွာကျေးရွာ၊ အုန်းလက်ကောက်ကျေးရွာများမှ အိမ်ထောင်စု ၄၀၇၀ မှ လူဦးရေ ၁၈၁၁၄ ဦးတို့ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်၍ ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ပစ္စည်းများ ပိုမိုလျှင်မြန်စွာ စီးဆင်းနိုင်မည်ဖြစ်ကြောင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## တိုက်ပွဲရှောင်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ကျောက်မဲ ဇွန် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပန်ကွမ်ကျေးရွာအုပ်စု ပန်ဖျက်ကျေးရွာတွင် ဇွန် ၄ ရက်မှစတင်ဖြစ်ပွားနေသည့် RCSS နှင့် TNLA လက်နက်ကိုင်အဖွဲ့များ ထိတွေ့တိုက်ပွဲများကြောင့် ပန်ဖျက်ကျေးရွာနှင့် ပန်သပြေကျေးရွာတို့မှ တိုင်းရင်းသားပြည်သူများသည် ပိန္နဲကုန်းကျေးရွာ သာသနဝံသဘုန်းကြီးကျောင်း (ဝါဆိုကျောင်း) သို့ တိုက်ပွဲရှောင် ရောက်ရှိနေကြသည်။



အဆိုပါ တိုက်ပွဲရှောင်ရောက်ရှိနေသူများမှ ဇွန် ၅ ရက်ထိ ရောက်ရှိလာသူ အိမ်ထောင်စု ၃၅ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၉ မျိုးနှင့် လူဦးရေ ၁၃၂ ဦးအတွက် ဆန်ရိက္ခာ ၃ ရက်စာဖိုးငွေကျပ် ၁၁၈၈၀၀ အား ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ ဇွန် ၆ ရက်တွင် သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ကျောက်မဲမြို့နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် ဇွန် ၄ ရက်မှ ၆ ရက်ထိ ပန်သပြေနှင့်ပန်ဖျက်ကျေးရွာများရှိ အိမ်ထောင်စု ၃၉ စုမှ လူဦးရေ ၁၄၄ ဦးသည် ပိန္နဲကုန်းကျေးရွာ ဝါဆိုကျောင်းသို့ တိုက်ပွဲရှောင်ရောက်ရှိနေကြောင်း သိရသည်။

**သိန်းသန်း(ကျောက်မဲ)**

## ဆေးရည်စိမ်ခြင်ထောင်များဖြန့်ဝေ၍ကျန်းမာရေးဆိုင်ရာဟောပြော

**မောက်မယ် ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားလုပ်သားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အမျိုးသားဝတ္တရားများဖြစ်သည့် လူမှုကရုဏာလုပ်ငန်းကိုအခြေခံ၍ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNOPS၊ GF တို့မှ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံချက် ဆေးရည်စိမ်ခြင်ထောင်အခမဲ့ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ခုံမမွန်ကျေးရွာဘုန်းကြီးကျောင်း၌ ဇွန် ၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ဆေးရည်စိမ်ခြင်ထောင်အခမဲ့ပေးအပ်ပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဦးခိုင်စိုး (လက်ထောက်စီမံချက်) က ကျန်းမာရေးပညာပေးဟောပြောပွဲများ ဟောပြောပေးပြီး ကွင်းဆင်းကြီးကြပ်ရေးမှူး ဒေါ်နန်းနီလာဇော်က ဆေးရည်စိမ်ခြင်ထောင်များ သုံးစွဲပုံသုံးစွဲနည်းများရှင်းပြကာ အိမ်ထောင်စုပေါင်း ၁၁၂ စုအတွက် ဆေးရည်စိမ်ခြင်ထောင် ၂၀၀ ကျော်အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှုအား ကြည့်ရှုအားပေး

**မုံရွာ ဇွန် ၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၇ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် မုံရွေးကျေးရွာနှင့် ကြေးမုံကျေးရွာအတွင်းရှိ ရွှေ့ပြောင်းလူဦးရေများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ထွန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးမှ မိမိတို့ဌာနအနေဖြင့် ရက် ၁၀၀ သစ္စာစီမံချက်အရ ရွှေ့ပြောင်းနေထိုင်သူနှင့် အလုပ်သမားများကို အိမ်ထောင်စုစာရင်းနှင့် ကတ်တစ်မျိုးမျိုးထုတ်ပေးခြင်း၊ အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ သစ္စာစီမံချက်ဖြင့် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကြောင့် ကျေးလက်နေ ရွှေ့ပြောင်းပြည်သူများနှင့် အလုပ်သမားများ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ရရှိကိုင်ဆောင်နိုင်အောင် လုပ်ထုံးလုပ်နည်းကို ဖြေလျှော့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ကျေးလက်နေပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ ကွင်းဆင်းရာတွင် မုံရွေးကျေးရွာမှ အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၈၁ ဦး၊ ကြေးမုံရွာမှ အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၆၅ ဦးတို့ကို အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



ဇွန် ၇ ရက် ညနေ ၃ နာရီခွဲက မိုးရွာနေစဉ် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ အမှတ်(၂)ရပ်ကွက် လမ်းဦးစီးဌာနရုံးရှေ့ လျှပ်စစ်ဓာတ်တိုင်မှ သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုး ပေါက်ပြဲနေပြီး လျှပ်စစ်ဓာတ်တိုင် (သံတိုင်) အား လျှပ်စီးကူးကာ ယင်းမှတစ်ဆင့် ဝက်လက်မြို့ အမှတ်(၃)ရပ်ကွက် ရွှေဘုန်းမြင့်ရပ်နေ ဦးရဲမြင့် ပိုင်ဆိုင်သော ချိုသုံးသစ်ဒေါက်နှစ်တောင့်ထွာငါးသစ်အသက် ၃ နှစ် အရွယ် နွားပြာ နွားမတစ်ကောင်အား ဓာတ်လိုက်ရာ ယင်းနေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ
နန်းမြင့် (ဝက်လက်)



## မင်းဘူးခရိုင်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်ပွဲ ကျင်းပ

**မင်းဘူး ဇွန် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်ဒေသန္တရစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုသရေး၊ သစ်တော၊ ထောက်ရှာပင်ရေနံမြေ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ၊ လျှပ်စစ်၊ လမ်းဦးစီး၊ ကုန်းလမ်းပို့ဆောင်ရေး၊ မြန်မာ့ဆက်သွယ်ရေး၊ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဦးမြင့်ဇော်ထွန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ၊ အလုပ်ရုံ၊ စက်ရုံများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# သွားလာရေးခက်ခဲသောတံတားများနေရာတွင် သွားလာရလွယ်ကူသောတံတားများ အစားထိုး၍ ကူညီဆောင်ရွက် တည်ဆောက်ပေးရန် ဒေသခံများလိုလား



**ကျောက်ကြီး ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပတ္တလားကျေးရွာအုပ်စု၊ မမယမ်းကျေးရွာအုပ်စု၊ ဝက်လာတောကျေးရွာအုပ်စု၊ ကွဲတလင်းကျေးရွာအုပ်စုတို့မှ ကျောက်ကြီးမြို့နှင့် ရွှေကျင်မြို့သို့ ဆက်သွယ်ရာလမ်းကြောင်းရှိ ရွှေ့ပြောင်းကျေးရွာများသို့ ဆက်သွယ်ထားသော လူကူးဝါးတံတားသွားလာမှုခက်ခဲနေခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကွင်းဆင်းကြည့်ရှုပေးစေလိုကြောင်းဒေသခံများက ပြောသည်။

ခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အပါအဝင် သင်ကြားမှုပြုဆရာ၊ ဆရာမများ ယင်းတံတားမှ နေ့စဉ်သွားလာလျက်ရှိသည်။

"ကျောင်းသား၊ ကျောင်းသူတွေအတွက်က ပိုပြီးခက်ခဲမှုရှိပါတယ်။ မိုးတွင်းကာလဆိုရင် ချောင်းရေလျှံရင် ဘယ်လိုမှသွားလာလို့မရပါဘူး။ ခရီးသွားပြည်သူတွေလည်း ခက်ခဲသလို ဝန်ထမ်းဖြစ်တဲ့သူတွေလည်း ခက်ခဲမှုအများကြီးကြုံနေရတာပါ။ သက်ဆိုင်ရာတာဝန်ရှိသူတွေ ကွင်းဆင်းကြည့်ပြီး လိုအပ်သလို ကူညီပံ့ပိုးပေးစေချင်ပါတယ်" ဟု ပတ္တလားကျေးရွာအုပ်စု ထိပ်ပေါက်ကျောင်းတွင် ပညာရေးတာဝန်ထမ်းဆောင်သူ ဆရာမနော်ခူလေးက ပြောသည်။

ကျောက်ကြီးမြို့နှင့် ရွှေကျင်မြို့သို့ ဆက်သွယ်ထားသော ကားလမ်းဘေးအနီး ရွှေ့ပြောင်းကျေးရွာ (လော်မူသော) ဒေသအခေါ်နှင့် ဆက်သွယ်မှုပြုထားသော ယင်းဝါးတံတားသည် ကျောက်ကြီးချောင်းအား ဖြတ်သန်းထားခြင်းဖြစ်ပြီး အရှည်ပေ ၄၀၀ ကျော်ထိရှိနိုင်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

"ဇွန်လထဲ လော်မူသောရွာကိုသွားဖို့ရှိပါတယ်။ ဒေသခံပြည်သူတွေနဲ့တွေ့ဆုံပြီး လိုအပ်ချက်တွေ ကွင်းဆင်းကြည့်မှာပါ။ တခြားကျေးရွာတွေကိုလည်း ရောက်ပါတယ်" ဟု ကျောက်ကြီးမြို့နယ် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦးက ပြောသည်။

လော်မူသောကျေးရွာသည် ပြည်ထဲရေးအမည်ပေါက်ကျေးရွာမဟုတ်ဘဲ ပတ္တလားကျေးရွာအုပ်စု၊ ထိုက်ထူကျေးရွာအုပ်စုများရှိ ကျေးရွာများမှ နေထိုင်စရာအခက်အခဲများကြောင့် ၎င်းနေရာသို့ ပြောင်းရွှေ့လုပ်ကိုင်စားသောက်နေရခြင်းဖြစ်ပြီး နှစ်ပေါင်းသုံးနှစ်ကျော် ကြာမြင့်နေပြီဖြစ်ကြောင်း လော်မူသောကျေးရွာနေ စောနေထူးသောက ပြောသည်။

လောမူသော(ရွှေ့ပြောင်းရွာ) တွင် အိမ်ခြေ ၂၀၀ ခန့်ရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၀ ကျော်ရှိကြောင်း ၎င်းကပြောပြီး ယင်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းဆောင်ဆောက်လုပ်ပြီးစီးပြီဖြစ်ရာ တရားဝင်သင်ကြားမှုပြုနိုင်ရေးအတွက်ဖြစ်မြောက်ပါက ကျောင်းသား၊ ကျောင်းသူနှင့် သင်ကြားမှုပြုသူများပါ အဆင်ပြေနိုင်ကြောင်း စောနေထူးသောက ပြောပြသည်။ **ကိုကျောက်ကြီး**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သူများအား အသိပညာပေး အရေးယူ

**မကွေး ဇွန် ၉**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်းလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်အနေဖြင့် ဆောင်ရွက်ခဲ့ရာ ယခုဇွန်လဆန်းမှစတင်ပြီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးမြို့ ပြည်တော်သာလမ်းနှင့် လမ်းမတော်လမ်းထောင့် မြို့မဈေးကြီးအနီးတွင် ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သူများ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ နောက်ကြည့်မှန်မပါရှိမှုများ၊ လိုင်စင်မဲ့ယာဉ်များ၊ ယာဉ်မောင်းလိုင်စင်မပါရှိမှုများ၊ နှစ်ဦးထက်ပိုပြီးစီးနင်းသူများကို အရေးယူဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်ရာတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းလျှင် ဒဏ်ငွေကျပ် ၃၀၀၀၀ စတင်ပေးဆောင်ရပြီး ကျန်ပြစ်မှုများကိုလည်း ဆက်လက်ဖော်ထုတ်ပြီး အမှုဖွင့်အရေးယူသွားမည်ဟု မကွေးတိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မော်တော်ဆိုင်ကယ်စီးနင်းသူအနေနဲ့ အနိမ့်ဆုံး ဆိုင်ကယ်စီးဦးထုပ်ဆောင်းရပါမယ်။ ဒါက ယာဉ်မတော်တဆဖြစ်လာခဲ့ရင် အသက်အန္တရာယ်ကာကွယ်ဖို့အတွက်ပါ၊ ဒါကို ပြည်သူတွေနားလည်စေချင်ပါတယ်။ စည်းကမ်းတကျစီးနင်းမယ်ဆိုရင် မိမိအန္တရာယ်သာမက အခြားသူကိုလည်း မထိခိုက်စေတော့ဘူး" ဟု အဆိုပါယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

နောက်ကြည့်မှန်မပါရှိလို့ အရေးယူခံရသည့် ပြည်သူတစ်ဦးက "ကျွန်တော်က ဆိုင်ကယ်ဝယ်ကတည်းက နောက်ကြည့်မှန်ကို ရှုပ်လို့ဖြုတ်ထားတာ ဒီနေ့တော့ ဖမ်းခံရတာပဲ။ ဒဏ်ငွေဆောင်ရပေမယ့် ယာဉ်ထိန်းတွေပြောပြမှ ဘယ်လောက်အန္တရာယ်များမှန်း သိခဲ့ရတယ်။ အခုတော့ သိတဲ့သူတွေအားလုံးကို ဆိုင်ကယ်နောက်ကြည့်မှန် တပ်ခိုင်းရမယ်။ အန္တရာယ်လည်းကာကွယ်ရင်း ဒဏ်ငွေလည်း မဆောင်ရအောင်ပေါ့" ဟု ပြောကြားခဲ့သည်။ **ညီညီမောင်(မကွေး)**

## သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကနီ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစု၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် သမဝါယမလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် သမဝါယမဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်သမဝါယမအသင်း အဆင့်ဆင့်တို့ ပူးပေါင်းဆောင်ရွက်မှု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ကနီမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းတို့က အဖွင့်အမှာစကား ပြောကြားသည်။ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံစံလင်းက မြို့နယ်သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ မိမိတို့ဌာနအနေဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးစက်ပစ္စည်းများ အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ သမဝါယမအသင်းများကို နှစ်ချုပ်စာရင်းစစ်ဆေးခြင်း၊ သမဝါယမအသင်းများ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဝန်ထမ်းများ၊ အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) သင်တန်းများပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနား ကျင်းပခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့နယ်အသင်းစု အသင်းဝင်များဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုအမှုဆောင် ဦးစိန်ထွန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကနီမြို့နယ် သမဝါယမအသင်းစု အသင်းဝင်ကိုယ်စားလှယ်များနှင့် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ စာရင်းစစ်တာဝန်ခံ ဦးနေဝင်းထင်က အသင်းစုနှင့် ကိုယ်စားလှယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ချက်များ၊ စာရင်းစစ်ဆေးချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြောင်း သိရသည်။ ယင်းနောက် အသင်းစု၏ ရှေ့လုပ်ငန်းစဉ်များ အဆိုတင်သွင်းခြင်း၊ တင်သွင်းသောလုပ်ငန်းစဉ်များ ထောက်ခံခြင်း၊ အသင်းကိုယ်စားလှယ်များမှ ဆွေးနွေးမေးမြန်းခြင်းများပြုခဲ့ကြသည်။ **သန်းဌေးအောင်(ကနီ)**

## ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ပေးစေလို

**ဟင်္သာတ ဇွန် ၉**

ဟင်္သာတမြို့ ပဒေသာဈေးကြီးသည် မြို့၏ဂုဏ်ဆောင်ဈေးဖြစ်သလို စည်ကားသောဈေးဖြစ်သည်။ သို့သော်ဈေးရှေ့လမ်းမကြီးသည် အိမ်ဆိုင်များနှစ်ဖက်ရှိနေခြင်းကြောင့် ယာဉ်သွားလာမှုရှုပ်ထွေးသော လမ်းမကြီးဖြစ်သည်။

ဈေးဆိုင်ပိုင်ရှင် ကိုသိန်းမြင့်က "အရင်က အနေး ယာဉ်ဝင်လို့မရပါဘူး။ ခုတော့ ဆိုက်ကားနဲ့ ဆိုင်ကယ်တွေက ဝင်နေတော့ ဆိုင်ကယ်တိုက်မှု နေ့တိုင်းဖြစ်နေတယ်။ မနက်ပိုင်း ကျောင်းသားတွေ သွားလာရတာတော်တော်ခက်ပါတယ်။ ဈေးရှေ့မှာတင် နာရီဝက်လောက် အချိန်ကုန်တယ်။ ဒီကြားထဲ ကျွန်တော်တို့ဈေးဆိုင်တွေရှေ့မှာ ထပ်ပိတ်နေတော့ ဈေးဝယ်သူလည်း ဝင်လို့မရဖြစ်နေတယ်။ ဒါကို သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်ပေးစေလိုပါတယ်" ဟု ပြောသည်။

အဆိုပါပဒေသာဈေးနှင့် ဌေးဝင်းဈေး အပြင်ဆိုင်ခန်းများမှ ဆိုင်ရှေ့သို့ ပစ္စည်းများစုပုံထားခြင်း၊ ချထားခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့ကာ ကျောင်းသား၊ ကျောင်းသူများ၊ ဈေးသွား၊ ဈေးလာများ သွားလာရေးအခက်တွေ့လျက်ရှိသည်။ ယာဉ်တိုက်မှုများလည်း နေ့စဉ်ဖြစ်ပေါ်နေခြင်းကြောင့် သက်ဆိုင်ရာက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သွားလာမှုအဆင်ပြေစေရေး အမြန်ဆုံးရှင်းလင်းဆောင်ရွက် ပေးစေလိုကြောင်း သိရသည်။ **(၇၀၀)**

## မုံရွာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချ

**မုံရွာ ဇွန် ၉**

ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းပညာရပ်များတတ်မြောက်ပြီး ဒေသထွက်ကုန်များဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး အသေးစားလုပ်ငန်းရှင်များအဖြစ် ရပ်တည်နိုင်စေရန် ရည်ရွယ်ပြီး လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု အခြေခံသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးမှူးပြီး ဇွန်လပထမပတ်မှ စတင်ကာ မုံရွာမြို့နယ် သပြေတောကျေးရွာရှိ မင်္ဂလာမာန်အောင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။



"သင်တန်းမှာ လူသုံးကုန်ပစ္စည်းတွေဖြစ်တဲ့ ဆပ်ပြာအရည်၊ ဆပ်ပြာအနှစ်၊ ဆပ်ပြာအခဲ ထုတ်လုပ်နည်း၊ သဘာဝခေါင်းလျှော်ရည်၊ ဓာတုခေါင်းလျှော်ရည်ထုတ်လုပ်နည်းတွေကို တစ်ပိုင်တစ်နိုင်ကနေ စီးပွားဖြစ်ထုတ်လုပ်နိုင်အောင် တတ်မြောက်ဖို့အတွက် အသေးစိတ်လုပ်နည်းအဆင့်ဆင့် သင်တန်းတွေကို ကျေးလက်ဒေသအရောက် ကွင်းဆင်းဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ကျေးလက်နေပြည်သူတွေ အနေနဲ့လည်း စိတ်ပါဝင်စားစွာဖြင့် လာရောက်သင်ယူကြတာကို တွေ့ရပါတယ်" ဟု မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုအခြေခံသင်တန်းအား ဇွန် ၁ ရက်မှ ၁၆ ရက်ထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ သင်ကြားပို့ချလျက်ရှိရာ သပြေတောကျေးရွာ၊ မင်းတဲကျေးရွာ၊ ဖန်းခါးကျင်းကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ လာရောက် သင်ကြားခဲ့ကြကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# မိုးရွာသွန်းမှုကြောင့် ရေတိုက်စားပျက်စီးသွားသော ကျောက်ပန်းတောင်း-ပွေးကျစ် မြေသားလမ်းပိုင်းအား ပြုပြင်မှုများဆောင်ရွက်ပြီးစီး



**ကျောက်ပန်းတောင်း ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်တွင် မေ ၃၁ ရက် ညနေ ၅ နာရီမှ ည ၈ နာရီခွဲအထိ မိုးရေချိန် ၆ ဒသမ ၂၇ လက်မ ဖြင့် သည်းထန်စွာရွာသွန်းခဲ့သော မိုးကြောင့် မိုးရေလျှောင်ကန်များ ရေပြည့်အောင် ဝင်ရောက်ခဲ့သည့်နည်းတူ (၁၂)မိုင်ကျော် အရှည်ရှိ ကျောက်ပန်းတောင်း-ပွေးကျစ် ကျေးလက် မြေသားလမ်းပိုင်းအချို့နှင့် ရေကျော်တံတား ချဉ်းကပ်လမ်းများလည်း ပျက်စီးမှုများရှိခဲ့ရာ ဒေသခံပြည်သူများ သွားလာမှုခက်ခဲခဲ့သည်။

အဆိုပါ ကျောက်ပန်းတောင်း-ပွေးကျစ် မြေသားလမ်းပျက်စီးမှုများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြေသားအစားထိုး ပြုပြင်ခြင်းနှင့် တံတားချဉ်းကပ်လမ်း ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့်အဖွဲ့ဝင်များမှ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် အဆိုပါမြေသားလမ်းတွင် ဆောက်လုပ်ဆဲရေကျော်နေရာတွင် မြေသားများရေပါပျက်စီးခဲ့ပြီး အချို့နေရာများတွင် ရေအားများသဖြင့် ရေပြွန်ထွက်ပေါက်များမှရေအားမနိုင်ဘဲ မြေသားများတိုက်စားပျက်စီးခြင်းများရှိခဲ့သည်။ ရေကျော်တံတားများတွင်လည်း ရေစီးအားကြောင့် ချဉ်းကပ်လမ်းများ ရေတိုက်စားပျက်စီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေတိုက်စားပျက်စီးမှုများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုပြင်ဆောင်ရွက်မှုကြောင့်လည်းကောင်း၊ မိုးပြတ်လပ်သွားမှုကြောင့်လည်းကောင်း ယခုအခါ မြေသားလမ်းမှာ ကောင်းမွန်လျက်ရှိသဖြင့် ဒေသတွင်းပြည်သူများ ကုန်စည်စီးဆင်းမှုနှင့်သွားလာမှုအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## လွိုင်လင်တွင် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြော

**လွိုင်လင် ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကရက် ၁၀၀ စီမံချက်ဖြင့် လွိုင်လင်ခရိုင်ရုံး၌ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ခရိုင်ဦးစီးမှူး ဒေါက်တာခွန် မောင်အုန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက်မြို့နယ်ဦးစီးမှူး ဒေါက်တာ ကျော်ငြိမ်းက ကျွဲ၊ နွားများတွင် မိုးရာသီ၌ ဖြစ်တတ်သော ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောပြီးနောက် တက်ရောက်လာကြသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် နယ်လှည့် ကွင်းဆင်း၍စာအုပ်များငှားရမ်းပေး

**မောက်မယ် ဇွန် ၉**

ဒေသခံပြည်သူများ အသိပညာဗဟုသုတ ပြည့်ဝစေပြီး စာအုပ်စာပေများအား လက်လှမ်းမီစွာအလွယ်တကူငှားရမ်း ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းပေးလျက်ရှိရာ လင်းခေးခရိုင် မောက်မယ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဇွန် ၇ ရက် နံနက် ၁၀ နာရီခွဲတွင် ဟိုလွိုင်ကျေးရွာအုပ်စု ခုံမမွန်ကျေးရွာ အ-မ-က သို့ သွားရောက်၍ ကျေးလက်နေဒေသခံတိုင်းရင်းသားများအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းခြင်း၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ဓာတ်ပုံပြပွဲများနှင့် နံရံကပ်စာစောင်ပြပွဲများကို ကျေးရွာအထိ နယ်လှည့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်များကို ကျေးလက်နေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့ကြပြီး ရက်သတ္တပတ်ပြည့်လျှင်ပြန်လည်သိမ်းယူ၍ စာအုပ်အသစ်များဖြင့် အခမဲ့ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## ဆေးဆိုင်များ၌ ဆေးဝါးအတု၊ တရားမဝင် ဆေးဝါးများရောင်းချခြင်းရှိမရှိ စစ်ဆေး၍ စားသုံးသူ အကာအကွယ်ပေးရေးပညာပေး

**ကျွန်းလှ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မြို့ပေါ်လေးရပ်ကွက်ရှိ ဆေးဆိုင်များအား ဆေးဝါးအတုနှင့် တရားမဝင်ဆေးဝါးများ ရောင်းချခြင်းရှိမရှိစစ်ဆေးပြီး ဈေးဆိုင်များတွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးခြင်းကို ဇွန် ၈ ရက် နံနက် ၈ နာရီက ဆောင်ရွက်ကြကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး၊ မြို့နယ် တိမွေးကုဦးစီးဌာန၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့များက ဆေးဆိုင်များအား ဆေးဝါးအတုနှင့်တရားမဝင် ဆေးဝါးများရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးကြပြီး တရားဝင်ခွင့်ပြုထားသော ဆေးဝါးများ ရောင်းချရန် ပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့များသည် ထမင်းဆိုင်၊ ဈေးဆိုင်များကိုလည်း စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ၊ တားမြစ်ကုန်ပစ္စည်းများနှင့်ပတ်သက်သော ပညာပေးစာစောင်များ ဖြန့်ဝေပြီး တားမြစ်ကုန်ပစ္စည်းများရောင်းချခြင်း ရှိ၊ မရှိစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## မိုးကုတ်မြို့ အုန်းကိုင်းရပ်နေပြည်သူများက ရပ်ကွက်ရေဦးရေထွက်တွင် ပျိုးပင် ၁၂၀၀ ဖြည့်တင်းစိုက်ပျိုးခြင်းအား စုပေါင်းဆောင်ရွက်



**မိုးကုတ် ဇွန် ၆**

မိုးကုတ်မြို့ အုန်းကိုင်းရပ်ကွက်နေပြည်သူများမှီခိုအားထားရာ ရေဦးရေထွက် ရေရှည်ကောင်းမွန်စေရေးအတွက် သစ်ပင်၊ ပျိုးပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန် ၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သစ်ပင် ဖြည့်တင်းစိုက်ပျိုးခြင်း ဆောင်ရွက်နေသည့် အုန်းကိုင်းရပ်ကွက်သား ဦးလေးကိုကိုကျော်က "ကျွန်တော်တို့ ရက်ကွက်ထဲကသူတွေက ဒီရေဦးရေထွက်နေရာကို အခုအခြေအနေထက် ပိုကောင်းပြီး သစ်ပင်တွေနဲ့ စိမ်းစိုနေတာ၊ တစ်နှစ်ပတ်လုံး ရာသီမရွေး စိမ့်စမ်းရေထွက်တာမျိုးကို လိုချင်ကြတာဗျ။ ဒါကြောင့် ရွာသားတွေ စည်းဝေးတိုင်ပင်ပြီး မြို့နယ်သစ်တောဦးစီးဌာနနဲ့ ချိတ်ဆက်ကြည့်တော့ သစ်ပင်တွေစိုက်ချင်တယ်ဆိုရင် ပျိုးပင်တွေလည်း အခမဲ့ ပံ့ပိုးပေးခြင်းနဲ့ နည်းစနစ်ကျစိုက်ပျိုးတတ်ဖို့ပါ ဝိုင်းဝန်းကူညီပေးမယ်ဆိုတာနဲ့ လာစိုက်ကြတာပါ။ ရပ်ကွက်ထဲက တစ်အိမ်တစ်ယောက်ဆင့်ပြီး အားလုံးတက်ညီလက်ညီပါပဲ။ ချုံနွယ်ရှင်းသူကရှင်း၊ စိုက်သူက စိုက်လုပ်နေကြတာပါ။ ကွက်လပ်နေရာတွေနဲ့ စိုက်လို့ရတဲ့အပင်ကြား မှန်သမျှကိုစိုက်ကြမှာပါ" ဟု ပြောသည်။

အဆိုပါ ရေဦးရေထွက်တွင် အုန်းကိုင်းကျေးရွာမှ ရွာသူရွာသားများက မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၏ ကူညီလမ်းညွှန်မှုဖြင့် ထင်းရှူး၊ ရေသင်းဝင်၊ ချယ်ရီ၊စိန်ပန်းပြာနှင့် ယူကလစ် ပျိုးပင်ပေါင်း ၁၂၀၀ အား စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

## ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်လမ်းနှင့် ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ဗန်းမော် ဇွန် ၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ ကျေးလက်လမ်းနှင့် ရေပေးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးမှုကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွန့် နှင့်အဖွဲ့သည် ဇွန် ၆ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် ရက် ၁၀၀ စီမံချက်အရ မိုးမောက်မြို့နယ်အတွင်းရှိ ပန်ချိုးဟိုင်-နောင်ပေါင်းလမ်းကျောက်ဖြည့်ခြင်းလုပ်ငန်း အရှည် (၂)မိုင်၊ ရွှေမြောင်းကျေးရွာ စိမ့်စမ်းရေပိုက်လိုင်း ပြုပြင်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးနိုင်ရန်နှင့်လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

**ခရိုင်ပြန်/ဆက်**

# တို့တွေမတတ်နိုင်သေးတဲ့ပစ္စည်းကောင်းလေးတွေပါ

à ထိန်လင်းအောင်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက မကြာခဏ ချီးကျူးဖော်ပြလေ့ရှိတဲ့ ဒိန်းမတ်နိုင်ငံဟာ စကင်ဒီနေဗီးယန်းနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ဧရိယာ စတုရန်းမိုင် ၁၆၀၀၀ ကျယ်ဝန်းပြီး လူဦးရေ ၅ သန်း ၇ သိန်း နေထိုင်ကာ မြောက်ပင်လယ်နားမှာ တည်ရှိတယ်။ အရွယ်အစားအရ မြန်မာနိုင်ငံရဲ့ အပုံ ၂၀ ပုံ တစ်ပုံသာရှိပြီး လူဦးရေတွင် မြန်မာနိုင်ငံလူဦးရေ၏ ဆယ်ပုံတစ်ပုံခန့်သာ ရှိပါတယ်။ ဒိန်းမတ်နိုင်ငံဟာ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်ရေးနှင့် ပြည်ပရုပ်ကြွင်းလောင်စာ အမှီအခိုကင်းရေးကို အကောင်အထည်ဖော်နေပါတယ်။

ဒိန်းမတ်နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍကို ကြည့်မယ်ဆိုရင် လေအား+နေရောင်ခြည် ၄၇ ရာခိုင်နှုန်း၊ ဇီဝလောင်စာ ၁၃ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၃၀ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၇ ရာခိုင်နှုန်း၊ နျူကလီးယား ၃ ရာခိုင်နှုန်းဖြစ်တဲ့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်က ၆၀ ရာခိုင်နှုန်းတောင် ထုတ်လုပ်ပေးနေတာကို တွေ့ရပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်တပ်ဆင်အားမှာ ၂၀၀၆ စာရင်းဇယားအချက်အလက်အရ ၁၂၇၀၀ မဂ္ဂါဝပ်ဖြစ်ပြီး ထုတ်လုပ်နိုင်အားမှာ ၄၁၅၀ မဂ္ဂါဝပ်ဖြစ်တယ်။ စက်စွမ်းရည် ၃၂ ရာခိုင်နှုန်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စက်တပ်ဆင်အားမှာ ၄၅၀၀ မဂ္ဂါဝပ်ဖြစ်ပြီး ထုတ်လုပ်နိုင်အားမှာ ၂၇၀၀ မဂ္ဂါဝပ်ပါ။ စက်စွမ်းရည် ၆၀ ရာခိုင်နှုန်းဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၄ ခုနှစ် ကိန်းဂဏန်းအချက်အလက်များအရ အမျိုးသားအသားတင် တစ်နှစ်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ဒိန်းမတ်နိုင်ငံ အမေရိကန်ဒေါ်လာ ၆၀၇၁၈၊ မြန်မာနိုင်ငံ အမေရိကန်ဒေါ်လာ ၁၂၀၃။ အဆ ၅၀ လောက်ကွာပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ဖော်ပြချက်အရ ၂၀၁၄ ခုနှစ်မှာ ဒိန်းမတ်နိုင်ငံသားတစ်ဦးရဲ့ တစ်နှစ်ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၆၈၅၀ (မြန်မာကျပ်ငွေ ၅၅၃ သိန်း) ဖြစ်ပြီး မြန်မာနိုင်ငံသားတစ်ဦးရဲ့ဝင်ငွေကိုတော့ ဖော်ပြထားတာ မတွေ့ရပါဘူး။

ဒိန်းမတ်နိုင်ငံအနေဖြင့် ကမ်းခြေ၊ ကမ်းလွန် လေအားလျှပ်စစ်စီမံကိန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် လေအားကနေ နိုင်ငံ့ဓာတ်အားထုတ်လုပ်မှုရဲ့ ၃၉ ရာခိုင်နှုန်းဖြည့်ဆည်းပေးနေပါတယ်။ လေတအားထန်သည့်နေ့များတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အရမ်းအားများပြားသည့်အတွက် ၂၀၁၅ ဇူလိုင် ၉ ရက် ညနေခင်းတွင် ဓာတ်အားလိုအပ်ချက်၏ ၁၁၆ ရာခိုင်နှုန်းကိုတောင် လေရဟတ်များမှ ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ဇူလိုင် ၁၀ ရက် နံနက် ၃ နာရီမှာ ဓာတ်အားလိုအပ်ချက်ရဲ့ ၁၄၀ ရာခိုင်နှုန်းထိ ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ ပိုလျှံသောနေ့များတွင် အိမ်နီးချင်းနိုင်ငံများသို့ ဓာတ်အားတင်ပို့ရောင်းချပါတယ်။ ရောင်းဈေး ၁ မဂ္ဂါဝပ်နာရီကို ဒိန်းမတ်ခရိုနာ ၁၅၇ ဖြစ်ပါတယ်။

လေငြိမ်သောနေ့များတွင် နော်ဝေနိုင်ငံမှ ရေအားလျှပ်စစ်၊ ဆွီဒင်နှင့်ဂျာမနီနိုင်ငံမှ နေရောင်ခြည်လျှပ်စစ်တို့ကို ဝယ်ယူပါတယ်။ ဝယ်ဈေး ၁ မဂ္ဂါဝပ်နာရီကို ဒိန်းမတ်ခရိုနာ ၂၁၂ ပါ။ ဒိန်းမတ်နိုင်ငံရဲ့မီတာခက ၂၀၁၄ ခုနှစ်မှာ တစ်ယူနစ် ၃၉၃ ကျပ်ဖြစ်ခဲ့ပြီး ဥရောပတိုက်ရဲ့ ဓာတ်အားခ ဈေးအကြီးဆုံးစာရင်းဝင်ခဲ့ပါတယ်။ လေအရမ်းအားထန်လို့ ဘယ်သူမှ သုံးမနိုင်တော့ရင်တော့ အဲဒီနေ့အဖို့ အလကားရတယ်ဆိုပါတယ်။ တစ်နှစ်ကို ဓာတ်အားအလကားရတာ ၂ ရက်ကနေ ၅ ရက်ရှိတတ်ပါတယ်။

ကမ်းလွန်လေရဟတ်များကို တည်ဆောက်ရာမှာ သာဓကအနေဖြင့် မဂ္ဂါဝပ် ၄၀၀ စက်တပ်ဆင်အားရှိသော Anholt Offshore Wind Farm ၏ တည်ဆောက်စရိတ်မှာ အမေရိကန်ဒေါ်လာ ၁၄၉၇ သန်းဖြစ်သဖြင့် ၁ မဂ္ဂါဝပ်ကို ဒေါ်လာ ၃ ဒသမ ၇ သန်း ကုန်ကျသည်။(ဒိန်းမတ်ခရိုနာ ၁၀ ဘီလျံဖြစ်ပြီး တည်ဆောက်ချိန်က ငွေကြေးလဲလှယ်နှုန်းအရမူ အမေရိကန်ဒေါ်လာ သန်း ၁၆၅၀ နဲ့ညီမျှတယ်လို့ သိရပါတယ်။) ဒိန်းမတ်နိုင်ငံရဲ့ လေရဟတ်စီမံကိန်းများထဲမှာ အကြီးဆုံးဖြစ်ပါတယ်။ ကမ္ဘာမှာတော့ တတိယအကြီးဆုံး ဖြစ်ပါတယ်။

နှိုင်းယှဉ်မယ်ဆိုရင် ၇၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်တဲ့ ရဲရွာရေအားလျှပ်စစ်စက်ရုံရဲ့ တည်ဆောက်စရိတ်က ဒေါ်လာသန်း ၇၀၀ ပါ။ လေရဟတ်တိုင်များရဲ့ ပင်လယ်ရေအောက်အနက်ဟာ ၄၆ ပေ မှ ၅၆ ပေ အသီးသီးဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်မှ ပင်လယ်ကြမ်းပြင်အထိကို တိုင်းတာခြင်းဖြစ်ပါတယ်။ အနီးဆုံးလေရဟတ်ဟာ ကမ်းခြေနဲ့ ၁၃ မိုင်ဝေးပြီး အဝေးဆုံးလေရဟတ်ကတော့ ၁၆ မိုင်ဝေးပါတယ်။ တည်ဆောက်တဲ့ကုမ္ပဏီက တင်ဒါဝင်ပြိုင်ရာမှာ တစ်ယောက်တည်းပြိုင် တယောက်တည်းနိုင်ခဲ့တဲ့ DONG Energy ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံရေးသမားများနဲ့ သတင်းမီဒီယာကဏ္ဍက အရည်အသွေးကောင်းမွန်ဖို့နှင့် မှန်းထားသည်ထက် ဆောလျင်စွာပြီးစီးဖို့ DONG Energy ကို ဖိအားပေးခဲ့ကြပါတယ်။ DONG Energy ကုမ္ပဏီဟာ ဒိန်းမတ်နိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးကုမ္ပဏီ ဖြစ်ပါတယ်။

၂၀၁၁ ဒီဇင်ဘာ ၃၁ ရက်မှာ အကြီးစားတည်ဆောက်ရေးသင်္ဘော HLV Saven ကနေပြီး ပထမဆုံး အုတ်မြစ်တိုင်စချပါတယ်။ ၂၀၁၂ ဇန်နဝါရီ ၁၃ ရက်မှာတော့ တည်ဆောက်ရေး တရားဝင်စတင်ခဲ့ပါတယ်။ ၂၀၁၂ စက်တင်ဘာ ၃ ရက်မှာ ပထမဆုံးလေရဟတ်တာဘိုင်ကို တပ်ဆင်ပြီးစီးခဲ့ပြီး

> ဒိန်းမတ်နိုင်ငံရဲ့ မီတာခက ၂၀၁၄ ခုနှစ်မှာ တစ်ယူနစ် ၃၉၃ ကျပ်ဖြစ်ခဲ့ပြီး ဥရောပတိုက်ရဲ့ ဓာတ်အားခဈေးအကြီးဆုံးစာရင်း ဝင်ခဲ့ပါတယ်။ လေတအားထန်လို့ ဘယ်သူမှ သုံးမနိုင်တော့ရင်တော့ အဲဒီနေ့အဖို့ အလကားရတယ်ဆိုပါတယ်။ တစ်နှစ်ကို ဓာတ်အားအလကားရတာ ၂ ရက်ကနေ ၅ ရက်ရှိတတ်ပါတယ်. . .

စက်တင်ဘာ ၂၁ ရက်မှာ ဒိန်းမတ်မဟာဓာတ်အားလိုင်းသို့ ထိုတာဘိုင်မှ ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပါတယ်။ လေရဟတ်တိုင် နောက်ဆုံးနံပါတ် ၁၁၁ ကို ၂၀၁၃ မေလ ၁၉ ရက်မှာ စိုက်ထူပြီးစီးခဲ့တယ်။ တည်ဆောက်ရေးရေယာဉ်များအသုံးပြုပြီး လေရဟတ်တိုင်များ စိုက်ထူရာ တစ်တိုင်ကို ၇ နာရီကြာတယ်။ လေတာဘိုင်တစ်လက်ကို ဓာတ်အား ၃ ဒသမ ၆ မဂ္ဂါဝပ်ထုတ်လုပ်နိုင်တဲ့လေတာဘိုင်များကို Siemen Wind Power မှ မှာယူခဲ့ပါတယ်။

၂၀၁၃ ဇွန်လမှာ လေရဟတ်စီမံကိန်းအနေနဲ့ စက်စွမ်းအားပြည့် ၄၀၀ မဂ္ဂါဝပ် စတင်လည်ပတ်နိုင်ခဲ့ပါတယ်။ လေရဟတ်များကို ပုံမှန်အားဖြင့် အစီလိုက်အတန်းလိုက် စီစီရီရီ တည်ဆောက်လေ့ရှိပါတယ်။ Anholt ကမ်းလွန်လေရဟတ်နယ်မြေမှာတော့ လေရဟတ်များကို အစွန်နေရာတွေမှာ အများဆုံး နေရာချထားပါတယ်။ အနောက်-အနောက်တောင်လေစီးကြောင်း တိုက်ခတ်နေမှုကို အပြည့်အဝအသုံးချနိုင်ရန်နှင့် လေလမ်းကြောင်း မပိတ်ဆို့စေရန်ဖြစ်ပါတယ်။ ဒီလို စီစဉ်နေရာချထားမှုကြောင့် ပုံမှန်လေအားလျှပ်စစ်ထုတ်လုပ်မှုပမာဏထက် တစ်ဆခွဲကျော် ပိုမိုထွက်ရှိခဲ့ပါတယ်။ ကမ်းလွန်လေရဟတ်များမှ ဓာတ်အားကို ပင်လယ်ရေအောက် ကေဘယ်ကြိုးဖြင့် ကုန်းပေါ်သို့ ပေးပို့ပါတယ်။

လေရဟတ်မှ ထွက်ရှိလာသော ဓာတ်အားကို လေရဟတ်တိုင်ခြေရှိ လျှပ်တာပြောင်း (Transformer Platform) က ၃၃ KV ကနေ ၂၂၀ KV သို့မြှင့်တင်ပြီး A.C Current ဖြင့် ပေးပို့ပါတယ်။ရေအောက်ကေဘယ်ကြိုးက ၁၆ မိုင်ခရီးကိုဖြတ်သန်းပြီး ကုန်းပေါ်ကို ရောက်ရှိသွားပါတယ်။ ကုန်းပေါ်မှာ နောက်ထပ် ၅၆ မိုင်ထပ်မံဖြတ်သန်းပြီး Trige 400 KV ဓာတ်အားခွဲရုံကတစ်ဆင့် မဟာဓာတ်အားလိုင်းအတွင်းသို့ ဝင်ရောက်ပူးပေါင်းခဲ့ပါပြီ။ အနီးရှိ Anholt ကျွန်းကို ရေအောက်ကေဘယ်ကြိုးတစ်ချောင်းနဲ့ မီးပေးထားတဲ့အတွက် ကျွန်းပေါ်က ဒီဇယ်မီးစက်များကို အနားပေးနိုင်ခဲ့ပြီ။

ကမ်းလွန်ကို ရွေးချယ်ခြင်းဖြင့် လေတိုက်နှုန်း ပိုမိုအားကောင်းမှု၊ လေရဟတ်များတည်ဆောက်ရန် မြေရှားပါးမှုပြဿနာ၊ မြေဈေးကြီးမှုပြဿနာ၊ လေတာဘိုင်များကြောင့် ဆူညံသံများဖြစ်ပေါ်မှု ပြဿနာတို့ကို ဖြေရှင်းပြီးသားဖြစ်သွားပါတယ်။

**မဟာဓာတ်အားလိုင်း တည်ငြိမ်စေရန် ဒိန်းမတ်နိုင်ငံ၏ စီမံဆောင်ရွက်ထားရှိမှုများ။**

ဓာတ်အားပေးစက်ရုံတစ်ခုဟာ မဟာဓာတ်အားလိုင်းအတွင်းသို့ ဝင်ရောက်ချိတ်ဆက်တော့မယ်ဆိုရင် လုပ်ကိုင်ရတဲ့ Procedure တွေက ရှုပ်ထွေးခက်ခဲပါတယ်။

ပုံပမာဆိုရမယ်ဆိုရင် မင်းသားဂျက်ကီချန်းက ကားအသေးလေးတစ်စီးနဲ့ လူဆိုးအဖွဲ့မောင်းနေတဲ့ ကားအကြီးကြီးနောက်ကို အမှီလိုက်နေပါတယ်။ လူဆိုးတွေရဲ့ကားကိုမှီပြီဆိုတာနဲ့ ကားနှစ်စီးကို အရှိန်တူတူယှဉ်မောင်းနေပြီ။ ဂျက်ကီချန်းက တစ်ဖက်ကားပေါ်ကို ခုန်ကူး၊ လူဆိုးတွေနဲ့ ဖိုက်တင်ခန်းရောက်သွားပါပြီ။ ဒါပေမယ့် ဓာတ်အားချိတ်ဆက်ခြင်းဇာတ်ကားမှာတော့ မင်းသားဟာ တစ်ဖက်ကားကြီးကို လှမ်းချိတ်ပြီးတာနဲ့ ကားနှစ်စီးလုံးကို မင်းသားက ချိတ်စီးပြီး ဇာတ်လမ်းပြီးတဲ့အချိန်အထိ ပါသွားရမှာပါ။ ကားငယ်ဟာ ကားကြီးရဲ့ အလျင်နဲ့တူအောင် ထိန်းမောင်းနေရမှာဖြစ်သလို ရှေ့ရောက်သွားလိုက်၊ နောက်ရောက်သွားလိုက် ဖြစ်လို့မရပါဘူး။ တစ်ခုခုလွဲချော်သွားရင်တော့ မင်းသားပြုတ်ကျသွားမှာဖြစ်ပြီး ဓာတ်အားစနစ်ဆိုရင်တော့ System Breakdown သွားနိုင်ပါတယ်။

ဖော်ပြခဲ့သလို ဓာတ်အား ချိတ်ဆက်မောင်းနှင်ခြင်းကို Synchronization လို့ခေါ်ပြီး မဟာဓာတ်အားလိုင်းအတွင်း ဝင်ရောက်နေတဲ့ ဓာတ်အားပေးစက်ရုံများအားလုံးဟာ same frequency(50 Hz), Same phase အတွင်း လည်ပတ်နေရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ ဒီ Synchronization System [m Autopilot နဲ့ ထိန်းချုပ်မောင်းနှင်နေပြီး မြန်မာနိုင်ငံမှာ အတက်အကျ အရမ်းမြန်အရမ်းများတဲ့ လေအားလျှပ်စစ်ကို မြန်မာ့မဟာဓာတ်အားလိုင်းထဲသို့ ထည့်သွင်းဖို့ ဒိန်းမတ်မှာ ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို Energinet.dk ကုမ္ပဏီက ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံဟာ လေအားလျှပ်စစ်ကို မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းချင်ရင် လျှပ်စစ်ဝန်ထမ်းတွေကို ဒိန်းမတ်နိုင်ငံသို့ ပညာတော်သင်အုပ်စုလိုက် စေလွှတ်ဖို့လိုအပ်တယ်။ ပြီးတော့ မြန်မာ့ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို ခေတ်အမီဆုံး Smart Grid အဆင့်သို့ တိုးမြှင့်ရလိမ့်မယ်။ ဆင်ဖိုးထက် ချွန်းဖိုးကြီးနိုင်ပါတယ်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကရတဲ့ လျှပ်စစ်ဓာတ်အားကို ဒိန်းမတ်နိုင်ငံမှာ သုံးနေသလိုမျိုး အမေရိကန်ပြည်ထောင်စုမှာ သုံးနိုင်ဖို့ မဟာဓာတ်အားလိုင်းကို အဆင့်မြှင့်တင်နေရာမှာ ဒေါ်လာဘီလျံ ၆၀ လောက်ကုန်ကျမယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ ကျွန်တော်တို့ မြန်မာအစိုးရကတော့ တောင်သူတွေကို လယ်စိုက်စရိတ်ထုတ်ချေးဖို့လိုနေတဲ့ ငွေကျပ် ၅၀၀ ဘီလျံ (အမေရိကန်ဒေါ်လာ ၄၂၃ သန်း) အတွက် ငွေစက္ကူအသစ်ရိုက်နှိပ်ဖို့ စဉ်းစားနေပါတယ်။

သိကြတဲ့အတိုင်း လေဆိုတာ တိုက်ချင်သလို တိုက်ပါတယ်။ အခု တဟူးဟူးတိုက်ပြီး ဗို့အားတွေတအားမြင့်၊ မီးချောင်း၊ တီဗီ၊ လျှပ်စစ်ပစ္စည်းတွေ ကျွမ်းသွားနိုင်သလို ခဏနေ လေငြိမ်သွားလို့ ဓာတ်အားထိုးကျသွားရင် System Breakdown ဘက်ကို ဦးတည်သွားနိုင်တယ်။

မီးတအားအသုံးများတဲ့အချိန် လေနုအေးအေး နေ့နေရင် ဗို့အား ၁၁၀ နဲ့ ဂျပန်ပြည်ရောက်သွားမှာဖြစ်သလို မနက် ၃ နာရီကြီး လေနင်းကန်ခွတိုက်လို့ ဓာတ်အားတွေ ပိုကုန်ရင်ရော၊ ကမ်းခြေ၊ ကမ်းလွန် လေရဟတ်အကြီးစားစီမံကိန်းတစ်ခုကို ပထမဆုံးဖြစ်နိုင်ချေနေရာတွေ ရွေးရပါတယ်။ နွေဘက် ရေအားလျှပ်စစ်အားနည်းချိန် လေဘယ်လောက်တိုက်တယ်၊ ဆောင်းနေရောင်ခြည်ရချိန်တိုလို့ ဆိုလာဓာတ်အားအထွက်နည်းချိန်မှာ လေဘယ်လောက်တိုက်တယ်၊ ဓာတ်အားဘယ်လောက်ထွက်နိုင်တယ်ဆိုတဲ့ တိုင်းတာတွက်ချက်ရေးတွေ လုပ်ရပါတယ်။ လေစီးကြောင်းလားရာ၊ ကမ်းလွန်ဆိုရင် လေရဟတ်တိုင်စိုက်မယ့် ပင်လယ်ကြမ်းပြင်ရဲ့အနက်၊ မြေသားအနေအထား၊ ငလျင်ကြောကျ-မကျ၊ ဆူနာမီလမ်းကြောင်း၊ နှစ်စဉ် လေမုန်တိုင်းလမ်းကြောင်း၊ ကမ်းခြေနဲ့ အကွာအဝေးတွေကို Proposed Areas တွေမှာ နှိုင်းယှဉ်တွက်ချက်ပြီး ကောင်းကျိုး အများဆုံး+ဆိုးပြစ်အနည်းဆုံးနေရာတွေ ရွေးရပါတယ်။

ဒိန်းမတ်နိုင်ငံရဲ့ မဟာဓာတ်အားလိုင်းကို အရှေ့ဒိန်းမတ်ဓာတ်အားလိုင်း၊ အနောက်ဒိန်းမတ်ဓာတ်အားလိုင်း ဆိုပြီး နှစ်ပိုင်းပိုင်းထားပါတယ်။ ၂၀၁၀ မှာတော့ အရှေ့အနောက် ဓာတ်အားလိုင်းနှစ်ခုကြား ဗို့အားမြင့်ဘက်ထရီဓာတ်အားလိုင်း (HVDC) နဲ့ တံတားထိုးနိုင်ခဲ့တယ်။ အနောက်ဓာတ်အားလိုင်းက ဥရောပတိုက်ဖြတ်ဓာတ်အားလိုင်းနဲ့ ချိတ်ထားပြီး အရှေ့ကတော့ နော့ဒစ်ဓာတ်အားလိုင်းနဲ့ ချိတ်ထားပါတယ်။ အရှေ့ဒိန်းမတ်ဓာတ်အားလိုင်းက ဆွီဒင်နဲ့ A.C ဆက်ကြောင်း၊ ဂျာမနီနဲ့ DC ဆက်ကြောင်း။ (HVDC) အနောက်ဒိန်းမတ်ဓာတ်အားလိုင်းက ဂျာမနီနဲ့ A.C ဆက်ကြောင်း၊ ဆွီဒင်၊ နော်ဝေတို့နဲ့ DC ဆက်ကြောင်း။ (HVDC) ဒိန်းမတ်က ပိုရင်ရောင်း၊ လိုရင်ဝယ်လုပ်ပါတယ်။ လေတိုက်နှုန်းထိုးကျသွားရင် အိမ်နီးချင်း ဆွီဒင်၊ နော်ဝေ၊ ဂျာမနီတို့ဆီက ဓာတ်အားအလုံးအရင်းလိုက် တင်သွင်းပြီး မဟာဓာတ်အားလိုင်းကို အသက်ကယ်ဆေးထိုးပါတယ်။

၂၀၁၂ ခုနှစ်နွေရာသီမှာ တပ်မတော်ရဲ့ စစ်ရေးထိုးစစ်ကို ကေအိုင်အေအဖွဲ့က ဓာတ်အားထိုးစစ်နဲ့ တုံ့ပြန်ခဲ့ပါတယ်။ သွားရလာရခက်ခဲတဲ့ ရွှေလီ-မန်စန်ဓာတ်အားလိုင်းရဲ့ တောနက်တောင်နက်ထဲမှာရှိတဲ့ တာဝါတိုင်တွေကို မိုင်းခွဲတိုက်ခိုက်လိုက်ခြင်းဖြင့် ပြည်မကိုပို့ဆောင်နေတဲ့ ဓာတ်အားကို ဖြတ်ချလိုက်ပါတယ်။ ဓာတ်အားမလုံလောက်မှု၊ ဓာတ်အားပြတ်တောက်မှုတို့ကို သည်းမခံနိုင်တော့တဲ့ ပြည်သူတွေဟာ ဖယောင်းတိုင်လေးတွေ ကိုယ်စီကိုင်ပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးတွေရဲ့ လမ်းမတွေပေါ် ထွက်လာခြင်းဖြင့် အရင်အစိုးရကို နိုင်ငံရေးအကျပ်ရိုက်သွားစေခဲ့ပါတယ်။

၂၀၁၄ ခုနှစ်ဖေဖော်ဝါရီမှာ ဒိန်းမတ် Anholt လေရဟတ်စီမံကိန်းက ပင်လယ်ရေအောက်ကေဘယ်ကြိုး ချို့ယွင်းချက်ဖြစ်ပေါ်ခဲ့တာကြောင့် Anholt ကျွန်းပေါ်က ရပ်ထားတာ တစ်နှစ်ရှိပြီဖြစ်တဲ့ ဒီဇယ်မီးစက်တွေကို ပြန်နှိုးသုံးခဲ့ရပါတယ်။ ပင်လယ်ရေအောက် ကေဘယ်ကြိုး၊ လေရဟတ် တာဘိုင်၊ တိုင်တို့မှာ ချို့ယွင်းချက် တစ်စုံတစ်ရာရှိခဲ့ရင် ရဟတ်ယာဉ်ဖြင့် လိုက်လံစစ်ဆေးပြင်ဆင်ရပါတယ်။ ဒိန်းမတ်နိုင်ငံဟာ လေအားလျှပ်စစ်က ဓာတ်အားလုံလုံလောက်လောက်ရနေတဲ့အတွက် ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ နျူကလီးယားလောင်စာသုံးဓာတ်အားပေးစက်ရုံတွေကို ချိုမောင်းထားတယ်။ သတိပြုရမယ့်တစ်ချက်က မြန်မာနိုင်ငံစက်တပ်ဆင်အားရဲ့ သုံးဆ၊ ဓာတ်အားထုတ်လုပ်မှုအားရဲ့ တစ်ဆခွဲကျော်နဲ့ ထုတ်လုပ်နေတာကို မြန်မာနိုင်ငံလူဦးရေရဲ့ ဆယ်ပုံတစ်ပုံပဲရှိတဲ့ ဒိန်းမတ်နိုင်ငံသားများက သုံးစွဲနေတာပါ။

Anholt Wind Farm Consortium(Anholt လေရဟတ်စီးပွားရေးလုပ်ငန်းစု AWFC) ကို အခု DONG Energy က တစ်ဝက်၊ ဒိန်းမတ်ပင်စင်ရန်ပုံငွေအဖွဲ့က တစ်ဝက်ပိုင်တယ်။ AWFC က ဓာတ်အားတစ်ယူနစ်ကို ၂၀၁ ကျပ်နဲ့ Energinet.dk ကို ရောင်းတယ်။ Energinet.dk က ထုတ်လုပ်+ဖြန့်ဖြူး+ထိန်းသိမ်း+ဓာတ်အားလိုင်းတည်ငြိမ်စရိတ်တွေပေါင်းလိုက်ပြီး တစ်ယူနစ် ၃၉၃ ကျပ်နဲ့ ပြန်ရောင်းတယ်။

ဒိန်းမတ်နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲမှုက Green, Clean Energy ဘက်ကို ဦးတည်နေပါတယ်။ အဲဒီလို Clean Edkif၊ Green နိုင်ဖို့ တစ်နှစ်ကို နိုင်ငံသားတစ်ဦး မြန်မာငွေကျပ် ၅၅၃ သိန်း ဝင်ငွေရှိနေတဲ့ ဒိန်းမတ်နိုင်ငံသားများက ၂၀၁၄ ခုနှစ်မှာ ဓာတ်အားခ တစ်ယူနစ် ၃၉၃ ကျပ် ပေးဆောင်ခဲ့ပါတယ်။

တကယ်လို့ လေရဟတ်စီမံကိန်းတွေ မုန်တိုင်း၊ ငလျင်၊ ဆူနာမီ၊ အကြမ်းဖက်တိုက်ခိုက်ခံရမှု၊ စစ်မက်ဖြစ်ပွားမှုတို့ကြောင့် ပျက်စီးခဲ့ရင်၊ နော်ဝေ၊ ဆွီဒင်၊ ဂျာမနီတို့နဲ့ ချိတ်ထားတဲ့ အသက်ကယ်ဓာတ်အားလိုင်းတွေ ထိခိုက်ပျက်စီးခဲ့ရင် လက်ရှိ ချိုမောင်းထားတဲ့ အရန်အင်အားစုများ (ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ နျူကလီးယားဓာတ်အားပေးစက်ရုံများ) က ဒိန်းမတ်မဟာဓာတ်အားလိုင်းစနစ်အတွင်းသို့ အင်ပြည့်အားပြည့် ဝင်ရောက်ခုတ်မောင်းကြပါလိမ့်မယ်။

မြန်မာနိုင်ငံမှာ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံစီမံကိန်းများကို ဆန့်ကျင်ကန့်ကွက်ကြတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ကို စိတ်ပါဝင်စားသူများက ထစ်ကနဲရှိ "ကျောက်မီးသွေးသုံးမယ့်အစား ဒိန်းမတ်နိုင်ငံလို လေရဟတ်တွေဆောက်ပြီး လျှပ်စစ်ထုတ်ပါလား" ပြောလေ့ရှိပါတယ်။ သူတို့စိတ်ထဲ လေရဟတ်တွေဆောက်ပြီး လေရဟတ်ကဓာတ်ကြိုးကို မဟာဓာတ်အားလိုင်းတက်ချိတ်လိုက်ရုံနဲ့ ရပြီလို့ စဉ်းစားထားကြပုံပါပဲ။စာဖတ်သူတွေအနေနဲ့ ဒီထိဖတ်ပြီးသွားပြီဆိုရင်တော့ ဆယ်တန်း English Text ထဲက စာကြောင်းကလေးကို နားလည်နိုင်ပါပြီ။

They are a form of vanity we can´t afford.

တို့တွေ မတတ်နိုင်သေးတဲ့ ပစ္စည်းကောင်းလေးတွေပါ။

# ဆေးပညာသတင်းဆန်းများ (၁၃၄)



ဒေါက်တာကံညွန့်



ယခုဖော်ပြလိုတဲ့သတင်းကတော့ ခဏခဏ ဆံပင်အလှပြုပြင်နေကြတဲ့ အမျိုးသမီးတွေအတွက် သတိထားစရာ သတင်းတစ်ခုပါ။ ဒါကတော့ တချို့ဆံပင်ကိုဆွဲဆန့်ပြီး ပြုပြင်ရတဲ့ အလှပြင်မှုကို ခဏခဏပြုလုပ်ခဲ့သူတွေဟာ စောစီးစွာ ဆံပင်ကျွတ်ခြင်း၊ ခေါင်းပြောင်ခြင်းကို ခံစားရနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒါကို လေ့လာခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ John Hopkins တက္ကသိုလ်က ဆေးပညာရှင်တွေ ဖြစ်ပါတယ်။ သူတို့အဆိုအရ ဆံပင်ကို ဆွဲဆန့်ပြီး ပြုလုပ်ရတဲ့ ဆံပင်အလှပြုပြင်ခြင်းမှာ ဆံပင်အရင်းမှာရှိတဲ့ Hair Follicle တွေဟာ ပျက်စီးသွားနိုင်ပြီး မြန်မြန်ဆံပင်ကျွတ်ခြင်းဒဏ်ကို ခံရတာဖြစ်တယ်လို့ဆိုပါတယ်။

နောက်ပြီး ဆံပင်ကို ပုံစံအမျိုးမျိုးပြုလုပ်ဖို့ အပူပေးခြင်း၊ ဆံပင်ကို ဆွဲဆန့်ဖို့ အလေးဆွဲခြင်း၊ ဓာတုပစ္စည်းအသုံးပြုခြင်းတွေဟာလည်း ဦးရေခွံကျန်းမာမှုကို ထိခိုက်စေပြီး ဆံပင်ကျွတ်ခြင်းကို ဖြစ်စေတယ်။ ဆံပင်ကို ပုံစံဖြစ်အောင် Glue ကော်ကပ်ခြင်း၊ ဒီကော်ကို ဓာတုပစ္စည်းသုံးပြီး ပြန်ချွတ်ခြင်း စတဲ့ပြုပြင်မှုမျိုးကို ခဏခဏမလုပ်သင့်ဘူးလို့လဲ ၎င်းတို့လေ့လာချက်မှာ ဖော်ပြထားပါတယ်။ အများအားဖြင့် အမေရိကန်မှာ နေထိုင်ကြတဲ့ အာဖရိကန်၊ အမေရိကန် အမျိုးသမီးတွေဟာ ဆံပင်ကို ဆွဲဆန့်ပြုပြင်မှု ခဏခဏပြုလုပ်တာကြောင့် ဒီဝေဒနာကို စောစီးစွာ ခံစားနေရတယ်လို့ သူတို့လေ့လာချက်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းကတော့ စင်ကာပူနိုင်ငံက လာတဲ့ သတင်းပါ။ စင်ကာပူနိုင်ငံဟာ သက်ကြီးရွယ်အိုတွေ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးမယ့် အစီအစဉ်တစ်ခုကို ၂၀၂၀ ခုနှစ်မှာ အပြီးသတ်အကောင်အထည်ဖော်နိုင်မယ်လို့ ကြေညာလိုက်ပါတယ်။ ဒီအစီအစဉ်ကို NCCS လို့ခေါ်တဲ့ National Cancer Centre of Singapore က ဦးဆောင်ပြုလုပ်ပေးမှာဖြစ်တယ်လို့ ယင်း Centre Medical Oncology ဌာနက တာဝန်ခံဆရာဝန်ကြီး Strait Times က သတင်းစာကို ပြောကြားလိုက်ကြောင်း ယင်းသတင်းစာမှာ ဖော်ပြထားပါတယ်။ ယခုလောလောဆယ်မှာ ကင်ဆာရောဂါတစ်ခုခုခံစားရပြီး အသက်ရှင်နေသေးတဲ့ သက်ကြီးရွယ်အိုတချို့ဟာ Singapore General Hospital မှာပဲ ဆေးကုသမှုခံယူနေကြရတယ်လို့ ဆိုပါတယ်။ သက္ကရာဇ် ၂၀၂၀ ခုနှစ်ကျရင် ဒီသက်ကြီးရွယ်အိုကုသရေးဆရာဝန်၊ ကိုယ်လက်ပြန်လည် သန်စွမ်းရေးလေ့ကျင့်မှုဆရာဝန် စတဲ့ဆရာဝန်ပေါင်းစုံနှင့် တစ်နေရာတည်းမှာ ကုသမှုခံယူနိုင်အောင် ပြုလုပ်ပေးမယ့်ဌာနအဖြစ် ဖွင့်လှစ်ပေးမယ်ဆိုတာ သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

ဆေးပညာသတင်းတွေထဲမှာ ရောဂါတစ်မျိုးအတွက် သုံးနေတဲ့ဆေးဟာ နောက်ရောဂါတစ်ခုမှာလဲ ထိရောက်စွာ ကုသနိုင်တဲ့ဆေးဖြစ်နေတာတွေ့ရတဲ့ သတင်းတွေတော်တော်များ ဖော်ပြခဲ့ပြီးပါပြီ။ ယခုဖော်ပြလိုတဲ့သတင်းကတော့ ကင်ဆာရောဂါသုံးလေးမျိုးမှာ ထိရောက်စွာကုနိုင်တဲ့ Gene တစ်မျိုးဟာ ကိုယ်ခန္ဓာတွင်းက နောက်ကင်ဆာတစ်မျိုးအတွက် ပိုဆိုးစေတယ်ဆိုတဲ့ တွေ့ရှိချက်သတင်းပါ။ ဒါကို တွေ့ရှိခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ Columnbia ပြည်နယ် University of Missouri School of Medicine က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အသည်းကင်ဆာတွေမှာ ထိရောက်စွာကုသနိုင်တဲ့ SPROUTY 2 ဆိုတဲ့ Gene ဟာ အူမကြီးနှင့် မစင်အိတ်ကင်ဆာ (Colorectal Cencer) ကို ပိုဆိုးစေတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအကြောင်း Medical Journal of Oncogene ဂျာနယ်မှာ ဖော်ပြထားတာပါ။ သူတို့ဟာ ဓာတ်ခွဲခန်းက ကြွက်ကလေးကိုစမ်းသပ်တဲ့အခါ ဒီ Gene ဟာ Colorectal Cancer မှာ ပျံ့နှံ့နိုင်တဲ့ Molecular Pathway ကို ပိုပြီး လမ်းဖွင့်ပေးသလိုဖြစ်နေတာ တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ကင်ဆာသုံးမျိုးလောက်ကို ထိရောက်စွာကုနိုင်တဲ့ Gene ပင်ဖြစ်လင့်ကစား ကျန်တဲ့ကင်ဆာတစ်မျိုးမှာ ပိုဆိုးနိုင်တာကို သတိထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။






နောက်ဖော်ပြလိုတဲ့သတင်းကတော့ အရိုးရောဂါနှင့် သက်ဆိုင်ပါတယ်။ အရိုးပွရောဂါ၊ အရိုးကျိုးတဲ့အခါဖြစ်ပေါ်တတ်တဲ့ အရိုးနေရာမှာ ဖြည့်စွက်ပေးဖို့ ဘိလပ်မြေသဘော အစွမ်းရှိတဲ့ Cement တစ်မျိုးကို တီထွင်နိုင်ခဲ့ပြီဆိုတဲ့ သတင်းပါ။ ဒီနည်းကို Injectable Bone Foam ကုသနည်းလို့ခေါ်ပြီး ဒီလိုတီထွင်နိုင်ခဲ့သူတွေကတော့ ပြင်သစ်နိုင်ငံ Nantes ဆေးတက္ကသိုလ်ကဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ ဆေးထိုးပိုက်ထဲမှာ ထည့်ပြီး ထိုးသွင်းပေးနိုင်တဲ့ ရေမြှုပ်သဏ္ဌာန်ရှိတဲ့ CPC လို့ အတိုကောက်ခေါ်တဲ့ Calcium Phosphate Cement တစ်မျိုးကို တွေ့ရှိခဲ့တာဖြစ်တယ်။ ဒီ Cement ကို Hydrogel Foam နှင့်ပေါင်းစပ်ပြီး အရိုးဆက်မယ့်နေရာ၊ အရိုးပွနေရာတွေမှာ ဆေးထိုးပိုက်နှင့် ထည့်သွင်းကုသပေးခြင်းဖြင့် အရိုးဟာ သာမန်ပကတိလိုပဲ ပြန်ကောင်းသွားတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ သူတို့ဟာ ဓာတ်ခွဲခန်းမှာ ယုန်ငယ်ကလေးတွေကို ဒီနည်းနှင့် စမ်းသပ်ကြည့်တဲ့အခါ တစ်ပတ်မှ ခြောက်ပတ်အတွင်း သာမန်အရိုးလိုပဲ တစ်သားတည်းဖြစ်သွားတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒီကုသနည်းဟာ အရိုးပွရောဂါရှိသူ၊ အရိုးကျိုးပြီး Defect ဖြစ်ကာ ဆက်မရဖြစ်နေသူတွေအတွက် ကုသရာမှ ထိရောက်တဲ့ကုသမှုတစ်မျိုးဖြစ်လာနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုနှစ် ၂၀၁၆ နှစ်ဦးပိုင်းမှာပဲ AHA ခေါ် Americal Heart Association ဆိုတဲ့ အဖွဲ့ကြီးက သတိပေးကြေညာချက်တစ်စောင် ထွက်လာပါတယ်။ ဒါကတော့ နှလုံးသွေးကြောရောဂါ (Cardiovascular Disease) နှင့် လေဖြတ်ရောဂါ (Stroke) ဟာ လူတွေအသက်သေဆုံးရတဲ့ရောဂါတွေထဲမှာ ထိပ်ဆုံးကရှိနေတယ်ဆိုတဲ့ သတိပေးချက်ပါ။ ဒီရောဂါနှစ်ခုကြောင့် ကမ္ဘာတစ်လွှား တစ်နှစ်မှာ လူပေါင်း ၁၇ ဒသမ ၃ သန်းကျော် သေဆုံးနေရတယ်။ အမေရိကန်နိုင်ငံတစ်ခုတည်းမှာ တစ်နှစ်လူရှစ်သိန်းကျော် သေဆုံးနေရပြီး ဒါဟာ လူသုံးယောက်သေဆုံးတိုင်း တစ်ယောက်ဟာ ဒီရောဂါကြောင့်ဖြစ်ရတယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံမှာရှိတဲ့ အာဖရိကန်နွယ်ဆက် အမေရိကန်တွေဟာ ဒီရောဂါပိုဖြစ်တတ်ကြပြီး ဒီလူတွေထဲက အရွယ်ရောက်ပြီး လူထက်ဝက်ခန့်က ဒီရောဂါဖြစ်နိုင်ခြေရှိသူတွေဖြစ်တယ်လို့ဆိုပါတယ်။ တစ်ကမ္ဘာလုံးအနေဖြင့်တွက်လျှင် ဒီရောဂါနှစ်ခုကြောင့် သေဆုံးရသူအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးစနိုင်ငံငယ်တွေမှာဖြစ်တာ တွေ့ရတယ်လို့ဆိုပါတယ်။ ဒီရောဂါဖြစ်ရတဲ့အကြောင်းအရင်းတွေထဲမှာ ဆေးလိပ်၊ အရက်သောက်သုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အစားအသောက် ဖြစ်သလိုစားသောက်နေထိုင်ခြင်း၊ အဝလွန်ခြင်း၊ သွေးတိုး၊ ဆီးချိုရောဂါရှိခြင်းနှင့် သွေးထဲမှာ အဆီဓာတ်များခြင်း စတဲ့အချက် ၇ ချက်ကြောင့် ဖြစ်ကြရတာလို့ ထောက်ပြထားပါတယ်။ ဒါတွေကိုသာ မပြုပြင်ကြရင် ၂၀၃၀ ခုနှစ်ကျရင် ဒီရောဂါနှစ်မျိုးကြောင့် သေဆုံးရမှုဟာ ၂၃ ဒသမ ၆ သန်းအထိ တိုးလာနိုင်တယ်လို့ သတိပေးထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ လေ့လာချက်တစ်ခုမှာ အသက် ၅၀ ကျော် ၆၀ အရွယ် လူကြီးပိုင်းတွေဟာ လူငယ်တွေထက် မှတ်ဉာဏ်စွမ်းအားပိုမြင့်လာတာ တွေ့ရတယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ Austria EdkifiH ( International Institute for applies Systems Analsis ) က သုတေသီတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ ယခုလူတွေအများအပြား အသုံးပြုလာတဲ့ Computer, Smart phone, Laptop နှင့် လုပ်ငန်းခွင်အတွေ့အကြုံတွေဟာ ဒီအရွယ်ရှိသူတွေရဲ့ မှတ်ဉာဏ်စွမ်းအားကို ပိုကောင်းစေနိုင်တာလို့ ဆိုပါတယ်။ ဒါပေမယ့် ဒီအရွယ်တွေမှာ ဒါတွေကိုချည်း အသုံးပြုနေပြီး ကိုယ်လက်လှုပ်ရှားမှုနည်းပြီး စားသောက်နေထိုင်မှုပုံစံတွေကြောင့် အဝလွန်မှုမဖြစ်အောင် သတိထားထိန်းသိမ်းနေထိုင်သင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။ ။

## မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး၍တောင်သူများဝမ်းသာ

**မြစ်သား ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၀ ရက်မှ စတင်၍ ထုတ်ချေးပေးခဲ့ရာ ဒေသခံတောင်သူများ ကျေနပ်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာက "ပြီးခဲ့တဲ့နှစ်တွေက စပါးတစ်ဧကမှ ငွေကျပ်တစ်သိန်းရတာပါ။ အခုကျတော့ စပါးတစ်ဧက ငွေကျပ်တစ်သိန်းခွဲနဲ့ ချေးပေးလိုက်တော့ ဒေသခံတောင်သူတွေ ပျော်တာပေါ့" ဟု ပြောသည်။

မြစ်သားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၆ မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ လျာထားချက်များမှာ ကျေးရွာအုပ်စုပေါင်း ၈၈ အုပ်စု၊ တောင်သူဦးရေပေါင်း ၁၅၀၀၀ ခန့်နှင့် ထုတ်ချေးငွေသိန်းပေါင်း ၉၅၃၀၀ လျာထားပြီး ဇွန် ၆ ရက်ထိ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ တောင်သူဦးရေပေါင်း ၇၃၇ ဦးနှင့် ထုတ်ချေးငွေသိန်းပေါင်း ၄၂၄၄ သိန်းကျော် ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ဗုဒ္ဓဘာသာစာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများကို အောင်လက်မှတ်နှင့် ဆုနှင်းသဘင်ကျင်းပ

**ကနီ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မြင်သာကုန်းကျေးရွာ မင်္ဂလာရွာဦးကျောင်းတိုက် ဗုဒ္ဓဘာသာယဉ်ကျေးမှုကျောင်း၌ ဗုဒ္ဓဘာသာစာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများကို အောင်လက်မှတ်နှင့် ဆုနှင်းသဘင်အခမ်းအနားကို ဇွန် ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုနှင်းသဘင်အခမ်းအနားဖွင့်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး မြင်သာကုန်းရွာ မင်္ဂလာရွာဦးကျောင်းတိုက် ပဓာနနာယကဆရာတော်က သြဝါဒမိန့်ကြားပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းမှူးဆရာတော် ဦးအင်္ကုရက ပညာရေး၊ ဘာသာရေးဆိုင်ရာများ၊ သြဝါဒဆုံးမမှုများ မိန့်ကြားတော်မူခဲ့သည်။

ယင်းနောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများကို ဆုများပေးအပ်ပြီး ရိုးရိုးအောင်မြင်သူများကို သင်တန်းအောင်လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြင်သာကုန်းကျေးရွာ လူငယ်များအဖွဲ့ကအခြေခံပညာအလယ်တန်း(ခွဲ)ကျောင်းမှကျောင်းသား၊ကျောင်းသူများနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းမှ အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများကိုကျောင်းသုံး ဗလာစာအုပ်များလှူဒါန်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ယူရို ၂၀၁၆ အုပ်စုပွဲစဉ်များ

ရှိုင်မင်းမင်း

## အဖွင့်ပွဲမှာနိုင်ပွဲယူမယ့်လက်ရှိချန်ပီယံစပိန်

ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့အုပ်စုပွဲတွေကို လာမယ့် ဇွန်လ ၁၃ ရက်နေ့ညမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်တွေမှာတော့ စပိန်နဲ့ချက်၊ အိုင်ယာလန်နဲ့ဆွီဒင်၊ ဘယ်ဂျီယံနဲ့အီတလီတို့ ယှဉ်ပြိုင်ကစားသွားကြမှာဖြစ်ပြီး နာမည်ကြီးစပိန်အနေနဲ့နိုင်ပွဲရယူနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိပါတယ်။

### စပိန် – ချက် ၁၃-၆-၁၆ ည ၇း၃၀

စပိန်ဟာ ဒီယူရို ၂၀၁၆ မှာ ဗိုလ်စွဲနိုင်မယ့်အသင်းတွေအနက် တစ်သင်း အပါဝင်ဖြစ်တယ်လို့ သတ်မှတ်ခံထားရတဲ့ အသင်းဖြစ်ပါတယ်။ စပိန်အနေနဲ့ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာခြေစွမ်းမပြနိုင်ဘဲ အုပ်စုအဆင့်ကထွက်ခဲ့ရပေမယ့်လည်း ယူရိုခြေစစ်ပွဲနဲ့ ခြေစမ်းပွဲတွေမှာ ခြေစွမ်းပြသနိုင်ခဲ့တာကိုတွေ့ရပါတယ်။ စပိန်မှာ ရာမို့စ်၊ ပီကေးစ်၊ ဖာဘရီဂက်စ်၊ အင်နီယေစတာတို့လို ကစားသမားကောင်းတွေလည်း ပါဝင်နေသလို အခုနောက်ပိုင်းခြေစမ်းပွဲတွေမှာလည်း တိုက်စစ်မှူးတွေဖြစ်တဲ့ နိုလီတို၊ မိုရာတာတို့အနေနဲ့ ဂိုးသွင်းခြေ ရရှိလာခဲ့တာကြောင့်လည်း တိုက်စစ်ကအဆုံးသတ်အား ပိုမိုကောင်းမွန်လာပါတယ်။ ချက်ကတော့ အသင်းကောင်းတစ်သင်းဖြစ်သလို အသင်းလိုက်ကစားပုံ မဆိုးပေမယ့်လည်း ကစားသမားစုဖွဲ့မှုအပိုင်းမှာ စပိန်ကိုမမှီဘူး။ ခြေစမ်းပွဲတွေမှာ မော်လ်တာကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် ရုရှားကို ခက်ခက်ခဲခဲ ကစားခဲ့ရသလို ဆွီဒင်နဲ့လည်း သရေကျခဲ့တဲ့ချက်ရဲ့ခြေကလည်း သာမန်သာရှိပါတယ်။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရဖို့အားစိုက်လာမယ့် စပိန်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### အိုင်ယာလန် – ဆွီဒင် ၁၃-၆-၁၆ ည၁၀း၃၀

အိုင်ယာလန်ဟာ အသင်းကောင်း တစ်သင်းဖြစ်ပါတယ်။ အသင်းလိုက်ကစားပုံ ကောင်းမွန်မှုရှိသလို ခြေစစ်ပွဲတွေအတွင်းမှာတုန်းကလည်း ခြေစွမ်းပြသနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ခြေစမ်းပွဲတွေမှာလည်း ဟော်လန်၊ စလိုဗက်ကီးယားတို့လို အသင်းတွေကိုတောင်သရေကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် အိုင်ယာလန်ဟာ တိုက်စစ်မှူးကောင်းရှားပါးနေကာ အသက် ၃၅ နှစ်အရွယ် တိုက်စစ်မှူး ရော်ဘီကိန်းကိုပါ ပြန်လည်ခေါ်ယူထားခဲ့ရပါတယ်။ ဒါကြောင့်လည်း ခြေစမ်းပွဲ နောက်ဆုံးသုံးပွဲမှာ တိုက်စစ်ကလေးဂိုးသာသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဆွီဒင်ကတော့ အိုင်ယာလန်လိုအသင်းလိုက်ကစားပုံကောင်းမွန်တဲ့ အသင်းဖြစ်သလို တိုက်စစ်ပိုင်းမှာ အီဘရာဟီမိုဗစ်လို တိုက်စစ်မှူးကောင်းပါဝင်နေတာကြောင့် တိုက်စစ်ပိုင်းက အိုင်ယာလန်ထက် ပိုမိုကောင်းမွန်နေပါတယ်။ အဖွင့်ပွဲဖြစ်တာကြောင့် နှစ်သင်းစလုံးအနိုင်ရရှိရေးအားစိုက်ကစားလာကြမှာဖြစ်သလို အသင်းလိုက်ကစားအားနဲ့ ခြေစွမ်းပိုင်းမကွာပေမယ့် အဆုံးသတ်ပိုမိုကောင်းတဲ့ ဆွီဒင်က ကပ်နိုင်နိုင်တယ်။

### ဘယ်ဂျီယမ် – အီတလီ ၁၄-၆-၁၆ နံနက် ၁း၃၀

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ အီတလီဟာ အသင်းကောင်းတစ်သင်းဖြစ်သလို ပြိုင်ပွဲကြီးတွေမှာ မထင်မှတ်ဘဲ ခြေစွမ်းပိုင်းတိုးတက်ကောင်းမွန်တတ်တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ အထူးသဖြင့် အီတလီဟာခြေစစ်ပွဲတွေ ကစားခဲ့ရာမှာလည်းခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး အုပ်စုပထမနဲ့ခြေစစ်ပွဲတိုက်ရိုက် အောင်မြင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။

ဒါပေမယ့် အီတလီဟာခြေစမ်းပွဲတွေမှာတော့ သာမန်ခြေစွမ်းသာရှိခဲ့သလို ဂျာမနီကို ရှုံးနိမ့်ခဲ့ရကာ စကော့တလန်ကိုလည်း ခက်ခက်ခဲခဲအနိုင်ကစားခဲ့ရတာကို တွေ့ရပါတယ်။ အီတလီမှာ မော့တာ၊ ဇာဇာ၊ ပယ်လီ၊ ဘိုနူချီ၊ အင်ဆိုင်နီတို့လို ကစားသမားကောင်းတွေပါဝင်လာမှာ ဖြစ်ပေမယ့် ဘယ်ဂျီယံကလည်း ခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းဖြစ်နေပါတယ်။ ဘယ်ဂျီယံမှာ တိုက်စစ်မှူးလူကာကူဟာ အခုနောက်ပိုင်းခြေစမ်းပွဲတွေမှာ ခြေစွမ်းပြသနေနိုင်ကာဂိုးတွေလည်းသွင်းယူနိုင်နေတာကြောင့် တိုက်စစ်ပိုင်းက ပိုမိုကောင်းမွန်လာသလို ဒီဘရိုင်း၊ ဟာဇက်၊ ဖယ်လာနီ၊ နိုင်ဂိုလန်တို့ရဲ့ ကွင်းလယ်ပိုင်းကလည်း ကစားပုံ ကောင်းမွန်မှုရှိပါတယ်။ ဘယ်ဂျီယံမှာ ကွန်ပါနေးလ်မပါဝင်နိုင်လို့ ခံစစ်ပိုင်းက အနည်းငယ်အားနည်းမှုတွေရှိနေပေမယ့်လည်း အီတလီတိုက်စစ်ပိုင်းက အခုအချိန်အထိဂိုးသွင်းခြေမတည်ငြိမ်သေးပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာ အီတလီဟာ ၅ ပွဲကစားခဲ့ရာမှာ တစ်ဂိုးထက်ပိုသွင်းနိုင်တဲ့ပွဲဆိုလို့ တစ်ပွဲသာရှိခဲ့တာကိုလည်းတွေ့ရတယ်။ အဆိုပါပွဲကလည်း ရိုမေးနီးယားလို သာမန်အဆင့်အသင်းနဲ့သာ ကစားခဲ့တဲ့ပွဲဖြစ်ပြီး ကျန်ပွဲတွေမှာတော့ တစ်ဂိုးသွင်းယူနိုင်ဖို့ကိုတောင် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပါတယ်။ အီတလီဟာ ပြိုင်ပွဲကြီးတွေမှာလည်း အထနှေးတတ်လို့ ဒီပွဲမှာတော့ ဘယ်ဂျီယံပဲအနိုင်ရမယ်။

## နိုင်ပွဲစတင်ရယူသွားမယ့်ရော်နယ်ဒိုရဲ့ပေါ်တူဂီ

ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့အုပ်စုပွဲတွေကို လာမယ့် ဇွန်လ ၁၄ ရက်နေ့ညမှာဆက်လက်ယှဉ်ပြိုင်ကစားသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်တွေမှာတော့ဩစတြီးယားနဲ့ ဟန်ဂေရီ၊ ပေါ်တူဂီနဲ့ အိုက်စလန်တို့ ဆုံတွေ့နေတာကြောင့် ဒီပွဲစဉ်မှာ နာမည်ကြီးပေါ်တူဂီအနေနဲ့ အိုက်စလန်ကို အနိုင်ကစားသွားနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။

### ဩစတြီးယား – ဟန်ဂေရီ ၁၄-၆-၁၆ ည ၁၀း၃၀

ဩစတြီးယားဟာ ခြေစွမ်းပိုင်းအရ ကောင်းမွန်တယ်လို့ ဆိုနိုင်တဲ့အသင်း ဖြစ်ပါတယ်။ ဩစတြီးယားမှာ စတုတ်ကွင်းလယ်ကစားသမား အာနူတိုဗစ်၊ ဝါဒါဘရီမင်ကွင်းလယ်ကစားသမား ဂျူ နူဇို့ဗစ်၊ ဘေဆယ်တိုက်စစ်မှူး ဂျန်ကို၊ ဘိုင်ယန်မြူးနစ်ခံစစ်မှူး အလာဘာ၊ စတုဂတ်ကွင်းလယ်ကစားသမား မာတင်ဟာနစ်တို့လို ကစားသမားကောင်းတွေလည်းရှိနေပါတယ်။ ဩစတြီးယားအနေနဲ့ ခြေစစ်ပွဲတွေမှာလည်း ခြေစွမ်းပြသနိုင်ခဲ့သလို ဆွီဒင်၊ ရုရှားတို့လိုအသင်းကောင်းတွေကိုတောင် ကျော်ဖြတ်ပြီး အုပ်စုပထမနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲမှာ ဟော်လန်ကိုရှုံးနိမ့်ခဲ့ရပေမယ့်လည်း ခြေစွမ်းပိုင်းအရ ကောင်းမွန်ခဲ့သလိုအခြားခြေစမ်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ကာ မော်လ်တာ၊ အယ်ဘေးနီးယားတို့ကို အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဟန်ဂေရီကတော့ ခြေစစ်ပွဲတွေအတွင်းမှာခြေစွမ်းပိုင်းသာမန်သာရှိခဲ့သလို အုပ်စုတတိယသာရယူနိုင်ခဲ့တာကြောင့် အဆုံးအဖြတ်ခြေစစ်ပွဲကစားခဲ့ပြီးမှသာ ခြေစစ်ပွဲအောင်မြင်လာခဲ့တာဖြစ်ပါတယ်။ ခြေစမ်းပွဲတွေမှာလည်း သာမန်ခြေစွမ်းမျိုးသာ ကစားနိုင်ခဲ့ကာ ဂျာမနီကို အရေးနိမ့်ခဲ့ရသလို အိုင်ဗရီကို့စ်၊ ခရိုအေးရှားတို့ကိုလည်း သရေသာကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဟန်ဂေရီမှာ တိုက်စစ်မှူးနီမက်ဇ်လို ကစားသမားကောင်းပါဝင်နေတယ်ဆိုပေမယ့်လည်း အများစုကတော့ ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ကစားသမားတွေ ဖြစ်နေပါတယ်။ ဟန်ဂေရီအနေနဲ့ ဒီပွဲစဉ်မှာလည်း အသင်းလိုက်ကစားအားနဲ့ ရလဒ်ကောင်းမွန်နိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ကစားသမားကောင်းပိုမိုပါဝင်နေတဲ့ ဩစတြီးယားကို အသာရယူနိုင်ဖို့ ခက်ခဲလာနိုင်ပါတယ်။ နှစ်သင်းစလုံးနိုင်ပွဲစတင်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာကြမယ့် ဒီပွဲစဉ်မှာတော့ စုဖွဲ့မှုပိုမိုကောင်းမွန်နေတဲ့ ဩစတြီးယားကသာ နိုင်ပွဲကပ်ရသွားနိုင်ဖို့ရှိနေပါတယ်။

### ပေါ်တူဂီ – အိုက်စလန် ၁၅-၆-၁၆ နံနက် ၁း၃၀

ပေါ်တူဂီဟာ အသင်းကောင်းတစ်သင်းဖြစ်ပါတယ်။ ခြေစစ်ပွဲတွေအတွင်းမှာကတည်းက ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ကာ အုပ်စုပထမနဲ့တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့တာလည်းဖြစ်ပါတယ်။ ခြေစမ်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ကာ နောက်ဆုံးကစားခဲ့တဲ့ခြေစမ်းပွဲမှာဆိုရင် အင်္ဂလန်ကို ရှုံးနိမ့်ခဲ့ရတယ် ဆိုပေမယ့်လည်း တစ်ယောက်လျော့အနေအထားနဲ့ အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ကာ ပွဲပြီးကာနီးမှသာအနိုင်ဂိုး ပေးခဲ့ရလို့ ကပ်ပြီးရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ အဆိုပါခြေစမ်းပွဲမှာ ပေါ်တူဂီဟာ တိုက်စစ်ပိုင်းက အဆုံးသတ်ပိုင်း အားနည်းခဲ့တယ်ဆိုပေမယ့်လည်း အဆိုပါပွဲစဉ်မှာ အဓိကတိုက်စစ်မှူးရော်နယ်ဒို ပါဝင်ခဲ့ခြင်းလည်းမရှိပါဘူး။ ဒါကြောင့် ရော်နယ်ဒိုပါဝင်လာမယ့် ဒီပွဲစဉ်မှာဆိုရင် ပေါ်တူဂီရဲ့တိုက်စစ်ပိုင်းက ပိုမိုပြီး ကောင်းမွန်လာနိုင်သလို အခြားခြေစမ်းပွဲတွေမှာလည်း ပေါ်တူဂီဟာခြေစွမ်းပိုင်းကောင်းမွန်ခဲ့ကာ ဘယ်ဂျီယံလိုအသင်းကောင်းကိုပါ အနိုင်ယူနိုင်ခဲ့ပြီးနော်ဝေလို အသင်းကောင်းကိုလည်း ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း ပေါ်တူဂီအနေနဲ့ နိုင်ပွဲစတင်ရယူနိုင်ဖို့အတွက် ရော်နယ်ဒိုအပါအဝင် လူစုံအသုံးပြုပွဲထွက်လာခဲ့မယ်ဆိုရင် ခြေစွမ်းသာမန်သာရှိတဲ့ အိုက်စလန်ကို ဖိအားပေး ကစားသွားနိုင်ဖို့ရှိနေပါတယ်။ အိုက်စလန်ဟာ အသင်းလိုက်ကစားအားကောင်းမွန်မှုရှိသလို ခြေစစ်ပွဲတွေအတွင်းမှာလည်းမထင်မှတ်ဘဲ ခြေစွမ်းပြသနိုင်ခဲ့ကာ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ပါတယ်။ ဒါပေမယ့် အိုက်စလန်ဟာ ကစားသမားအင်အားပိုင်းမှာတော့ ပေါ်တူဂီကိုယှဉ်နိုင်ဖို့မရှိပါဘူး။ ဒ့ါအပြင် အိုက်စလန်ဟာခြေစမ်းပွဲတွေမှာလည်း သာမန်သာကစားနိုင်ခဲ့ကာ ဂရိလိုအသင်းကိုတောင် ခက်ခက်ခဲခဲအနိုင်ယူခဲ့ရပြီး နော်ဝေ၊ ဒိန်းမတ်၊ အမေရိကန်၊ ယူအေအီးတို့ အားလုံးကိုရှုံးနိမ့်ခဲ့ရကာ ခံစစ်ကလည်း အဆိုပါ ၅ ပွဲမှာ ပွဲတိုင်းဂိုးပေးခဲ့ရပြီး စုစုပေါင်း ၁၂ ဂိုးအထိ ပေးခဲ့ရပါတယ်။ ဒါကြောင့်လည်း အိုက်စလန်အနေနဲ့ ပေါ်တူဂီကို တံ့ပြန်ကစားနိုင်ဖို့ဆိုတာ ခက်ခဲနေပါတယ်။ ပေါ်တူဂီကသာ ထိုးဖောက်မှုအသာနဲ့ကစားနိုင်မှာဖြစ်ပြီး နိုင်ပွဲလည်းရယူသွားနိုင်ဖို့ ရှိနေပါတယ်။

**Welcome to Grand Opening Celebration!**
**New MK Fashion Shop**

MK FASHION SHOP

June 11th , 2016 (Saturday)
From 4:00 - 6:00 pm

@ Myanmar Plaza
Event Hall

// Special //
Fashion, Dancing, Musical performance
& get lucky with our glamorous prizes




ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့်
လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

Certificate TH09/3125

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်မြို့မှထုတ်လုပ်သည်။

Certificate TH06/3966.01

**Company Liquidation**
**GLOBAL MARITIME MYANMAR LIMITED**
[ Under Section 208(E) of Myanmar Companies Act ]

Calling the Final General Meeting regarding the winding-up of **GLOBAL MARITIME MYANMAR LIMITED** pursuant to section 208(E) of Myanmar Companies Act, the FINAL GENERAL MEETING of GLOBAL MARITIME MYANMAR LIMITED which is in the course of winding-up will be held as follows, therefore, all shareholders are cordially invited to attend the final general meeting in order to seek for the consent of shareholders. At the meeting the liquidator and auditor reports shall be presented.

The meeting will be held as follows:

Date : 1st July, 2016
Time : 10:00 a.m
Venue : No.44, First Floor, Bogyoke Aung San Street, Pazundaung Township, Yangon.

U Min Lwin Oo
B.Com, C.P.A
(Certified Public Accountant)
LIQUIDATOR

သိန်းသန်းဆက်
အိမ်ပြောင်း/ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားနှင့်လုပ်သားအပါ
Ph: 09-440390558
09-784109116

GW 0973226006
0973133528
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
ကားများနှင့်လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။
09401505559,73077569

virosava® Brightening BB Balm




မျက်နှာအသားအရောင် မညီမညာဖြစ်ခြင်း၊ ဝက်ခြံအထွက်များခြင်းနှင့် အမည်းအစက်အပြောက်များခြင်းဖြစ်နေသူတွေ၏ မျက်နှာများကို နုညက်သွားအောင် ဖုံးအုပ်ညှိပေးနိုင်စွမ်းရှိပါသည်။ သင့်မျက်နှာကိုလည်း လင်းလက်တောက်ပဝင်းမွတ်စေနိုင်စွမ်းရှိ၍ လူအများကြားတွင်ရှိရင်းစွဲအသက်ထက်နုပျိုပြီး ဆွဲဆောင်မှုအပြည့်ရှိသော " လုတစ်မျက်နှာ " အဖြစ် တင့်တယ်စေနိုင်စွမ်းရှိပါသည်။

လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)

Apple Production Co., Ltd : အမှတ် (A-29) ၊ ဦးဝိစာရလမ်း၊ (၃၃) ထိုးစဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့၊
Ph : 09 86 18081, 09 49 316408

မှုခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မှုခင်းအသိပညာရရှိစေဖို့
**မှုခင်း**
ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(K/14)ယနေ့ထွက်ပြီ
Ph-01-397164,
01-9000017

★ တာချီလိတ်မြို့နယ်အတွင်း သေနတ်ပစ်ခတ်မှုနှစ်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံး ★ဘီယာထိုင်သောက်နေသူလူငယ်(၅)ဦးကို လူ(၄)ဦးက ဝင်ရိုက်ခဲ့ရာမှ ပြန်လည်ရိုက်နှက်လို့ တစ်ဦးသေဆုံး ★ ရည်းစားဖြစ်သူက ဓားနဲ့ထိုးလို့ဒဏ်ရာတွေရရှိသွားတဲ့အမျိုးသမီး ★မြက်ဖြတ်စက်ဖိုးတောင်းရာမှ အချင်းများလို့ ဓားနဲ့ခုတ်သတ်ခဲ့သူရဲ့ဖြစ်ရပ် ★လမ်းမပေါ်မှုးယစ်ဆဲဆိုနေသူကို တားဆီးရာမှ ရဲတပ်သားတစ်ဦးသေဆုံး ★လင်မယားနှစ်ယောက်ကို ဓားနဲ့ခုတ်လို့ လင်ဒဏ်ရာရရှိပြီး ဇနီးသေဆုံးသွားတဲ့ဖြစ်ရပ် ★ငါးဖမ်းလုပ်သားတစ်ဦးကို ငါးဦးကရိုက်နှက်ခဲ့လို့သေဆုံး★ဒဂုံမြို့သစ်တောင်ပိုင်းမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုသတ်ပြီး ထွက်ပြေးတိမ်းရှောင်သွားသည့် ပြစ်မှုကျူးလွန်သူများအား ရဲတပ်ဖွဲ့က နာရီ (၄၀)အတွင်းဖော်ထုတ်ဖမ်းဆီး ★အော်ရင်သတ်ပစ်မှာဆိုပြီး သားမယားအဖြစ်ပြုကျင့် ★နေအိမ်ပေါ်သို့ တက်ပြီး အသက်(၈၀)အရွယ်အဘွားကိုရိုက်နှက်တဲ့ဖြစ်ရပ် စတဲ့သတင်းများနှင့်အတူ ......... ဖတ်ရှုလို့ရမည်။

ဒဂုံမြို့သစ်
အငှားပိုင်း
အိမ်ခန်းမြို့ရှယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
စျေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


SONY
GRAND OPENING PROMOTION
@ MYANMAR PLAZA 11TH ~ 14TH, JUNE | 2016 (4 DAYS ONLY!)
WHILE STOCK LAST!
30% OFF
BRAVIA
KLV-32R502C Youtube TV
Normal Price 389,000 ks
30% Off 272,300 ks
KLV-40R552C Youtube TV
Normal Price 529,000 ks
30% Off 370,300 ks
KDL-W700C Internet TV
Normal Price
599,000 ks (32") 30% Off 419,300 ks (32")
699,000 ks (40") 30% Off 489,300 ks (40")
1,050,000 ks (48") 30% Off 735,000 ks (48")
KD-65X9300C 4K Android 3D TV™
Normal Price 7,900,000 ks
30% Off 5,530,000 ks
HEADPHONE
MDR-EX110AP Normal Price 49,000 ks 30% Off 34,300 ks
MDR-EX15AP Normal Price 42,000 ks 30% Off 29,400 ks
MDR-XB50AP Normal Price 59,000 ks 30% Off 41,300 ks
MDR-EX110LP Normal Price 35,000 ks 30% Off 24,500 ks
MDR-E9LP Normal Price 9,900 ks 30% Off 6,930 ks
MDR-EX150AP Normal Price 60,000 ks 30% Off 42,000 ks
MDR-ZX310AP Normal Price 49,000 ks 30% Off 34,300 ks
MDR-ZX310 Normal Price 43,900 ks 30% Off 30,730 ks
MDR-ZX110 Normal Price 25,000 ks 30% Off 17,500 ks
MDR-AS200 Normal Price 37,900 ks 30% Off 26,530 ks
MDR-AS400EX Normal Price 69,000 ks 30% Off 48,300 ks
MDR-AS800AP Normal Price 91,900 ks 30% Off 64,330 ks
MDR-AS800BT Normal Price 209,000 ks 30% Off 146,300 ks
MDR-EX15LP Normal Price 19,000 ks 30% Off 13,300 ks
MDR-EX750BT Normal Price 199,000 ks 30% Off 139,300 ks
HOME AUDIO VIDEO
SHAKE-X7D Normal Price 1,450,000 ks 30% Off 1,015,000 ks
BDV-E6100 Normal Price 890,000 ks 30% Off 623,000 ks
MHC-V4D Normal Price 499,000 ks 30% Off 349,300 ks
SHAKE-88D Normal Price 1,390,000 ks 30% Off 973,000 ks
SHAKE-100D Normal Price 1,670,000 ks 30% Off 1,169,000 ks
PS4
CUH-1206A Normal Price 669,000 ks 30% Off 468,300 ks
30% OFF Model တစ်ခုစီအတွက် ပထမဆုံး လာသော Customer အယောက် (30) အတွက်သာ
CAMERA & CAMCORDER
DSC-W800 Normal Price 119,000 ks 30% Off 83,300 ks
DSC-W810 Normal Price 135,000 ks 30% Off 94,500 ks
DSC-H400 Normal Price 459,000 ks 30% Off 321,300 ks
HDR-CX405 Normal Price 359,000 ks 30% Off 251,300 ks
HDR-PJ410 Normal Price 499,000 ks 30% Off 349,300 ks
XPERIA™
Z5 Normal Price 709,000 ks 30% Off 496,300 ks
Z5 Premium Normal Price 809,000 ks 30% Off 566,300 ks
Z3+ Normal Price 525,000 ks 30% Off 367,500 ks
M5 Normal Price 425,000 ks 30% Off 297,000 ks
C4 Normal Price 299,000 ks 30% Off 209,300 ks
SPECIAL CHANCE !!!
XPERIA™ Z5 & Z5 Premium ဝယ်ယူသူတိုင်း DSC-QX10 & DSC-QX100 ထပ်မံဝယ်ယူပါက
50% Discount
DSC-QX10
The freedom to zoom and shoot
• 18.2MP Exmor R™ CMOS Sensor
• 10x Optical Zoom
• Built-in Wi-Fi® / NFC
269,000 ks 134,500 ks
DSC-QX100
Take stunning photos with your smartphone
• 20.2MP 1.0 type Exmor R™ CMOS Sensor
• Zeiss® Vario-Sonnar T* F1.8 lens
• Built-in Wi-Fi® / NFC
• 3.6x optical zoom
539,000 ks 269,500 ks
XPERIA X
NEW MODEL AVAILABLE NOW!
GET FREE GIFT
MDR-EX750NA (Pink) Hear in (Noise Cancelling) + Cover
599,000 ks
XPERIA™ X NEW
DISPLAY
CAMERA
PROCESSOR
STORAGE
AVAILABLE COLOURS
KEY FEATURES
Official Warranty by: TMW Enterprise Limited


TOSHIBA
Leading Innovation
FOOTBALL MATCHES AT HOME
PROMOTION
Up To 10% Off
အမြို့မြို့အနယ်နယ်ရှိ
အီလက်ထရောနစ် ဆိုင်များတွင်
(ဇွန်လ ၁၀ရက်နေ့မှ
ဇူလိုင်လ ၁၀ရက်နေ့အထိ)
Toshiba လျှပ်စစ်ပစ္စည်းများအား
အထူးလျှော့ဈေးများဖြင့်
ရောင်းချပေးပါမည်။
A Finer Touch of Life
Essential PQ Technology
10th June - 12th June 2016
Capital Hyper Mart (သာကေတ)
10:00 a.m - 9:00 p.m
• ဇွန်လ ၁၀ရက်နေ့မှ ၁၂ရက်နေ့အထိ Capital Hyper Mart (သာကေတ)တွင် ပြုလုပ်မည့် Toshiba ၏ Football Matches At Home Promotion တွင် လာရောက်ဝယ်ယူပါက အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင် မီးပူ၊ စပို့ရှပ်၊ ထီး စသည့် လက်ဆောင်များကို ကံစမ်းစရာမလိုဘဲ ရယူနိုင်ပါသည်။ (လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။)
• Capital Hyper Mart (သာကေတ) Promotion Area တွင် ပြုလုပ်သည့် Football Matches At Home Promotion တွင် ပျော်ရွှင်စရာ ဘောလုံးကစားခြင်း ဂိမ်းအစီအစဉ်များကို ပါဝင်ဆင်နွှဲရင်း ဆုလက်ဆောင်များရယူကာ Toshiba လျှပ်စစ်ပစ္စည်းများကို လေ့လာဝယ်ယူရန် ဖိတ်ခေါ်အပ်ပါသည်။


Midea
Enjoy the
SUMMER
WITH
Midea
PARTICIPATE IN
LUCKY DRAW
Midea ထုတ်ကုန်ပစ္စည်းများ
အကြောင်းကိုပိုမိုသိရှိလိုပါကကျွန်ုပ်တို့အား
ဆက်သွယ်နိုင်ပါသည်။
YANGON 01 2303013
MANDALAY 02 30791
နွေရာသီ ကံစမ်းမဲအစီအစဉ်
Mideaအဲ၏ရေခဲသေတ္တာ၊အဝတ်လျှော်စက်နှင့်လေအေးပေးစက်များဝယ်ယူတိုင်း
ဆုမဲများကံစမ်းလိုက်ပါ။ဆုရရှိသူကိုဇွန် လ ၃၀ရက်နေ့တွင်ကြေညာပေးမည်။
1. Nikon ကင်မရာ
2. Lenovo Tablet
3. ထမင်းပေါင်းအိုး
လေ့လာရန် - www.facebook.com/MIDEA.IN.MYANMAR
ORGANISED BY VSK International Co.,Ltd.
SK

iMyanmarHouse.com မှ ကြီးမှူးကျင်းပမည့် တတိယအကြိမ်မြောက်

# မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

**ကျပ်သိန်း (၃၀၀) တန် မှစသော တိုက်ခန်းများ၊ ကျပ်သိန်း (၆၀၀) တန် မှ ကျပ်သိန်း (၅၀၀၀) တန် အထိ**
**ကွန်ဒိုပေါင်းများစွာကို (၁) နှစ်မှ (၈) နှစ် အထိ အရစ်ကျစနစ်များ၊ အထူးလျှော့ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်မည့် အခွင့်အရေး။**
အိမ်ခြံမြေပညာရှင်ပေါင်းများစွာမှ အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကို ပြပွဲအတွင်း ဟောပြောပေးမည် ဖြစ်ပါသည်။

Main Sponsors: YOMA, STAR CITY, RIVERFRONT GARDEN

နေ့ရက် - ၂၀၁၆ ဇွန်လ ၁၀ ရက်မှ ၁၂ ရက်
အချိန် - နံနက် ၉:၀၀ နာရီ မှ ညနေ ၅:၀၀
နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်။

ပြပွဲသို့ တက်ရောက်လာသူများအား Samsung ဖုန်း၊ Tablet များနှင့် အခြား သိန်းငါးဆယ်တန်ဖိုးရှိ ဆုမဲပေါင်းများစွာ ကံစမ်းမဲဖောက်ပေးပါမည်။

ကြိုတင်စာရင်းပေးသွင်းရန် ဤနေရာသို့ သွားပါ။
www.imyanmarhouse.com/expo
**မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။**

Diamond Sponsors: AMPS, GOLDEN CITY, CTSM, M.K.T Construction Co.,Ltd, Lucky, Living Square

Gold Sponsors: STRONG SOURCE CONSTRUCTION CO.,LTD., ALPHA CEMENT, iGREEN, AMI



မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ခေါင်းလိမ်းဆီ

# ဂုဏ်မြင့်သူ

## ဆံပင်သန်၊ ဆံပင်ပေါက်ဆေး

- ဆံပင်ပျော့ပျောင်း၍ ဗောက်ကင်းရှင်းခြင်း
- ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
- ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916)၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃)၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၈၁/၀၃၁၆

ဖြန့်ချိရေး
ခိုင်ပွင့်
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၈၉၁၅
၀၉ ၇၃၂ ၄၃၆၃၀

# STRONG SOURCE
CONSTRUCTION CO.,LTD.

iMyanmarHouse မှကျင်းပပြုလုပ်မည့်
**"မြန်မာနိုင်ငံ၏အကြီးဆုံးအိမ်ခြံမြေအရောင်းပြပွဲကြီး"**
(၁၀-၆-၂၀၁၆) မှ (၁၂-၆-၂၀၁၆) အထိ
**တပ်မတော်ခန်းမ** (ဦးဝိစာရလမ်း)









**ရရှိနိုင်မည့်အခွင့်အရေး**

- 3% to 7% Discount ခံစားခွင့်
- (၁) နှစ်မှ (၈) နှစ် အရစ်ကျခံစားခွင့်
- 70% ပေးသွင်းပြီး နေထိုင်ခွင့်
- Lucky Draw ခံစားခွင့်

STRONG SOURCE PTE.LTD(Singapore) | STRONG SOURCE CONSTRUCTION CO.,LTD. | Hotel SS Hotels & Resorts | SSCL | DO CO MO Mobile | sm@rt talk | BLACK CANYON COFFEE

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၂/အေ)၊ စီးပွားရေးအဆောက်အအုံ၊ မင်းရဲကျော်စွာလမ်းနှင့်ပြည်လမ်းထောင့်၊ ၁၂-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ (စိန်ဂွမ်း-KBZ BANK ဘေး)
ဆက်သွယ်ရန်ဖုန်း - ၀၉-၂၆၃၆၅၆၆၇၇၊ ၀၉-၂၆၃၆၅၆၆၈၈၊ ၀၉-၂၆၃၆၅၆၆၉၉၊
၀၉-၄၂၀၁၁၂၂၃၃၊ ၀၉-၄၂၀၀၂၂၀၅၅
E-mail : strongsource5@gmail.com Website : www.strongsourcegroup.com

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

မိုးကုတ်မြို့ သတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက်
ဦးစီးပဓာန နာယက
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
သက္ကျသီဟပရိယတ္တိသာသနဟိတဓရ ဂုဏဝိသိဋ္ဌ

**ဆရာတော် ဘဒ္ဒန္တ သုနန္ဒ**
**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

သာဓုကီဠန အန္တိမအဂ္ဂိစျာပနကို
၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့) ဘဒ္ဒန္တသုနန္ဒ (နိုင်ငံတော်မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းဆရာတော်)
၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) အရှင်ပညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ) သီတဂူကြယ်တစ်ပွင့်ဆရာတော်၊
၂၂-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ဘဒ္ဒန္တအရှင်ကောမလ (ပါဠိပါရဂူ) ရွှေမဂ္ဂင်ကျောင်းဆရာတော်၊
၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) အရှင်ကေသရ(နယ်လှည့် သာသနာပြုဓမ္မကထိက)၊
၂၄-၆-၂၀၁၆ရက် (သောကြာနေ့) အရှင်သုမင်္ဂလ ဒယ်အိုးဆရာတော်(မော်ဘီ)၊
၂၅-၆-၂၀၁၆ရက် ဆိုင်းအဖွဲ့ဖြင့် ဧယင်ကျူးပူဇော်မည်။
၂၆-၆-၂၀၁၆ရက် စျာပနပွဲကြီး မွန်းတည့် ၁၂ နာရီတွင် ကျင်းပပူဇော်ပါမည်။

**စျာပနကျင်းပရေးကော်မတီ၊ မိုးကုတ်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးချမ်းသာ**
**အသက် (၈၃)နှစ်**

ဦးဝင်းအောင်-ဒေါက်တာ မိုးမြမြ (Dagon Group of Companies)တို့၏ဖခင် ဦးချမ်းသာသည် ၄-၆-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖွားတင် (ကျုံကဒတ်)**
**အသက်(၈၈)နှစ်**

(လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း) ဦးအောင်သန်းဦးနှင့် ဒေါ်သန်းသန်းအေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ဖွားတင် အသက်(၈၈) နှစ်သည် ၇-၆-၂၀၁၆ ရက်နေ့ နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် ဝန်ထမ်းများ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဝင်း**
**လက်ထောက်မန်နေဂျာ၊ မြန်မာ့မီးရထားရုံးချုပ်**
**ဒုတိယဥက္ကဋ္ဌဟောင်း၊ ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**
**အသက်(၇၃)နှစ်**

ပြင်ဦးလွင်မြို့၊ မြတ်လေးလမ်း၊ အမှတ်(၃၂)နေ၊ ဒေါ်နန်းမြသင်း၏ ခင်ပွန်း ဦးကျော်ဝင်းသည် ၂၄-၅-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ၎င်း၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊**
**စက်ရေတွင်း၊ရေကန်ဒါယိကာမကြီး**
**ဒေါ်နွဲ့နွဲ့ရီ (၆၃)နှစ်**
**BE(Civil) ၁၉၇၆-၁၉၇၇**
**အကြီးတန်းလိုင်စင်အင်ဂျင်နီယာ**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးထွန်းတင်-ဒေါ်ခင်မျိုးကြည်)တို့၏ သမီး၊ [ဦးခင်မောင်ဝင်း (အမှုဆောင်အင်ဂျင်နီယာ)]-ဒေါ်ခင်သန်းဦး၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)-ဒေါ်သန်းသန်းဝေတို့၏ညီမ၊ (ဗိုလ်ကြီး မင်းကြည်)-ဒေါ်နွဲ့နွဲ့အေး(အထက-၄၊ တာမွေ)၊ CAPT ခင်မောင်တင့်(ဝဏ္ဏ)-ဒေါက်တာဥမ္မာကျော်တို့၏ အစ်မသည် ၈-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အမှတ်(D-2)၊ အောင်ချမ်းသာ (၂)လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၆ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၈)ရပ်ကွက်၊ အောင်သုခ(၂)လမ်း၊ အမှတ်(၁၉၁)တွင် နေထိုင်သူ ဦးခင်ဇော်[၇/ပခန(နိုင်)၁၈၃၆၆၃]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၇၀၀/၂၀၁၆)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

KZH ကောင်း
စားသောက်ကုန်ပစ္စည်း

**မှတ်ပုံတင်စာချုပ်အမှတ်**
**(၄/၄၇၀၀/၂၀၁၆)**

အထက်ဖော်ပြပါ ကုန်အမှတ်အမည်အမှတ်အသားဖြင့် အဆင့်မြင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ အစားအသောက်နှင့် ပတ်သက်ဆက်နွှယ်သော ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်အတွင်း နာမည်ကောင်းသတင်းရရှိခဲ့ပြီး ဝယ်ယူအားပေးသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲ ပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ် ဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL.B,A.G.T.I(EP),D.B.L,D.M.L**
**WIPO(SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး**

**ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)**
**LL.B, WIPO(SWITZERLAND)**

**ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)**
**LL.B, WIPO(SWITZERLAND)**
**အထက်တန်းရှေ့နေများ**

**ဒေါ်ချယ်ရီလှိုင်**
**LL.B,WIPO(SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၅၁၈၄၀၄၂၊ ၀၉၇၃၁၁၅၁၀၅၊ ၀၉၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖွားတင် (ကျုံကဒတ်)**
**အသက်(၈၈)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-(ငြိမ်း) ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ဖွားတင် အသက် (၈၈) နှစ်သည် ၇-၆-၂၀၁၆ ရက်နေ့ နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်စိုး (ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)နှင့်**
**ဇနီး ဒေါ်နီနီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်ခင်ညွန့် (ငြိမ်း) (၇၈)နှစ်**
**အမြောက်နှင့်သံချပ်ကာ ယန္တရားတပ်ဖွဲ့၊ ညွှန်ကြားရေးမှူး(ငြိမ်း)**
**သံအမတ်ကြီး(ငြိမ်း)**

ရန်ကုန်မြို့နေ ဒေါ်မြမြဝေ၏ခင်ပွန်း၊ ဗိုလ်ချုပ်တင်အေး(ငြိမ်း)-ဒေါ်စိုးစိုးသစ်ညွန့်၊ ပါမောက္ခ ဒေါက်တာဦးထင်ဇော်စိုး-ဒေါ်ချိုချိုလဲ့ညွန့်တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၆-၂၀၁၆ ရက်နေ့ ည ၁၀း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်အောင်ဝင်း(ငြိမ်း)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်မှူးချုပ်ခင်ညွန့်(ငြိမ်း) (၇၈)နှစ်**
**အမြောက်နှင့်သံချပ်ကာယန္တရားတပ်ဖွဲ့**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း)**

ရန်ကုန်မြို့နေ ဒေါ်မြမြဝေ၏ခင်ပွန်း၊ ဗိုလ်ချုပ်တင်အေး(ငြိမ်း)-ဒေါ်စိုးစိုးသစ်ညွန့်၊ ပါမောက္ခ ဒေါက်တာထင်ဇော်စိုး-ဒေါ်ချိုချိုလဲ့ညွန့်တို့၏ ဖခင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၆-၂၀၁၆ (တနင်္လာနေ့) ည ၁၀း၂၅ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်စင်-ဒေါ်အေးအေးခိုင်**
**MD(MPE/MPPE)**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျင်တိတ်** အသက်(၈၅)နှစ်

**သူငယ်ချင်း ဒေါက်တာကြည်ထူး + ဒေါ်ဝင်းဝင်းမော်**
**တို့၏ ချစ်လှစွာသော ဖခင်သည် (၆.၆.၂၀၁၆) တွင်**
**ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ**
**ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။**

**Class Of 1987 IM(1) ဘွဲ့ရ သူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊**
**စက်ရေတွင်း၊ရေကန်ဒါယိကာမကြီး**
**ဒေါ်နွဲ့နွဲ့ရီ (၆၃)နှစ်**
**BE(Civil) ၁၉၇၆-၁၉၇၇**
**အကြီးတန်းလိုင်စင်အင်ဂျင်နီယာ**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးထွန်းတင်-ဒေါ်ခင်မျိုးကြည်)တို့၏ သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နေ (ဦးစိုးညွန့်)-ဒေါ်ခင်ဆွေတို့၏ သမီးချွေးမ၊ [ဗိုလ်မှူးကြီး သန်းမြင့်(ငြိမ်း) (သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန)]၏ ချစ်လှစွာသောဇနီး၊ ဒုတိယဗိုလ်မှူးကြီး ညီညီလတ်-ဒေါ်မေသန္တာမြင့်၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဆက်မြင့်-ဒေါ်ဆုမြတ်ကျော်ဇော၊ ဦးလွင်ချမ်းဘိုရီ-ဒေါက်တာ နှင်းဥမ္မာမြင့်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၈-၆-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အမှတ်(D-2)၊ အောင်ချမ်းသာ(၂)လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၆ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၆(အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးမြသွင် (၈၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်လှည်းတန်း ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)၊ အမှတ်(၃၃/ဗ)၊ ပထမထပ်နေ (ဒေါ်သန်းရီ)၏ ခင်ပွန်း၊ ဒေါ်သန်းကြွယ်၏ အစ်ကို၊ ဒေါ်ခင်စန်းမြင့်(အထက-၃၊ကမာရွတ်)၊ ဦးကျော်ဦး(ဒုတိယမြို့နယ်ပညာရေးမှူး၊ ဒေးဒရဲမြို့)-ဒေါ်ကြည်ကြည်ထွန်း၊ (ဦးအောင်ဝင်းနိုင်)-ဒေါ်ကြည်ကြည်ညွန့်၊ (ဦးအောင်လင်းနိုင်)-ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်စန်းစန်းလွင်တို့၏ မွေးသဖခင် ဦးမြသွင်သည် ၈-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောအထူးကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဖခင်အမည်မှန်**

အ.ထ.က-၂(အိုင်ဝိုင်း) ဒသမ တန်း(D) မှ စောမူးဟဲရှီး၏ ဖခင် အမည်မှန်မှာ ဦးစောဒီဂေါ [၁၄/ မမက (နိုင်) ၁၈၇၂၄၆] ဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**

၉-၄-၂၀၁၆ ရက်နေ့ ကြေးမုံ သတင်းစာ၊ စာမျက်နှာ (၂၉)တွင် မြေတာမျိုးတာစား M.L တာစား က-L ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သွေးသည် အသက်**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီမ ဒေါ်ကျော့ဇန်(ခ)ရှာဟာဇင် (၉၁)နှစ်**
**ခမောင်းဆိပ်ကျေးရွာ၊ မောင်တောမြို့နယ်**

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ခမောင်းဆိပ်ကျေးရွာနေ (ဟာဂျီဦးမောင်ရွှေ)၏ဇနီး၊ (ဟာဂျီ ဦးလှမောင်)၊ (ဟာဂျီဦးလှရွှေ)တို့၏ မရီး၊ (ဟာဂျီဦးဂူလာမ်ဆူဗန်)၊ (ဟာဂျီ ဦးနာဇိန်ဟူဆိန်)၊ (ဟာဂျီဦးရော်ရှီကာမောက်)တို့၏ အစ်မ၊ ဟာဂျီဦးဇော်ဝင်း-ဒေါ်ဖြူမချော၊ ဦးလှမြင့်-ဒေါ်နူရ်ဂျာန်၊ ဟာဂျီဦးဇော်မြင့်နိုင်-ဒေါ်ရိုရှောရ်၊ ဟာဂျီချစ်ကို-ဟာဂျီမဒေါ်ဟိုမိုင်းရာ၊ ဦးသန်းနိုင်-ဒေါ်ဆန်ဂျီဒါ၊ ဦးတင်ဝင်း-ဒေါ်ပေါ်ရိမ်န်၊ ဦးတင်မြင့်-ဒေါ်ရှုဘီယာ၊ ဟာဂျီဦးစိုးဝင်း(မြန်မာဟိန်းထက်ဆောက်လုပ်ရေး)-ဒေါ်ခင်ခင်ဌေး၊ မစန္ဒာဝင်း-ဦးကျော်ဝင်း၊ မောင်စိုးနိုင်-ဂျူဟာရာတို့၏မိခင်၊ မြေး ၄၂ ယောက်၊ မြစ် ၁၇ ယောက်တို့၏အဘွား၊ ဟာဂျီမဒေါ်ကျော့ဇန်(ခ)ရှာဟာဇင်သည် ၁-၆-၂၀၁၆ ရက် ညနေ ၅း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားပါ၍ ၂-၆-၂၀၁၆ရက်တွင် ခမောင်းဆိပ်ကျေးရွာ ကဘာရ်စတန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်အေးကြူ (ထောက်ကြန့်) (၇၈)နှစ်**
**မိုးကုတ်ယောဂီ၊ ဂူကြီးကုန်းကမ္မဋ္ဌာန်းကျောင်းတိုက်**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ လမ်းဆုံပိုင်းရပ်ကွက်နေ တိလောကာရုံစာသင်တိုက် ကျောင်းဒါယကာကြီး(ဦးညွန့်မောင်)-ဒါယိကာမကြီး(ဒေါ်သန်းခင်)တို့၏ သမီး၊ လမ်းဆုံပိုင်းနေ (ဦးအေးသောင်-ဒေါ်စောရှင်)တို့၏ညီမ၊ ဦးထွန်းမြင့်(A.T.E.Oမင်္ဂလာဒုံ-ငြိမ်း)-ဒေါ်ညွန့်ညွန့်စိန်("ဟိန်း" မိတ္တူ)တို့၏ အစ်မကြီး၊ (ကိုညွန့်ဝင်း)-မနှင်းနှင်းရွှေ၊ ကိုစိန်ဝင်း(M.T.M)-မခင်မေချို၊ ကိုဝင်းဇော်၊ ကိုညီညီအောင်-မတင်မာကြူ(M.D.Cမော်ဘီ)၊ ကိုကိုနိုင်-မမေကြူတင်၊ မညိုမီတင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ [ဦးတင်ရီ(ခ)ဦးတင့်ဝေ]၏ ဇနီး၊ တူ/တူမခုနစ်ယောက်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၅-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)၊ မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပြီး ကွယ်လွန်သူ၏ဆန္ဒအရ မင်္ဂလာဒုံတပ်မတော် ဆေးတက္ကသိုလ်သို့ လှူဒါန်းခဲ့ပြီး ၁၁-၆-၂၀၁၆ရက်(စနေနေ့)တွင် မိတ္တလမ်း၊ တိလောကာရုံရပ်ကွက်၊ ထောက်ကြန့်နေအိမ်၌ ဆွမ်းသွတ်တရားတော်နာယူမည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဖွားတင် (ကျုံကဒတ်)**
**အသက်(၈၈)နှစ်**

(လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး-ငြိမ်း) ဦးအောင်သန်းဦးနှင့် ဒေါ်သန်းသန်းအေးတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ဖွားတင် အသက် (၈၈)နှစ်သည် ၇-၆-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှထွန်း(ဒုတိယအင်ဂျင်နီယာချုပ်၊ ESE)နှင့်**
**ဒေါ်စိုးစိုးတင် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းလွင်(ပြည်) (၈၈)နှစ်**
**အင်ဂျင်နီယာမှူးကြီး(ငြိမ်း)**

သူငယ်ချင်း [အလုပ်သင်ဗိုလ် မြင့်လွင်(ပြည်)]၏ဖခင် ဦးသိန်းလွင်(ပြည်) အသက် (၈၈)နှစ်သည် ၃-၆-၂၀၁၆ ရက်နေ့ ည ၁၁း၂၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၉)မှ သူငယ်ချင်းများ နှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြသန်း (သထုံ၊ မော်လမြိုင်)**
**အသက် (၈၇) နှစ်**

သူငယ်ချင်း ဒေါက်တာသန်းနိုင်-ဒေါက်တာဝေဝေလွင်ဦးတို့၏မိခင် ဒေါ်မြသန်းသည် ၄-၆-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငယ်သူငယ်ချင်းများ**
**မြို့မကျောင်းသားဟောင်းများ (၁၉၇၃ ခုနှစ်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးညွန့်မောင်(ကောလင်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ ဦးလှထွန်းဦး (85 Civil)၏ ဖခင် ဦးညွန့်မောင်သည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ကောလင်းမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**85 Civil မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မြဝတီဘဏ်လီမိတက်(ရန်ကုန်)မှ ငွေကြေးအကူ မောင်ပြည့်ဇာနည် အသက် (၃၂)နှစ်သည် ၇-၆-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**



# မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်မည့် နိုင်ငံတကာပြိုင်ပွဲများ

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း အာဆီယံအဆင့် နိုင်ငံတကာပြိုင်ပွဲသုံးခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး လက်ရွေးစင်အဆင့် အဆင့်မြင့်ဆုံး ပြိုင်ပွဲနှစ်ခုဖြစ်သည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲနှင့် အာဆီယံအမျိုးသမီးပြိုင်ပွဲတို့ ပါဝင်လျက်ရှိသည်။ ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်းများမှာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ရမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး အောင်မြင်မှုရရှိရန် ဆက်လက်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းမှာ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုများ ခေတ္တရပ်နားထားပြီး ပြည်တွင်းလိဂ်ပြိုင်ပွဲပြီးဆုံးမှသာ စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဩဂုတ်လနောက်ဆုံးပတ်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားပြီး လိဂ်ပြိုင်ပွဲကြားရက်များတွင် လေ့ကျင့်ရန် ကလပ်အသင်းများနှင့်

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ✱

# တောင်ကျချောင်းရေကျဆင်းမှုကြောင့် ကောလင်းမြို့ ရေလွှမ်းမိုးမှုဖြစ်ပွား

**ကောလင်း ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဇွန် ၉ ရက် နံနက်ပိုင်းက ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး မြို့ပေါ်ရပ်ကွက်အားလုံးနီးပါး ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ယမန်နေ့က ဝန်းသိုမြို့တွင် မိုးရေချိန် လက်မ ၁၀ ဒသမ ၃၅ လက်မ ရွာသွန်းခဲ့ပြီး ကောလင်းမြို့တွင် မိုးရေချိန်လက်မ ၃ ဒသမ ၅၂ လက်မ ရွာသွန်းခဲ့ကာ ယနေ့ နံနက်ပိုင်း ၄ နာရီခန့်မှစ၍ ကောလင်းမြို့အတွင်း ရေများဝင်ရောက်လာခဲ့ပြီး နံနက် ၆ နာရီတွင် ကျော်ဇေယျ၊ မြောက်အင်း၊ စက်ရုံလယ်ပြင်၊ ဈေးရုံ ဗိုလ်တဲ၊ မြို့ကုန်းမြို့မရပ်ကွက်များရှိ အိမ်များ၊ ကျောင်းများ၊ ဆေးရုံနှင့် ရဲစခန်းဝင်းအတွင်းသို့ပါ ရေများ ဝင်ရောက်ခဲ့ကာ အချို့နေရာများတွင် အမြင့်ဆုံး ၁၀ ပေခန့်ထိ ရေများ နစ်မြုပ်ခဲ့သည်။

ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ ကောလင်းမြို့ စက်ရုံလယ်ပြင်ရပ်ကွက်မှ ဒေသခံတစ်ဦးဖြစ်သူ ဦးကျော်ဘုန်းလှိုင်က "ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအနေနဲ့ကတော့ ပိုင်ရှင်မဲ့

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ■



မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကောလင်းမြို့ပေါ်တွင် ရေလွှမ်းမိုးမှုဖြစ်ပွားစဉ်။

